# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉









Myanmar Ministry of Commerce

International Trade Centre

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉


Myanmar Ministry of Commerce

International Trade Centre

မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တရားဝင်အသိအမှတ်ပြု မဟာဗျူဟာစာတမ်းတစ်ခုဖြစ်သည်။အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်ပတ်သက်၍စုံစမ်းမေးမြန်း လိုလျှင်အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရုံးအမှတ် ၃၊ ဇေယျဌာနီလမ်း

နေပြည်တော်

တယ်လီဖုန်း +၉၅ ၆၇ ၄၀၈၄၉၅

ဖက်စ် +၉၅ ၆၇ ၄၀၈၄၂၄

အီးမေးလ nesmyanmar@gmail.com

ဤမဟာဗျူဟာအား တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပုံစံတစ်မျိုးမျိုးဖြင့် သို့မဟုတ် နည်းလမ်းတစ်ခုခု ဖြင့်ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်ဆင့် ပေးပို့လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခွင့်မရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)၏ လုပ်ငန်းစဉ်၊နည်းလမ်းနှင့် နည်းပညာဆိုင်ရာ အကူအညီများအပေါ်တွင်အခြေခံ၍ပြုစုဖော်ထုတ်ထားခြင်းဖြစ်သည်။ ဤစာအုပ်တွင်ပါဝင်သောအမြင်အာဘော်များသည် (ITC) ၏တရားဝင်အယူအဆသုံးသပ်ချက်များကိုထင်ဟပ်ဖော်ပြထားခြင်းမရှိပါ။ဤစာတမ်းအား(ITC)မှတရားဝင်တည်းဖြတ်ပြင်ဆင်ထားခြင်းမဟုတ်ပါ။

အဆင်အပြင် - Jesus Ales-www.sputnix.es

ဓာတ်ပုံများ - ©ITC

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန(ITC)သည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းနှင့်ကုလသမဂ္ဂတို့၏ ပူးတွဲ

အေဂျင်စီဖြစ်သည်။

လိပ်စာ - ITC 54-56, rue de Montbrillant ၁၂၀၂ ဂျီနီဗာ၊ ဆွစ်ဇာလန်

စာတိုက်သေတ္တာ- ITC Palais des Nations ၁၂၁၁ ဂျီနီဗာ ၁၀၊ ဆွစ်ဇာလန်

တယ်လီဖုန်း - +၄၁-၂၂၇၃၀ ၀၁၁၁

ဖက်စ် - +၄၁-၂၂ ၇၃၃ ၄၄၃၉

အီးမေးလ် - itcreg@intracen.org

အင်တာနက် - http://www.intracen.org

## အသိအမှတ်ပြုဖော်ပြချက်

အောက်ပါအထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ဆိုင်ရာ မဟာဗျူဟာပုံစံများသည် မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy –NES)တွင်အရေးပါသောအခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဖွဲ့စည်း ထားသည်။ NES သည်မြန်မာနိုင်ငံအစိုးရ၏ပံ့ပိုးမှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ဂျာမန် ပြည်ထောင်စု အစိုးရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ၏ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း (GIZ) နှင့်ပူးပေါင်း၍ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့်နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre-ITC) တို့၏ နည်းပညာဆိုင်ရာ အကူအညီများဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းညှိနှိုင်းပံ့ပိုးပေးမှု

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးချုပ် (NES ဦးဆောင်သူ) ဒေါက်တာမောင်အောင်၊စီးပွားရေးပညာရှင်

ဒေါ်နော်မူတာကပေါ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

ဒေါ်သီတာဝင်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး

ဒေါ်မြမြစိန်၊ ဒုတိယညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန

ဒေါ်ရွှေစင်ကို၊ လက်ထောက်ညွှန်ကြားရေးမှူး၊

အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍလုပ်ငန်းအဖွဲ့ တာဝန်ခံညှိနှိုင်းရေးမှူး

ဒေါ်ခိုင်ခိုင်နွယ်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)

Mr. Carlos Roberto Griffin ၊နိုင်ငံတကာအကြံပေးနှင့် စာရေးသူ

Mr. DariusKurek ၊အကြီးတန်းအရာရှိ၊ ပို့ကုန်မဟာဗျူဟာ

Mr. Charles Roberge၊ တွဲဘက်အကြံပေး၊ ပို့ကုန်မဟာဗျူဟာ

Ms. Karla Solis ၊ အငယ်တန်းအကြံပေး

Ms. Marnie McDonald ၊အယ်ဒီတာ

### ပါဝင်ဆောင်ရွက်ခဲ့ကြသော မဟာဗျူဟာအဖွဲ့ဝင်များ

ဦးသန်းအောင်ကျော်၊ ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဦးခင်မောင်သန်း၊ ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန

ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန

ဦးမြင့်ချို၊ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်စန္ဒာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်သမားဦးစီးဌာန

ဒေါ်ဝင်းဝင်းလှဲ့၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန

ဒေါ်အေးအေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန

ဦးတင်စိုးလှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန

ဦးဆန်းမြင့်၊ ဦးစီးအရာရှိ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်ခိုင်ခိုင်နွယ်၊ တာဝန်ခံညှိနှိုင်းရေးမှူး၊ Best Industrial Co.,Ltd

ဒေါ်တင်တင်ဆွေ၊Executive Secretary, Panda Textile

ဒေါ်တင်ဇာလှဲ့၊ စာရင်းကိုင်၊Myanmar Citizens Bank

ဒေါက်တာအောင်ဝင်း၊Vice-Chairman, Myanmar Garment Manufacturer Association

ဒေါက်တာခင်မိုးအေး၊Managing Director, Lat War Co.,Ltd

Juliet, Export Consultant, Hinrich Foundation

Mr. Kazuto Yamazaki, Deputy Managing Director, Famoso Clothing

ဦးအောင်မင်း၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

ဒေါ်မြင့်မြင့်ခိုင်၊ မန်နေဂျာ၊ Shinsung Tong Sang Co.,Ltd

Mr. Kwcon, Director, Shinsung Tong Sang Co.,Ltd

ဒေါ်အေးအေးဟန်၊ Executive Committee,Myanmar Garment Manufacturers Association

ဒေါ်ရင်ရင်ငွေး၊ Managing Director, Success Creator Co.,Ltd

ဦးစိုင်းမောင်၊Managing Director, Oslo Garment

ဒေါ်ခိုင်စံပယ်စော၊ Consultant, JICA/TTI

## မာတိကာ


| | |
|---|---|
| လုပ်ငန်းစဉ်အကျဉ်းချုပ် | ၉ |
| နိဒါန်း | ၁၅ |
| ယခု ကျွန်ုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း | ၁၇ |
| -လက်ရှိအခြေအနေ | ၁၇ |
| -ထုတ်လုပ်မှု | ၁၉ |
| - တန်ဖိုးကွင်းဆက်ဆိုင်ရာဆောင်ရွက်မှုများ | ၂၁ |
| - သွင်းကုန်လုပ်ငန်းများ | ၂၄ |
| - ကမ္ဘာလုံးဆိုင်ရာအမြင် | ၂၅ |
| - ပို့ကုန်ဆောင်ရွက်ချက် | ၂၆ |
| - အဖွဲ့အစည်းဆိုင်ရာအမြင်၊ အယူအဆများ | ၃၄ |
| - ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကနဦးစတင်လုပ်ဆောင်မှုများ | ၃၇ |
| - ဥပဒေရေးရာနှင့် တရားဝင်မူဘောင် | ၃၈ |
| - ပို့ကုန်ဆိုင်ရာယှဉ်ပြိုင်နိုင်မှု ကိစ္စရပ်များ | ၃၉ |
| ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားလိုပါသနည်း | ၄၈ |
| - မျော်မှန်းချက် | ၄၈ |
| - ဈေးကွက်ခွဲခြားသတ်မှတ်မှုများ | ၅၀ |
| - တန်ဖိုးကွင်းဆက်ဖွဲ့စည်းဆောင်ရွက်ပုံတိုးတက်ပြောင်းလဲလာမှု | ၅၅ |
| - တန်ဖိုးကွင်းဆက်သစ်များရရှိလာရန် ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍ | ၅၇ |
| ပန်းတိုင်သို့မည်သို့ ရောက်အောင်သွားမည်နည်း | ၆၁ |
| - မဟာဗျူဟာဆိုင်ရာဦးတည်ချက်များ | ၆၁ |
| - အတူတကွပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏ အရေးပါပုံ | ၆၃ |
| အသေးစိတ်လုပ်ငန်းစီမံချက် | ၆၄ |
| စာစုစာရင်း | ၈၂ |

## ပုံများစာရင်း

ပုံ- ၁ကမ္ဘာလုံးဆိုင်ရာ ချည်မျှင်ထုတ်လုပ်မှုအခြေအနေ

ပုံ- ၂ရန်ကုန်မြို့အထည်ချုပ်လုပ်ငန်းနယ်ပယ်ရှိ မြန်မာ့အထည်အလိပ်စက်ရုံများ၏ အကွာအဝေးပြမြေပုံ

ပုံ- ၃ အထည်ချုပ်ကဏ္ဍ လက်ရှိတန်ဘိုးကွင်းဆက်အခြေအနေ

ပုံ- ၄ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ကုန်သွယ်မှုအခြေအနေ (၂၀၀၁-၂၀၁၂)

ပုံ- ၅ မြန်မာ့အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၏ ပို့ကုန်တိုးတက်မှု (၂၀၀၂-၂၀၁၂)

ပုံ- ၆ မြန်မာ့အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၏ ပို့ကုန်ဆက်ဆံရေးသက်တမ်းရည်ကြာမှု (၂၀၀၂-၂၀၁၂)

ပုံ- ၇ မြန်မာနိုင်ငံ၏ လက်ရှိဈေးကွက်ပြိုင်ဘက်များ

ပုံ- ၈ မြန်မာနိုင်ငံ၏ အလားအလာရှိသော ဈေးကွက်ပြိုင်ဘက်များ

ပုံ- ၉ အထည်ချုပ်ကဏ္ဍ အနာဂါတ်တန်ဘိုးကွင်းဆက်

**ဇယားများ**

ဇယား-၁ မြန်မာနိုင်ငံအတွင်း အစိုးရလုပ်ငန်းနှင့်ပုဂ္ဂလိက လုပ်ငန်းများမှဝါဂွမ်းနှင့် အထည်အလိပ်ထုတ်လုပ်မှု

ဇယား-၂ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအထည်အလိပ်နှင့် အဝတ်အထည်ထိပ်တန်း အမျိုးအစား(၂၀) ၏ တင်သွင်းမှုတန်ဖိုးများ(အမေရိကန်ဒေါ်လာသန်း)

ဇယား-၃ ထိပ်တန်းကမ္ဘာ့အထည်အလိပ်နှင့်အဝတ်အထည်ဈေးကွက် (၂၅)ခု

ဇယား-၄ ထိပ်တန်း အထည်အလိပ်နှင့်အဝတ်အထည်တင်ပို့ သည့်နိုင်ငံပေါင်း(၂၀)စာရင်း

ဇယား-၅ ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံ၏ အဝတ်အထည်နှင့်အထည်အလိပ်တင်ပို့မှု

ဇယား-၆ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အဝတ်အထည်တင်ပို့မှု

ဇယား-၇ ၂၀၁၂ ခုနှစ် အထည်အလိပ်နှင့်ချုပ်ထည်အတွက် မြန်မာနိုင်ငံ၏ အကြီးဆုံး ပို့ကုန်ဈေးကွက်များ

ဇယား-၈ မြန်မာအထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍအတွက် ပေါ်လစီအထောက်အကူပြုကွန်ရက်

ဇယား-၉ မြန်မာအထည်အလိပ်နှင့် အထည်ချုပ်ကဏ္ဍအတွက် ကုန်သွယ်ရေးဝန်ဆောင်မှုများကွန်ရက်

ဇယား-၁၀ မြန်မာအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် စီးပွားရေးဝန်ဆောင်မှုများကွန်ရက်

ဇယား-၁၁ မြန်မာ့အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍအတွက်အရပ်ဖက်အဖွဲ့အစည်းကဏ္ဍ

ဇယား-၁၂ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအထောက်အကူပြုအဖွဲ့များ၏ ဆက်နွယ်သည့် လွှမ်းမိုးမှုနှင့် အထောက်အကူပြုစွမ်းဆောင်ရည်

ဇယား-၁၃ ရှေ့လာမည့် (၅)နှစ်အတွင်း ကြီးထွားလာရန်မျှော်မှန်းသည့် ဇာထိုးအဝတ်အထည်များ

ဇယား-၁၄ FDI နှင့် ဖြစ်နိုင်ချေအရင်းအမြစ်များကလိုအပ်သည့် တန်ဖိုးကွင်းဆက်အစိတ်အပိုင်းများ

ဇယား-၁၅ မြန်မာနိုင်ငံ၏ ရှိပြီးနှင့် အလားအလာရှိသည့် ဈေးကွက်များရှိထိပ်တန်းပြိုင်ဆိုင်သူများ၏ ဆောင်ရွက်ချက်၊ (HS – 62) ဇာထိုးပန်းထိုးပြုလုပ်မထားသည့်အဝတ်အထည်များနှင့် ဆက်စပ်ပစ္စည်းများ

ဇယား-၁၆ မြန်မာနိုင်ငံ၏ လက်ရှိနှင့် အလားအလာရှိသည့် အဓိကဈေးကွက်များတွင် ကြုံရသည့်စုစုပေါင်း တန်ဖိုးအလိုက်နှင့် ညီမျှသည့် အကောက်ခွန်နှုန်း

## ပုံစံများ

ပုံစံ-၁ လေ့လာပုံနည်းစနစ်ဆိုင်ရာ မှတ်စု

ပုံစံ-၂ မြန်မာနိုင်ငံ၏ အထည်အလိပ်တင်ပို့မှုထက် အဝတ်အထည်တင်ပို့မှုအပေါ် ဦးတည်မှုအတွက် ကျိုးကြောင်းဆင်ခြင်သုံးသပ်ချက်

ပုံစံ-၃ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ကုန်ထုတ်လုပ်ရောင်းချမှုဘက်ဆိုင်ရာ ကိစ္စရပ်များကို ခြုံငုံသုံးသပ်ခြင်း

ပုံစံ-၄ မြန်မာအထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍအတွက် စီးပွားရေးပတ်ဝန်းကျင်ကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း

ပုံစံ-၅ မြန်မာနိုင်ငံနေ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း

ပုံစံ-၆ မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း

ပုံစံ-၇ မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတွင် ဖွဲ့စည်းမှုဆိုင်ရာ အပြောင်းအလဲများကိုခြုံငုံသုံးသပ်ခြင်း

# လုပ်ငန်းစဉ်အကျဉ်းချုပ်

## လက်ရှိအနေအထား

မြန်မာနိုင်ငံ၏အဝတ်အထည်ထုတ်လုပ်မှုအခန်းကဏ္ဍသည် နိုင်ငံ၏လျင်မြန်စွာတိုးတက်မှုအရှိဆုံးအခန်း ကဏ္ဍများတွင် တစ်ခုအဖြစ်ပါဝင်နေပြီး အနာဂတ်ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍအတွက်လည်း ကောင်းစွာဦးဆောင် နိုင်မည့် ကဏ္ဍတစ်ခုအဖြစ် မျှော်လင့်မှန်းဆထားပါသည်။ အဝတ်အထည်ထုတ်လုပ်မှုတွင် ကမ္ဘာကိုလွှမ်းမိုးထားသော တရုတ်နိုင်ငံတွင်လုပ်အားခများ မြင့်တက်လာခြင်းကြောင့် တရုတ်နိုင်ငံအခြေစိုက်ထုတ်လုပ်သူများက ဒေသတွင်း အခြားနိုင်ငံများသို့ ပြောင်းရွှေ့လာကြသည်။ တစ်ချိန်တည်းမှာပင်မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအရ အရေးပါသော ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတကာပိတ်ဆို့မှု များကိုလျော့ကျစေသည့်အလားအလာတွင်ရှိပါသည်။ထိုအချက်များကြောင့် ကမ္ဘာ့အထည်ချုပ်လုပ်ငန်းရှင်များသည် ကျွမ်းကျင်မှု နည်းပါးသော်လည်း လုပ်အားခနှုန်းထားများပိုမိုသက်သာသည့် ၂၉ သန်းခန့်သောအလုပ်သမားအများစုရှိရာမြန်မာနိုင်ငံသို့ လာရောက်လုပ်ဆောင်ရန်စတင်ရောက်ရှိလာကြသည်။ပို့ကုန်ကဏ္ဍတွင် ၂၀၁၀ ခုနှစ်၌အမေရိကန်ဒေါ်လာ၃၄၉သန်းမှ ၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ၉၁၂သန်းသို့ သုံးဆခန့်ပိုမိုတိုးတက်လာခဲ့သည်ကိုကြည့်ခြင်းဖြင့် လျင်မြန်စွာတိုးတက်လျက်ရှိ သည့်ထုတ်လုပ်မှုအင်အားကိုတွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(Myanmar Garment Manufacturers Association-MGMA) မှလည်း လက်ရှိတိုးတက်မှုနှုန်းအတိုင်း ကြားကာလတစ်ခုကို ဖြတ်သန်းပြီး လုပ်ငန်းရှင်များ အရေအတွက် များပြားစွာတစ်ဟုန်ထိုးတိုးတက်လာမည့်အခြေအနေသို့ဦးတည်ကြိုးပမ်းလျက်ရှိသည်။မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) အနေဖြင့် ဤကဏ္ဍအတွက်၂၀၁၃ခုနှစ်၊စက်တင်ဘာလအစောပိုင်းတွင် လုပ်ငန်းအဖွဲ့ပေါင်း၂၈၀နှင့် ဖွဲ့စည်းထားရာမှ ဝယ်လိုအားကို ပြည့်မီစေရန် ၂၀၁၅ခုနှစ်တွင်လုပ်ငန်းအရေအတွက် ၈၀၀ ကျော်သို့ရောက်ရှိရန် လိုအပ်သည်ဟုယုံကြည်ပါသည်။ကုန်ထုတ်လုပ်မှုတစ်ဟုန်ထိုးမြင့်တက်လာစေရန် အောက်ပါ အချက်များလိုအပ်ပါသည်-

- သတ်မှတ်ထားသောစက်မှုဇုန်များဖန်တီးပေးခြင်း၊အလုပ်သမားဥပဒေပြဋ္ဌာန်းခြင်း၊ လိုအပ်သောအဆောက် အအုံများဖန်တီးပေးခြင်း၊ အရည်အသွေးမြှင့်တင်ပေးခြင်းတို့နှင့်ပို့ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသောသွင်း ကုန်၊ကုန်ကြမ်းများအား အခွန်ကင်းလွတ်ခွင့်စသောအဝတ်အထည်ထုတ်လုပ်မှုအခန်းကဏ္ဍတိုးတက်မှု အတွက်ထောက်ပံ့ပေးနိုင်သည့် မူဝါဒများချမှတ်ပေးခြင်း။
- စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအား ပို့ကုန်လုပ်ငန်းများနှင့်၎င်း၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာများအတွက် ငွေကြေးအထောက်အပံ့များရရှိစေခြင်း။
- အလုံးစုံနိုင်ငံခြားသားပိုင်သည့်လုပ်ငန်းများ(Wholly Foreign-Owned Enterprises-WFOEs)တွင်ဖြစ်စေ အတူတကွ စပ်တူလုပ်ငန်းများတွင်ဖြစ်စေ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(Foreign Direct Investment-FDI)များ တိုးပွားလာစေခြင်း။
- အလုပ်သမားအများအပြားရရှိရန် သိမ်းသွင်းဆောင်ရွက်ခြင်း။
- အရည်အချင်းရှိ လုပ်သားများအား ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်း။
- ပုဂ္ဂလိကအခန်းကဏ္ဍများ ပိုမိုကြီးမားစွာ ပါဝင်လာနိုင်စေခြင်းတို့ဖြစ်သည်။

လက်ရှိအချိန်တွင်ဤအခန်းကဏ္ဍ၏ တိုးတက်ဖွံ့ဖြိုးမှုအားလုံးနီးပါးသည် နိုင်ငံခြားသားပိုင်ပုဂ္ဂလိကစက်ရုံ များမှဖြစ်ပြီး တောင်ကိုရီးယားသမ္မတနိုင်ငံလုပ်ငန်းအုပ်စုများမှာ အရေအတွက်အများဆုံးဖြစ်သည်။ အခြားအရေးပါ သောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)အရင်းအမြစ်များတွင် တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊တရုတ်တိုင်ပေ နှင့်ဂျပန်တို့ပါဝင်သည်။MGMA၏ ရည်မှန်းထားသောတိုးတက်မှုနှုန်းကိုအကောင် အထည်ဖော်မည်ဆိုလျှင်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကဏ္ဍ၏တိုးတက်မှုအတွက် ကြီးမားသော အခန်း တစ်ရပ်အဖြစ်ပါဝင်ရန်ရှိပေသည်။

ရန်ကုန်မြို့တွင်းစက်ရုံများတွင် ဒေသတွင်းဈေးကွက်အတွက်ထုတ်လုပ်မှုအပိုင်းနှင့် နိုင်ငံခြားဝယ်ယူသူ များအတွက် ဖြတ်ညှပ်ကပ်ထုတ်လုပမှုပုံစံ(Cut-Make-Pack-CMP)ဟုခေါ်သောထုတ်လုပ်မှုအပိုင်းများပါဝင် သည်။ဖြတ်ညှပ်ကပ် ထုတ်လုပ်မှုပုံစံ (CMP)အပိုင်းတွင်နိုင်ငံခြားဝယ်ယူသူများမှ မြန်မာနိုင်ငံလုပ်ငန်းအုပ်စုများအား အဝတ်အထည်များ ထုတ်လုပ်ရန်အတွက် ဖြတ်ညှပ် တပ်ဆင်နိုင်မည့် သွင်းကုန်ကုန်ကြမ်းကို ထောက်ပံ့ပေးသည်။

တန်ဘိုးမြင့်ပို့ကုန်များထုတ်လုပ်တင်ပို့နိုင်သည့်ပုံစံ(Free on Board-FOB)ရှိအထည်ထုတ်လုပ်မှုအပိုင်းတွင် ထုတ်လုပ်သူများမှ ကုန်ကြမ်းများကိုယ်တိုင်ဝယ်ယူပြီးတစ်ချို့မှာ ကိုယ်တိုင်အဝတ်အထည်ပုံစံဒီဇိုင်းများ ပြုလုပ် ကြပြီးထိုသို့ပြုလုပ်ခြင်းသည် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှုပုံစံ(CMP) အပိုင်းထက် တန်ဖိုးအရည်အသွေးများဆက်လက် ထိန်းသိမ်းထားနိုင်ခြင်းရှိသည့်အပြင် တန်ဖိုးပိုမိုမြင့်တက်လာစေရန်အခွင့်အရေးပိုမိုရရှိနိုင်သည်။အလားတူပင်အခြား နိုင်ငံများတွင်လည်း ဤအဆင့်သည် ယေဘုယျအားဖြင့်အဝတ်အထည်လုပ်ငန်းတိုးတက်ပြောင်းလဲမှုကဏ္ဍ၏ ခြေလှမ်းနောက်တစ်ဆင့်ဖြစ်သည်။ ဤအပြောင်းအလဲကို ဖြစ်ပေါ်နိုင်မည့်ကုန်ထုတ်မှုစွမ်းအားများနှင့်စီးပွားရေး နယ်ပယ်ဖော်ဆောင်ခြင်းများကိုလည်း မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍ၏ မဟာဗျူဟာများက အဓိကအာရုံစိုက် လုပ်ဆောင်လျက်ရှိသည်။

အထည်အလိပ်လုပ်ငန်းပိုင်းတွင် ၂၀၁၂ခုနှစ်၌ဒေသတွင်းထုတ်လုပ်မှုမှ ဒေသတွင်းဝယ်လိုအား၆ရာခိုင်နှုန်း ခန့်ကိုသာ ရောက်ရှိခဲ့သည်။ အထည်အလိပ်လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူများအတွက် မျှော်လင့်ချက်တစ်ခုမှာ အထည်အလိပ်ထုတ်လုပ်မှု လုပ်ငန်းသည် အဝတ်အထည်ထုတ်လုပ်မှုလုပ်ငနးတိုးတက်ဖွံ့ဖြိုးလာသည်ကိုလိုက်၍ တိုးတက်နိုင်မည့်အနေအထားတွင်ရှိကောင်းရှိနိုင်သည်။အထည်အလိပ်လုပ်ငန်းသည် ယေဘုယျအားဖြင့် အမြတ် အစွန်းနည်းပြီးစက်ရုံဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေနိုင်သည်။ မြန်မာ့အထည်အလိပ်စက်ရုံများသည် ပထဝီအနေအထားအရပြန့်ကျဲနေပြီးရန်ကုန်မြို့ထဲတွင်အများဆုံးတည်ရှိနေသော အဝတ်အထည်စက်ရုံအများစုကို အထောက်အပံ့ဖြစ်ရန်မလွယ်ကူပါ။သို့သော်လည်းလုံချည်နှင့်အခြားသောသက်ဆိုင်ရာ ဒေသတွင်းဈေးကွက်အတွက်အဝတ် အထည်များထုတ်လုပ်မှုတွင်ထောက်ပံ့ပေးနိုင်သည်။ ထို့ကြောင့် အထည်အလိပ်လုပ်ငန်းအား အထည်ချုပ်လုပ်ငန်း ၏တန်ဖိုးကွင်းဆက် (Value Chain)တစ်ခုအဖြစ်တိုးမြင့်ဆောင်ရွက်ရန်မဟာဗျူဟာမှထောက်ခံထားပြီးအဓိက အားဖြင့်အဝတ်အထည်တင်ပို့မှုတိုးတက်မြင့်မားလာရေးဦးတည်သည့် ပို့ကုန်ဗျူဟာတစ်ရပ်လည်းဖြစ်သည်။ဤဆောင်ရွက်မှုအတွက် နောက်ကွယ်မှ သဘောတရား ပိုင်းဆိုင်ရာ ဆွေးနွေးချက်များပါဝင်သည်။ပုံစံ ၂ ကိုကြည့်ပါ။

## ပို့ကုန်ဆောင်ရွက်ချက်

၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံသည် အဝတ်အထည်တင်ပို့မှုအပိုင်းတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၀၀ကျော်တင်ပို့ခဲ့ပြီး အထည်အလိပ်တင်ပို့မှုအပိုင်းတွင်ဒေါ်လာသန်းပေါင်း ၂.၄ သန်းသာတင်ပိုနိုင်ခဲ့သည်။ တင်ပို့ခဲ့သောအဝတ်အထည်များတွင် ၇%သာ သိုးမွှေး သို့မဟုတ် ချည်ထိုး(HS-61)များဖြစ်ပြီး ၉၃% သည် ချည်ထိုးမဟုတ်သော(HS-62)များဖြစ်သည်။ ပို့ကုန်၏ ၉၆.၄% သည်လူလုပ်ချည်မျှင်များဖြင့် ပြုလုပ်ထားပြီး ၂.၄%သည် ချည်သားအစစ် (cotton)များဖြစ်ကာ ၁.၂ရာခိုင်နှုန်းသည် ပိုးနှင့် သိုးမွှေးကဲ့သို့သော အခြား အထည်အလိပ်များဖြင့် ပြုလုပ်ထားသော အဝတ်အထည်များဖြစ်သည်။ HSအဆင့် ဂဏန်း၆လုံး(6- digit HS Level) တွင် မြန်မာနိုင်ငံမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀သန်းခန့်နှင့် အထက်တန်ဘိုးရှိ အထည်အမျိုးအစား ၂၀ ခန့်သာတင်ပို့ခဲ့ပြီး အားလုံးသည် သိုးမွှေး သို့မဟုတ် ချည်ထိုးထည်များ မဟုတ်ပေ။

အဝတ်အထည်ပို့ကုန်သည် ယခုအခါ တန်ဖိုးအရ နိုင်ငံ၏လေးခုမြောက်အရေးကြီးဆုံးအပိုင်း ဖြစ်သည်။ သိုသော်လည်း အခန်းကဏ္ဍ၏တိုးတက်မှုသည်အလွန်နိမ့်သောအမှတ်မှစတင်ခဲ့ပြီး မြန်မာနိုင်ငံသည်ဈေးကွကများအားလုံး၌ ဈေးကွက်ဝေစုပမာဏသည် တစ်ရာခိုင်နှုန်းအောက်သာရှိပြီးဈေးကွက်၏အခြား ၁၅ ရာခိုင်နှုန်းရရှိမှုမှာလည်း ဂျော်ဂျီယာနိုင်ငံ၏ ထုတ်ကုန်များပါဝင်မှုကြောင့်သာဖြစ်သည်။ ကမ္ဘာ့အကြီးမားဆုံးဈေးကွက်များ၏ နှစ်စဉ်သွင်းကုနများမှာ ဒေါ်လာဘီလီယံပေါင်းများစွာရှိပြီး မြနမာနိုင်ငံ၏အဓိကဈေးကွက် များသို့ပို့ကုန်တန်ဘိုး သည် ဒေါ်လာသန်းပေါင်းနှင့်သာတိုင်းတာရရှိသည်။

## အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနည်းလမ်းများ

မြန်မာနိုင်ငံ၏ ပို့ကုန်များသည် တရုတ်နိုင်ငံ ပို့ကုန်၏ ၁.၅%ခန့်ရှိနေသောကြောင့် တရုတ်နိုင်ငံ စီးပွားရေးမှ ၁%ခန့် ပိုမိုရရှိခဲ့လျှင် မြန်မာနိုင်ငံပို့ကုန်သည် နှစ်ဆခန့်ပိုမို များပြားလာနိုင်သည်။ မြန်မာနိုင်ငံ၏ ပို့ကုန်လမ်းကြောင်းသည် နောင်နှစ်ပေါင်း အနည်းငယ်အတွင်းမှာပင် လက်ရှိပို့ကုန်အမျိုးအစားနှင့် ကွာခြားချက်နည်းသော ပို့ကုန်အော်ဒါများအလုံးအရင်းလိုက်မှာယူမှု အင်အားများပြားလာစေရန်ဦးတည်လျက်ရှိသည်။ အချိန်နှင့်အမျှထုတ်လုပ်မှု စွမ်းရည်မြင့်မားလာခြင်းနှင့်ဈေးကွက်အတွေ့အကြုံများတိုးတက်လာခြင်းမှ တစ်ဆင့်လျှင်မြန်စွာ ကြီးထွားလာနိုင်သောအချို့သော မြန်မာလုပ်ငန်းအုပ်စုများအတွက်ကုန်အမှတ်တံဆိပ်ဆိုင်ရာအရည်အသွေးတိုးတက်စေမှု၊ တိုက်ရိုက်ဖြန့်ဖြူးရေးလမ်းကြောင်းများထပ်မံရှာဖွေနိုင်ခြင်းစသည့် ပိုမိုကောင်းမွန်သော တန်ဖိုးမြှင့်တင်ခြင်းဆိုင်ရာပုံစံများ၊ ပိုမိုအမြတ်အစွန်းရရှိနိုင်ခြေများတွင် လွယ်ကူစာအာရုံစိုက်လာနိုင်မည်ဖြစ်သည်။ အဝတ်အထည်ထုတ်လုပ်မှုကဏ္ဍနှင့် ပို့ကုန်တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုများတွင်ဦးဆောင်လမ်းညွှန်ရန်အတွက် အောက်ပါမျှော်မှန်းချက်ကို ချမှတ်ထားပါသည်-

### 'အထည်အလိပ်နှင့်အဝတ်အထည်အခန်းကဏ္ဍတွင်သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ စဉ်ဆက်မပြတ်ပို့ကုန်စနစ်ဖြစ်ထွန်းမှုမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး'

အဆိုပါမျှော်မှန်းချက်အောင်မြင်ရန်အတွက် မဟာဗျူဟာသည်ကုန်ထုတ်လုပ်မှုယှဉ်ပြိုင်နိုင်စွမ်း ကို ကန့်သတ်ထိန်းချုပ်ထားသည့်အရာများကိုလျော့ကျစေရန်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာ့အထည်အလိပ်နှင့်အဝတ် အထည်ဆိုင်ရာအခန်းကဏ္ဍအတွက် သတ်မှတ်ထားသော မဟာဗျူဟာနည်းလမ်းများအတိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မဟာဗျူဟာ၏ နောင်ငါးနှစ်အတွက် ရည်ရွယ်ချက်မှာ ကာလတိုကာလလတ်စီမံကိန်းများတွင် မြန်မာတင်ပို့သူများအတွက် အဓိကကျသောဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်တန်ဖိုးကွင်းဆက်တွင်လိုအပ်လျက်ရှိသော အကျိုးရှိစွာလုပ်ဆောင်နိုင်စွမ်းနှင့် အစဉ်တန်ဖိုးတိုးမြှင့်ပေးနိုင်မည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အပြောင်းအလဲများအတွက် အထောက်အပံ့များရရှိစေရေးတို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဝတ်အထည်ထုတ်လုပ်မှု အခန်းကဏ္ဍအတွက်ငါးနှစ်စီမံကိန်း မဟာဗျူဟာများအားအကြမ်းအားဖြင့် အောက်ပါအတိုင်း အုပ်စုငါးမျိုးခွဲခြားနိုင်သည်-

(၁) ထုတ်လုပ်မှုပုံစံ (Production mode) ။အကျိုးအမြတ်ပိုမိုဖြစ်ထွန်းစေရန် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှုပုံစံ (cut-make-pack- CMP)မှ တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုပုံစံ(Free on Board -FOB)သို့ ပြောင်းလဲရန်။

(၂) ပမာဏ(Volume) ။ ကဏ္ဍဖွံ့ဖြိုးလာစေရန်နှင့် လုပ်ငန်းအုပ်စုအကျိုးအမြတ်ပိုမို ရရှိစေရန်လက်ရှိပို့ကုန်အမျိုးမျိုးတို့၏ထုတ်လုပ်မှု တစ်ဟုန်ထိုးတိုးတက်လာစေရန်

(၃) အရည်အသွေး(Quality) ။ ပိုမိုကောင်းမွန်သောအကျိုးအမြတ်အနေအထားနှင့် ဈေးကွက်များအတွင်းထပ်မံထိုးဖောက်နိုင်စေရေးအတွက် ကဏ္ဍရှိအရေးပါသောလုပ်ငန်းအုပ်စုများမှ စက်ရုံစံချိန် မီအရည်အသွေးများရရှိတည်ဆောက်နိုင်ရန်။

(၄) သိုးမွှေးထိုး/ဇာထိုးထုတ်ကုန်များ(knit productions) ။တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်များရရှိလာနိုင်ရန်အတွက် သိုးမွှေးထိုး/ဇာထိုးအဝတ်အထည်ထုတ်လုပ်မှုစွမ်းရည်တိုးတက်လာစေရန်။

(၅) ဒီဇိုင်း(Design)။ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုမိုမြင့်မားသော အမြတ်အစွန်းရရှိစေရန် အတွက် ဒီဇိုင်းစွမ်းရည်များ ပိုမိုတိုးတက်လာစေရန်။

မြန်မာနိုင်ငံတွင် လက်ရှိအရေးအကြီးဆုံးဈေးကွက် (၅)နိုင်ငံဖြစ်သော ဂျပန်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အင်္ဂလန်၊ မြောက်အိုင်ယာလန်နှင့် စပိန်နိုင်ငံတို့၏ ဈေးကွက်တစ်ခုစီတိုင်းအတွက်မြန်မာသည် ဈေးကွက်၏တစ် ရာခိုင်နှုန်းအောက်ခန့်သာ အကျိုးခံစားမှုရှိနေသည်။ ရေတိုစီမံကိန်းအတွက် ဤဈေးကွက်များတွင် ထပ်မံခြဲ့ထွင်ခြင်းသည် ပထမဦးစားပေးအဖြစ် လိုအပ်ဆဲဖြစ်သည်။မြန်မာနိုင်ငံအတွက်ထိုးဖောက်ရန်အရေးကြီးဆုံး ဈေးကွက် အသစ်မှာအမေရိကန်နိုင်ငံဖြစ်ပြီး ထိုနိုင်ငံတစ်ခုတည်းတွင်ပင် ကမ္ဘာ့အဝတ်အထည်သွင်းကုန်များ၏ ၂၀ရာခိုင်နှုန်းရှိသည်။မျှော်မှန်းထားသည့် အတိုင်းအမေရိကန်နိုင်ငံ၏စီးပွားရေး ပိတ်ဆို့မှုများလျော့ချလျှင်ကုန်တင်သွင်းသူများအတွက် မြန်မာနိုင်ငံမှလွတ်လပ်စွာဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော်လည်းမြန်မာအဝတ်

အထည်ထုတ်လုပ်မှုများအတွက်ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်စွမ်းကိုသေချာစေရန်အတွက်GSP ဟုခေါ်သောတစ်ဖက်သတ်အကောက်ခွန်ကင်းလွတ်ခွင့်ပေးသည့်စနစ်(Generalized System of Preferences-GSP)(သို့မဟုတ်) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အခွန်နှုန်းထားများအတိုင်း ဆက်လက်ရှိနေစေရန်လိုအပ်သည်။

အခြားရည်မှန်းထားသော ဈေးကွက်(၉)ခုမှာ ပြင်သစ်၊အီတလီ၊ဟောင်ကောင်(တရုတ်)၊ နယ်သာလန်၊ ကနေဒါ၊ရုရှား ပြည်ထောင်စု၊ဘယ်လ်ဂျီယံ၊ဆွစ်ဇာလန်နှင့် ဩစတြီးယားတို့ဖြစ်သည်။ထိုဈေးကွက်များနှင့် လက်ရှိ မြန်မာနိုင်ငံ၏ဈေးကွက်များပေါင်းလျှင် ကမ္ဘာ့ဈေးကွက်၏၇၅%ရှိမည်ဖြစ်သည်။ အဓိကကုန်သွယ်ဖက်ဖြစ်သော ဟောင်ကောင်နှင့်ဈေးကွက်ဦးဆောင်လျက်ရှိသောအမေရိကန်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ကနေဒါနိုင်ငံတို့မှလွဲ၍ဈေးကွက်အားလုံးသည် ဥရောပအနောက်ပိုင်းတွင် ပထဝီအနေအထားအရ နီးကပ်စွာတည်ရှိ နေခြင်းသည်မြန်မာဈေးကွက်သမားများအား ဖြန့်ဖြူးရေးလမ်းကြောင်းများ၊ဈေးကွက်ကုန်ကျစရိတ်များလျှော့ချပေး ခြင်းနှင့်ရိုးရာယဉ်ကျေးမှုနှင့် ဘာသာစကားတို့အရလိုအပ်သော အသိပညာများဖြင့် အထောက်အကူပြုလျက် ရှိကြသည်။ရေတိုစီမံကိန်းတွင် ထုတ်ကုန်ပစ္စည်းများသည် အလုပ်ခွင်တူညီဝတ်စုံ(ယူနီဖောင်းဝတ်စုံများ)၊ အမျိုးသား ဝတ်ရှပ်အင်္ကျီများ၊အမျိုးသားဝတ်စုံများ၊အမျိုးသားဝတ် အပေါ်အင်္ကျီများ(ဂျက်ကက်)နှင့်ဘောင်းဘီများ ထုတ်လုပ်မှုကိုဦးစားပေး၍အထူးသဖြင့် အမေရိကန်ဈေးကွက်အတွက် ချည်ထိုးတီရှပ်များ၊ပိုလိုရှပ်အင်္ကျီများနှင့် အမျိုးသားသုံး အတွင်းခံများကိုထပ်တိုးပြုလုပ်သွားမည်ဖြစ်သည်။ ကာလလတ်စီမံကိန်းတွင် အမျိုးသမီးအပေါ်ဝတ်အင်္ကျီများ၊ အမျိုးသမီးဂျက်ကက်နှင့်ကုတ်အင်္ကျီများ၊အမျိုးသမီးဝတ်ဘောင်းဘီနှင့်ဘလောက်စ်များပါတိုးချဲ့ ထုတ်လုပ်သွား ပါမည်။ ဤမဟာဗျူဟာအရငါးနှစ် စီမံကိန်းအဆုံးတွင် ကိုယ်ပိုင်ဒီဇိုင်းထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်ဆက်သွယ် မှုများသည် ဝယ်သူရောင်းသူ တိုက်ရိုက်ကုန်သွယ်နိုင်မည့် (Free On Board-FOB) ထုတ်လုပ်မှုပုံစံမှ ကိုယ်ပိုင် ဒီဇိုင်းထုတ်လုပ်မှုသို့ စတင်ကူးပြောင်းရန်လုံလောက်စေပါသည်။

## ကဏ္ဍဖွံ့ဖြိုးရေးအတွက်လမ်းပြမြေပုံ

အဝတ်အထည်ထုတ်လုပ်မှုကဏ္ဍ၏ မဟာဗျူဟာမျှော်မှန်းချက်သည် အသေးစိတ်လုပ်ငန်းစီမံချက်(Plan of Action-POA)အားလက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့်ရရှိနိုင်ပါသည်။ ဤအသေးစိတ်လုပ်ငန်းစီမံချက် (POA) သည် အဝတ်အထည်ထုတ်လုပ်မှုအခန်းကဏ္ဍ၏ စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများအတွက် ရင်ဆိုင်နိုင်မည့်တိကျသောလုပ်ဆောင်မှုများကိုရှင်းလင်းဖော်ပြထားသည့်အောက်ပါမဟာဗျူဟာ မြောက်ဦးတည်ချက်လေးရပ်အပေါ် မူတည်ချမှတ်ထားပါသည်-

(က) မြန်မာအထည်အလိပ်ထုတ်လုပ်မှုတွင် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှုပုံစံ (cut-make-pack- CMP)မှ တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုပုံစံ (Free On Board-FOB) ထုတ်လုပ်မှုပုံစံသို့ ပြောင်းလဲနိုင်သည့် မူဝါဒများပေါ်ပေါက်စေရန်။

(ခ) နိုင်ငံတကာအရည်အသွေးမီ အဝတ်အထည်နှင့်အထည်အလိပ်များကို စဉ်ဆက်မပြတ်တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်စေရန်။

(ဂ) သတ်မှတ်ဇုန်များနှင့် ဆိပ်ကမ်းလုပ်ငန်းများတွင် အရေးပါသောအခြေခံအဆောက်အအုံများကို အများပိုင်သတ်မှတ် တည်ဆောက်ခြင်းဖြင့်ကဏ္ဍအတွက်အကျိုးရှိထိရောက်စေပြီးကုန်ကျစရိတ်များ လျှော့ချရန်။

(ဃ) အလုပ်သမားများအားကာကွယ်ပေးမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် နည်းပညာနှင့်အလေ့အကျင့်များကျယ်ပြန့်စွာလက်ခံကျင့်သုံးစေရန်။

## ရည်မှန်းချက်အတိုင်းအတာ

အသေးစိတ်လုပ်ငန်းစီမံချက်(POA)ကိုအပြည့်အဝ လက်တွေ့အကောင်အထည်ဖော်ပြီးသောအခါ အောက်ပါရည်မှန်းချက်များပြည့်မီရန် မျှော်မှန်းထားရှိပါသည်-

- ✦ ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိသော နိုင်ငံတကာဈေးကွက် ၂၅ခုအနက်၁၂ခုသို့ အမေရိကန် ဒေါ်လာ သန်းပေါင်း ၁၀သန်း အထက်တန်ဖိုးခန့်အဝတ်အထည်များကိုတင်ပို့ရန်။ (လက်ရှိတွင် ဈေးကွက် ၂၅ခု အနက် ၅နိုင်ငံကိုသာ တင်ပို့လျက်ရှိသည်။)
- ✦ ထိပ်ဆုံးရှိ နိုင်ငံတကာဈေးကွက် ၂၅ ခုမှ ၅ ခုတွင် တစ်ရာခိုင်နှုန်း ဈေးကွက်ဝေစုတိုးတက် ရရှိရန်။ (လက်ရှိတွင် ထို ၂၅ခုသောဈေးကွက်များမှ မည်သည့်နိုင်ငံမှပင် ၁% မရရှိသေးပါ)
- ✦ အမေရိကန်နိုင်ငံသို့ အဝတ်အထည်ဒေါ်လာသန်းပေါင်း ၅၀ကျော်တင်ပို့နိုင်ရန်။(လက်ရှိတွင် ဒေါ်လာသန်းပေါင်း ၁သန်းမှ ၂သန်းခန့်တင်ပို့လျက်ရှိသည်။)
- ✦ ၂၀၂၀ ခုနှစ်တွင် တင်ပို့သည့်အဝတ်အထည်တန်ဖိုးအား လေးဆခန့်တိုးမြှင့်နိုင်ရန်။

## အကောင်အထည်ဖော်ခြင်းဆိုင်ရာစီမံခန့်ခွဲခြင်း

အသေးစိတ်လုပ်ငန်းစီမံချက်POAသည် ဦးတည်ထားသော ရည်မှန်းချက်များသို့ ရောက်ရှိရန် လှုပ်ရှား ဆောင်ရွက်မှုများစွာလိုအပ်ပြီး သက်ဆိုင်ရာ အစိုးရ-ပုဂ္ဂလိကကဏ္ဍများမှ ပါဝင်ပတ်သက် လုပ်ကိုင်သူ များအပြင် အဓိကကျအရေးပါသော ရင်းနှီးမြှုပ်နှံသူများနှင့် အလှူရှင်များ၊ နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ ပေးသူများမှပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ကဏ္ဍ၏အသေးစိတ်လုပ်ငန်းစီမံချက်ကိုအကောင်အထည်ဖော်ရာတွင်ဦးဆောင်ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများကိုတာဝန်ခွဲဝေသတ်မှတ်ထားပြီးအောင်မြင်သောမဟာဗျူဟာဖြစ်ရန်အလုံးစုံတာဝန်ယူပေးနိုင်ရန်ဖြစ်သည်။ ထိုအဖွဲ့အစည်းများကိုအထည်အလိပ်နှင့်အဝတ်အထည်ထုတ်လုပ်မှုကဏ္ဍတွင် တက်ကြွစွာပါဝင်သောလက်လှမ်းမီသည့် အခြားအထောက်အကူပြု အဖွဲ့အစည်းများမှလည်း အထောက်အပံ့ပေးမည်ဖြစ်သည်။ ပို့ကုန်ဖွံ့ဖြိုးရေးအခန်းကဏ္ဍအတွက် အဖွဲ့အစည်းတစ်ခုချင်းစီမှ ထောက်ပံ့မှုပေးရန်အတွက်လုပ်ငန်းစီမံချက်တွင်ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်သည်။ ထို့အပြင်အဆိုပြုထားသည့် အတိုင်းမြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC)နှင့် ၎င်း၏ရုံးအဖွဲ့သည်အမျိုးသားပို့ကုန်မဟာ ဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပေါင်းစပ်ညှိနှိုင်းခြင်းနှင့်စောင့်ကြည့်အကဲဖြတ်ခြင်းများကို မူဘောင် အတွင်းမှတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။အထူးသဖြင့်မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပါဝင်ပတ်သက်လုပ်ကိုင်သူများအားလုံးမှအရင်းအမြစ်ကိုခွဲဝေဆောင်ရွက်ရာတွင်အကောင်းဆုံးဖြစ်စေရန်အတွက်ပူးပေါင်းကူညီအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## ပုံစံ(၁)- လေ့လာပုံနည်းစနစ်ဆိုင်ရာမှတ်စု

မဟာဗျူဟာဒီဇိုင်းလုပ်ငန်းစဉ်တွင် ITCအနေဖြင့် တန်ဖိုးကွင်းဆက်ခွဲခြမ်းစိတ်ဖြာခြင်း၊ ကုန်သွယ်မှု အထောက်အကူပြုကွန်ရက်(TSN)စီစစ်သုံးသပ်ခြင်း၊အခက်အခဲပြပုံစံကားချပ်နှင့်မဟာဗျူဟာမြောက်ရွေးချယ်ခြင်း တို့ကဲ့သို့သောပိုင်းခြားစီစစ်သည့်အင်္ဂါရပ်များစွာကိုအသုံးပြုချဉ်းကပ်ပါသည်။ ၎င်းတို့အားလုံးသည်ဤကဏ္ဍပို့ကုန်မဟာဗျူဟာစာတမ်း၏ အဓိကတည်ဆောက်ရေးအခြေခံများအဖြစ်ပါဝင်ပါသည်။

## တန်ဖိုးကွင်းဆက်ခွဲခြမ်းစိတ်ဖြာခြင်း-

ကဏ္ဍ၏တန်ဖိုးကွင်းဆက်ကို ပြည့်စုံလေးနက်စွာခွဲခြမ်းစိတ်ဖြာခြင်းသည် မဟာဗျူဟာဖွံ့ဖြိုးရေးလုပ်ငန်း စဉ်၏အဓိကအစိတ်အပိုင်းဖြစ်သည်။ဤစီစစ်ဝေဖန်ခြင်းသည်ပါဝင်လုပ်ကိုင်သူများအားလုံးကို ဖော်ထုတ်ပေးနိုင်ပြီး ကဏ္ဍအတွင်းလုပ်ငန်းစဉ်များနှင့် အချိတ်အဆက်များဖော်ဆောင်ပေးပါသည်။ လုပ်ငန်းစဉ်သည်တန်ဖိုးကွင်းဆက်၏လက်ငင်းဆောင်ရွက်ချက်များကိုစိစစ်ဝေဖန်ခြင်းနှင့်ကဏ္ဍ၏ အနာဂတ်ဖွံ့ဖြိုးမှုအတွက်ရွေးချယ်ရန်ဝေဖန်သုံးသပ်ခြင်းတို့၏အခြေခံအဖြစ်ပါဝင်ပါသည်။

## TSNစီစစ်သုံးသပ်ချက်-

ကုန်သွယ်မှုအထောက်အကူပြုကွန်ရက်သည် အထက်တွင်ဆွေးနွေးခဲ့သည့် အခြေခံတန်ဖိုးကွင်းဆက် လုပ်ကိုင်သူများ ရရှိနိုင်သည့် အထောက်အကူပြုဝန်ဆောင်မှုများပါဝင်ပါသည်။ ၎င်းကိုပေါ်လစီအဖွဲ့အစည်းများ၊ ကုန်သွယ်မှု အထောက်အကူပြု အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုပေးသူများနှင့်အရပ်ဘက်အဖွဲ့ အစည်းများပါဝင်ဖွဲ့စည်းထားပါသည်။ဝန်ဆောင်မှုပေးသည့်အရည်အသွေးနှင့်ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ(TSI) ကိုထိခိုက်စေသည့်အဟန့်အတားများကို စိစစ်လေ့လာခြင်းသည်သီးသန့်ကဏ္ဍလိုအပ်ချက်များနှင့် ပတ်သက်၍ဝန်ဆောင်မှုပေးရာတွင်ကွာဟချက်များကို မီးမောင်းထိုးပြနိုင်သည့် အရေးပါသည့် အချက်ဖြစ်ပါသည်။ TSIကိုစီစစ်ဝေဖန်သည့်ဒုတိယအချက်မှာ ယင်းတို့၏ဩဇာလွှမ်းမိုးနိုင်မှု(အစိုးရပေါ်လစီ နှင့် နိုင်ငံအတွင်းအခြား ဖွံ့ဖြိုးရေးမောင်းနှင်အားများကို လွှမ်းမိုးနိုင်စွမ်းရည်နှင့် ယင်းတို့ကြောင့်ပြောင်းလဲမှုကိုဖြစ်စေခြင်း)နှင့်ကဏ္ဍ၏ လိုအပ်ချက်အပေါ်၎င်းတို့၏တုန့်ပြန်နိုင်စွမ်းရည်အဆင့်ကို အကဲဖြတ်ခြင်း ဖြစ်ပါသည်။

## အခက်အခဲပြပုံစံကားချပ်ဖြင့်လေ့လာသုံးသပ်ချက်-

အသုံးပြုထားသည့်အခက်အခဲပြပုံစံကားချပ်မှာ ပြဿနာရင်းမြစ်စီစစ်ဝေဖန်သည့် အခြေခံသဘော တရားများအပေါ် အခြေခံထားပါသည်။အခက်အခဲပြပုံစံကားချပ်သည် ကဏ္ဍ၏အဟန့်အတားများကိုဖြစ်စေသည့် အကြောင်းတရားများနှင့် အဖြေရှာသည့်လုပ်ငန်းများအားမည်သည့်နေရာသို့ဦးတည်ရမည်ကို နက်နက်ရှိုင်းရှိုင်း နားလည်စေနိုင်ပါသည်။ ကဏ္ဍဆောင်ရွက်ချက်၏ စီစစ်ဝေဖန်သည့်အဆင့်တွင်အရေးပါသည့်ခြေလှမ်းအဖြစ် မဟာဗျူဟာPOAတွင်လက်တွေ့ကျသည့်လုပ်ငန်းများဒီဇိုင်းကို အခက်အခဲပြပုံစံကားချပ်က လမ်းညွှန်ပေးပါမည်။

## မဟာဗျူဟာမြောက်ဦးတည်ချက်များ-

ကဏ္ဍဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမြောက်ရွေးချယ်ရန်နည်းလမ်းများကို အနာဂတ်တန်ဖိုးကွင်းဆက်တွင် ထင်ဟပ်ဖော်ပြထားပြီး၎င်းသည်ကဏ္ဍမဟာဗျူဟာဒီဇိုင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ဆောင်ရွက်သည့်တိုင်ပင်ဆွေးနွေးခြင်း၊ လေ့လာခြင်းနှင့် စီစစ်ဝေဖန်ခြင်း၏ရလဒ်ဖြစ်ပါသည်။ အနာဂတ်ရှုမြင်ချက်တွင်အစိတ်အပိုင်း(၂)ခု ပါဝင်ပါသည်-

- မြန်မာပို့ကုန်သမားများအတွက်ကာလတို၊ကာလလတ၊ကာလရှည်တွင်အဓိကဈေးကွက်များ ဖော်ထုတ်ရာတွင်ပါဝင်သည့်ဈေးကွက်နှင့်ဆက်စပ်သည့်အစိတ်အပိုင်း။
- ကွင်းဆက်များကိုအားဖြည့်ရာတွင်ဖြစ်စေ၊ ကွင်းဆက်သစ်များဖော်ထုတ်ရာတွင်ဖြစ်စေထွက်ပေါ်လာသည့် တန်ဖိုးကွင်းဆက်ဆိုင်ရာဖွဲ့စည်းပုံအပြောင်းအလဲများ။

## လက်တွေ့ကျကျတိုင်းတာနိုင်သည့် POA-

ကဏ္ဍ၏ဖွံ့ဖြိုးရေးအတွက်ထောက်ခံချက်များနှင့် မဟာဗျူဟာညွှန်ကြားချက်များဖွင့်ဆိုခြင်းသည် ၎င်းဖွံ့ဖြိုးမှုကိုဦးဆောင်လမ်းညွှန်ရန်အရေးပါသော်လည်းလုံလောက်မှုမရှိပါ။ တိုးတက်မှုကိုအရှိန်မြှင့်တင်ရန်အကောင်အထည် ဖော်ရမည်လုပ်ငန်းများကိုရှင်းလင်းစွာဖွင့်ဆိုရန်မှာအရေးကြီးပါသည်။ပါဝင်ပတ်သက်လုပ်ကိုင်သူများကမည်သည့် လုပ်ငန်းများကိုတာဝန်ယူရမည်ကို သတ်မှတ်ဖော်ပြထားသည့် အသေးစိတ်လုပ်ငန်းစီမံကိန်းတိုးတက်လုပ်ဆောင်နိုင်မှုသည် မဟာဗျူဟာထိရောက်စွာအကောင်အထည်ဖော်ရေးအတွက်လိုအပ်ပါသည်။ နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန၏ပံ့ပိုးမှုဖြင့်ဖော်ထုတ်ထားသော လုပ်ငန်းစီမံကိန်းသည် မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းကိုထိရောက်စွာ စောင့်ကြည့်အကဲဖြတ်နိုင်ရန်ဆောင်ရွက်ချက်ညွှန်းကိန်းများအပါအဝင် ဖြစ်ပါသည်။

## နိဒါန်း

## သမိုင်းကြောင်းဆိုင်ရာခြုံငုံသုံးသပ်ချက်

တရုတ်နိုင်ငံ၊ဘင်္ဂလားဒေ့ရှ်နှင့်အရှေ့တောင်အာရှနိုင်ငံများစွာကဲ့သို့ မြန်မာနိုင်ငံသည်၁၉၉၀ခုနှစ်များတွင် အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးမှုရရှိခဲ့ပြီး၂၀၀၁ ခုနှစ်တွင် စက်ရုံပေါင်း၄၀၀ကျော်နှင့် ဝန်ထမ်းပေါင်း ၃ သိန်းခန့်တိုးပွား လာပါသည်။ယင်းကဏ္ဍသည် ပို့ကုန်ဦးတည်သည့်ကဏ္ဍဖြစ်၍ထိုကာလအတွင်း အဝတ်အထည် တင်ပို့မှုမှာ ၆၉ဆ ကြီးထွားခဲ့ပြီး နိုင်ငံရှိအခြားတင်ပို့မှုများကို ကျော်လွန်၍ အမေရိကန်ဒေါ်လာ ၈၉၉ သန်းရောက်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဝတ်အထည်တင်ပို့မှုထက်ဝက်ကျော်မှာ အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိ၍၄၀%မှာ ဥရောပ နိုင်ငံများသို့ရောက်ရှိပါသည်။

အခြားအဓိကအဝတ်အထည်ထုတ်လုပ်သည့်နိုင်ငံများနှင့်မတူညီသည်မှာ မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် တွင်ထိပ်တန်းဈေးကွက်အမေရိကန်ပြည်ထောင်စုက ၎င်းအပေါ်စီးပွားရေးပိတ်ဆို့မှုများချမှတ်ခံခဲ့ရပါသည်။ ဤသို့ဖြင့်ကျဆင်းသည့်နှစ်များသို့ရောက်ရှိခဲ့ပြီးထိုကာလအတွင်း ၂၀၀၅ခုနှစ်တွင်အလုပ်သမားဦးရေသည် ၁၂၅၀၀၀ ထိတစ် ဝက်ကျဆင်းသွားပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများသည်အရှေ့အာရှသို့အထူးသဖြင့်ဂျပန်နှင့်ကိုရီးယား နိုင်ငံများသို့ဈေးကွက်သစ်များဖော်ဆောင်၍တုန့်ပြန်ခဲ့ပါသည်။ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား LDC နှင့်အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှရက်လုပ်ထားသည့်အဝတ်အထည်များအတွက် ဦးစားပေးအခွင့်သာမှုရရှိစေခြင်းဖြင့်ကဏ္ဍကိုအသက်ပြန်သွင်းပေးပြီး ယနေ့အချိန်တွင် မြန်မာပို့ကုန်၏၄၅%သို့ ရောက်ရခဲ့ပါသည်။ကိုရီးယားသမ္မတနိုင်ငံသည် ပို့ကုန်၏၃၁%ရောက်ရှိလာပါသည်။

ဤဈေးကွက်နှစ်ခု၏ထိုးဖောက်မှုသည်ကဏ္ဍအားပြန်လည်အားသစ်လောင်းစေပြီး နောက်ဆုံး ၂၀၁၂ခုနှစ် တွင်ပို့ကုန်သည် ၂၀၀၁ခုနှစ်၏ အမြင့်ဆုံးကိုကျော်လွန်၍အမေရကန်ဒေါ်လာ ၉၁၂သန်း တန်ဖိုးရှိအဝတ်အထည် များတင်ပို့ခဲ့ပါသည်။ ဤအလျင်အမြန်ကြီးထွားမှုသည် အဓိကဈေးကွက်များတွင်မကြာမီက မျှော်မှန်းထားသည့် နိုင်ငံရေးဆိုင်ရာဖွံ့ဖြိုးမှုများအဖြစ် နောက်ထပ်တိုးတက်မှုကိုမျှော်မှန်းထားပါသည်။EU သည်မြန်မာနိုင်ငံအား GSP အရအခွန်သက်သာခွင့်ပေးထားပြီး အဓိကအားဖြင့်၂၀၁၄ ခုနှစ်တွင်အမေရိကန်ကကုန်သွယ်မှုပိတ်ပင်ထားခြင်းကို ရုတ်သိမ်းပေးရန်မျှော်မှန်းပါသည်။

ဤဈေးကွက်အကြောင်းအရာနှစ်ခုကပင် ကဏ္ဍ၏ကြီးထွားမှုကိုတွန်းတင်ပေးပြီးမြန်မာအစိုးရ၏ပေါ်လစီများသည်လည်း ၁၉၉၀ခုနှစ်ကာလများကဲ့သို့အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လာနိုင်ပါသည်။၁၉၉၃ ခုနှစ်တိုင်အောင်ကဏ္ဍကိုနိုင်ငံပိုင်လုပ်ငန်းများ (State-Owned Enterprises-SOEs)နှင့် စစ်တပ်နှင့်ဆက်စပ်သည့်ဖက်စပ်လုပ်ငန်းများကစိုးမိုးထားပြီး WFOEs များကို ထိရောက်စွာကန့်သတ်ထားပါသည။သို့ရာတွင်အစိုရကထုတ်လုပ်မှုတွင်ပါဝင်ခြင်းကို တဖြေးဖြေးလျော့ချ၍ပို့ကုန်ဝေစုအများအပြားကိုပုဂ္ဂလိကလုပ်ငန်းများသို့ရရှိစေပြီးWFOEs များကိုခွင့်ပြုပေးခဲ့ပါသည်။၂၀၀၁ခုနှစ်တွင် ပို့ကုန၏၆၅%မှာ ပုဂ္ဂလိက ပြည်တွင်းလုပ်ငန်းများမှဖြစ်၍ ၂၀%မှာ WFOEs များမှဖြစ်ပါသည်။

ဤမဟာဗျူဟာစာတမ်းက ဆွေးနွေးသည့်အတိုင်းအနာဂတ်ကြီးထွားမှုတွင် ပေါ်လစီနှင့်ဆက်စပ်သည့် အဟန့်အတားများရှိမြဲရှိနေ၍ လက်ရှိကြီးထွားမှုကိုထိန်းသိမ်းထားရန်အတွက်သာမကကဏ္ဍ၏ တရွေ့ရွေ့ဖြစ်ပေါ်မှုနှင့် အထွေထွေစီးပွားရေးတွင်ခြေလှမ်းမြဲမြဲစေရန်ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု များသာမရှိလျှင်မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍသည် တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်တို့၏ကြီးထွားမှုနှင့် အပြိုင်ဖြစ်နေမည်ဟုကောက်ချက်ချလျှင် သမိုင်းကိုဆင်ခြင်သုံးသပ်မှုနည်းရာရောက်ပေမည်။ သွင်းကုန်ဂျူတီများနှင့်ဆက်စပ်သည့်ပေါ်လစီများ၊ အလုပ်သမားစည်းမျဉ်းများ၊ အခြေခံအဆောက်အအုံနှင့်ဘဏ္ဍာရေးကိစ္စရပ်များသည် ကဏ္ဍ၏စောစီးစွာကြီးထွားမှုကိုတားဆီးထားဟန်ရှိပြီး စက်မှုလုပ်ငန်း တစ်ခုလုံးအနေနှင့်စွန့်စားရမှုရှိခြင်းကြောင့် အဓိကဈေးကွက်၁ခု(သို့မဟုတ်) ၂ ခုတွင် အားထား၍မြန်မာ၏ အဝတ်အထည်ပို့ကုန် အများဆုံးသို့မဟုတ် အများဆုံးနီးပါးတင်ပို့ရန်ဦးတည်ချက်ဖြင့် အမေရိကန်ကိုဂျပန်ဈေးကွက်နှင့်အစားထိုးခြင်းဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်၅၀ကျော်ကအာရှတိုက်တွင် အထည်ချုပ်ကဏ္ဍသမိုင်းကြောင်းသည်နိုင်ငံများစွာကအခြေခံ အထည်ချုပ်လုပ်ခြင်းနှင့်စတင်၍ အပြည့်အဝထုတ်လုပ်မှုသို့ရောက်ရှိကြပြီးဈေးကွက်ရရှိမှုနှင့်တန်ဖိုးမြှင့်ကဏ္ဍ အပါအဝင်ထုတ်လုပ်မှုကွာဟချက်များ၊ဒီဇိုင်း၊ကုန်အမှတ်တံဆိပ်ပြုလုပ်ခြင်းတို့ပါဝင်ပါသည်။ဂျပန်နိုင်ငံသည် ၁၉၆၀ ခုနှစ်တွင်ဤဆယ်စုနှစ်များစွာလမ်းကြောင်းကိုစတင်ခဲ့ပြီးထိုစဉ်ကနိုင်ငံတကာဈေးကွက်တွင်အထည်ချုပ်လုပ်ငန်းကိုစိုးမိုးခဲ့သည်။ ၁၉၇၀ခုနှစ်နှင့်၁၉၈၀ခုနှစ်များတွင်ဟောင်ကောင် (တရုတ်)၊စင်္ကာပူ၊ကိုရီးယားသမ္မတနိုင်ငံနှင့်တရုတ်(တိုင်ပေ) တို့က၎င်းနောက်မှလိုက်လာကြပါသည်။၁၉၉၀ ခုနှစ်တွင် တရုတ်ပြည်

သို့အများဆုံးဖြစ်၍ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အိန္ဒိယနှင့်အခြားအရှေ့တောင်အာရှနိုင်ငံများပါဝင်လာပါသည်။ ဤနိုင်ငံများသည် ကျွမ်းကျင်မှုနှင့်နည်းပညာကို မြှင့်တင်၍၎င်းတို့၏ အထည်အလပ်နှင့်အထည်ချုပ်ကဏ္ဍကို ဘက်စုံဖြန့်ထုတ်၍တန်ဖိုးမြှင့်မှုနှင့် အလုပ်သမားစရိတ်များမြင့်တက်လာပါသည်။ ဤသို့ဖြင့်စရိတ်နည်းသည့်နေရာသစ်များသို့ အဆင့်နိမ့်ထုတ်လုပ်မှုများရောက်ရှိသွားပါသည်။ပိုမိုဖွံ့ဖြိုးသည့် စီးပွားရေးတွင်တန်ဖိုးပိုမိုမြင့်မားသည့်လုပ်ငန်းများကျန်ရှိခဲ့ပါသည်။ဤသည်ကိုရယူနိုင်ရန်မြန်မာနိုင်ငံက ပေးအပ်နိုင်သည့် လုပ်ခလစာနည်းပါးသည်ထက်ပို၍လိုအပ်ပါသည်။ ၎င်းသည်အထောက်အကူပြုအစိုးရပေါ်လစီများနှင့် လိုက်ဖက်သည့်ပုဂ္ဂလိကကဏ္ဍမှမျှော်မှန်းချက်များကိုဖြည့်ဆည်းရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံသည်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အစိုးရ-ပုဂ္ဂလိကကဏ္ဍဆွေးနွေးရာတွင်ဤရပိုင်ခွင့်များကိုဖွံ့ဖြိုးစေပြီး၎င်းတို့ ကိုအသီးအပွင့်ဖြစ်လာစေသင့်ပါသည်။

ဤသို့အကောင်အထည်ဖော်ခြင်းသည်ကဏ္ဍ၏ လုပ်ငန်းများနှင့်လုပ်သားများအကျိုးအမြတ်ရရှိစေရုံသာမက ပိုမိုကြီးမားသည့်စီးပွားရေးကို ပင်အကျိုးအမြတ်ရရှိစေနိုင်ပါသည်။ ချုပ်ထည်များမှာအရေးပါသည့် ထုတ်လုပ်တင်ပို့မှုများဖြစ်စေရုံသာမက ဝင်ငွေ နှင့်အလုပ်အကိုင်ရရှိမှုထက်ပို၍ အထည်ချုပ်ကဏ္ဍသည် ထုတ်လုပ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ပထမဆုံးပိုမိုကြီးမားသည့် စက်မှုလုပ်ငန်းဖြစ်ပေါ်လာရန်အတွက် အရေးပါသည့်ခြေလှမ်းဖြစ်ပါသည်။မှတ်သားဖွယ်ကောင်းသည်မှာအထက်တွင် ဖော်ပြခဲ့သည့် အာရှတိုက်၏ဦးဆောင်ချုပ်ထည်တင်ပို့သူများ၏တရွေ့ရွေ့ဖြစ်ပေါ်မှုသည် အထည်အလိပ်ထုတ်လုပ်မှု(သို့မဟုတ်) တင်ပို့မှုခွန်အားပေါ်မှီခိုနေခြင်းမရှိပါ။ ဤသည်မှာမြန်မာနိုင်ငံအတွက်ကံကောင်းစေပြီး၎င်း၏ အထည်အလိပ်ကဏ္ဍသည်နိုင်ငံတကာနှင့် ပြိုင်ဆိုင်ရန်အားနည်းလွန်းသည့်အနေအထားတွင်ရှိပါသည်။ ၂၀၁၂ခုနှစ်တွင် ပြည်တွင်းဝယ်လိုအား၏၆%ကိုသာ ပြည်တွင်းထုတ်လုပ်မှုက ပြည့်မီ၍ ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများကြား အထည်အလိပ်ထုတ်လုပ်မှုသည် ချုပ်ထည်ထုတ်လုပ်မှုနှင့် တပြိုင်နက်ကြီးထွားလာမည်ဟသောမျှော်မှန်းချက်အနည်းငယ်သာရှိရာ ယင်းသို့လည်းမဖြစ်သင့်ပါ။ အထည်အလိပ် ထုတ်လုပ်ခြင်းသည်အမြတ်နည်းပြီးသဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့်လုပ်ငန်းဖြစ်ပါသည်။မြန်မာနိုင်ငံ၏ပထဝီ ဒေသအားဖြင့် ပြန့်ကျဲနေသည့်အထည်အလိပ်စက်ရုံများသည်အထည်ချုပ်စက်ရုံများကိုအထောက်အကူပြုရန် တည်ထောင်ထားခြင်းမဟုတ်ဘဲ ရန်ကုန်မြို့တွင်သာစုစည်းနေပြီး ပြည်တွင်းဈေးကွက်အတွက်လုံချည်များနှင့်အခြား အဝတ်အထည်များထုတ်လုပ်ခြင်းကိုအထောက်အကူပြုရန်မျှသာဖြစ်ပါသည်။ ထို့ကြောင့်ဤမဟာဗျူဟာကအထည်ချုပ်တန်ဖိုးကွင်းဆက်အဖြစ် အထည်အလိပ်ကဏ္ဍမြှင့်တင်ရန်အတွက်ထောက်ခံချက်ပေးသော်လည်း ပို့ကုန်မဟာ ဗျူဟာဖြစ်၍အလားအလာပိုရှိသည့် အဝတ်အထည်တင်ပို့ရန်အတွက်သာ အာရုံစိုက်သင့်ပါသည်။ဤရည်ရွယ်မှုနောက်တွင်ကျိုးကြောင်းဆီလျော်မှုဆိုင်ရာဆက်လက်ဆွေးနွေးခြင်းအတွက်ပုံစံ-၂ ကိုကြည့်နိုင်ပါသည်။

### ပုံစံ ၂။ မြန်မာနိုင်ငံ၏အထည်အလိပ်တင်ပို့မှုထက်အဝတ်အထည်တင်ပို့မှုအပေါ်ဦးတည်မှုအတွက် ကျိုးကြောင်းဆင်ခြင်သုံးသပ်ချက်

၂၀၁၂ ခုနှစ်တင်ပို့သည့်ချုပ်ထည်များ၏ ၄၅%မှာ(HS 61နှင့် HS 62)ဝါဂွမ်းဖြင့်ပြုလုပ်၍၎င်းကို ကမ္ဘာ၏ ကူးသန်းရောင်းဝယ်ရေးအရအရေးပါဆုံးအထည်အလိပ်ဖြစ်စေခဲ့ပါသည်။ အထည်အလိပ်လုပ်ငန်း၏အမြတ်နည်းပါးမှုနှင့် ဝါဂွမ်းကုန်ကြမ်းကိုသယ်ယူပို့ဆောင်ခမြင့်မားမှုသည်ဝါဂွမ်းကိုချည်အဖြစ်လည်းကောင်း၊ဝါဂွမ်းစိုက်ခင်းအနီးတွင်ပိတ်စအဖြစ်ပြောင်းလဲရန် လက်တွေ့အကျဆုံးဖြစ်ပါသည်။ ထို့ကြောင်ကမ္ဘာ့ထိပ်တန်းဝါဂွမ်းထုတ်လုပ်သည့် နိုင်ငံများသည်ချည်အထည်အလိပ်ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများဖြစ်လာပါသည်။ယင်းထိပ်တန်းလေးနိုင်ငံမှာ တရုတ်၊အိန္ဒိယ၊အမေရိကန်နှင့်ပါကစ္စတန်ဖြစ်၍ ယင်းအစီအစဉ်အတိုင်း၎င်းတို့သည် ကမ္ဘာ့ဝါဂွမ်းထုတ်လုပ်မှု၏ ၇၂% ရှိ၍ကမ္ဘာ့ဝါဂွမ်းချည်နှင့်ဝါဂွမ်းချည်အထည်အလိပ်တင်ပို့မှု၏ ၅၅% ဖြစ်သည်။(HS 52 )

ဝါဂွမ်းအဓိကထုတ်လုပ်သည့်နိုင်ငံမဟုတ်ဘဲဝါဂွမ်းထုတ်လုပ်သည့်ဒေသများနှင့် ပထဝီအားဖြင့်နီးစပ်သည့် နိုင်ငံများသည်အထည်အလိပ်ထုတ်လုပ်မှုတွင် နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းအားဖြစ်လာနိုင်ဖွယ်ရာမရှိပါ။ ၂၀၁၃ ခုနှစ်တွင်အထည်ချုပ်လုပ်ငန်းသို့မြန်မာနိုင်ငံ၏ ပြည်တွင်းဝါဂွမ်းထောက်ပံ့ပေးနိုင်မှုမှာ စုစုပေါင်းလို အပ်ချက်၏၆%ခန့်မျှသာဖြစ်၍ပြောပလောက်ခြင်းမရှိဘဲကျန်သည်ကို နိုင်ငံခြားမှတင်သွင်းရပါသည်။မြန်မာအိမ်နီး ချင်းတရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ဝါဂွမ်းထုတ်လုပ်မှုသည် ကျယ်ပြန့်လှသော်လည်းပုံ-၁ တွင်ဖော်ပြထားသည့်အတိုင်းမြန်မာနယ်စပ်ဧရိယာများနှင့်ဝေးရာတွင်တည်ရှိပါသည်။

ပြည်တွင်းတွင်ကြီးမားသည့်ဝါဂွမ်းထုတ်လုပ်မှုမရှိဘဲဖြစ်စေ၊နည်းပညာအားဖြင့် ခက်ခဲသည့်ချည်အတု ထုတ်လုပ်နိုင်သည့်စွမ်းဆောင်ရည်မရှိလျှင်ဖြစ်စေအဓိကအထည်အလိပ်တင်ပို့သူဖြစ်လာရန်လိုအပ်သည့်ယှဉ်ပြိုင်အသာစီးရမှုကိုမြန်မာနိုင်ငံက ပိုင်ဆိုင်

ခြင်းမရှိနိုင်ပါ။ဤသည်မှာ၂၀၁၂ခုနှစ်တွင်မြန်မာနိုင်ငံ၏မပြောပလောက်သည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဘိုးရှိချည်ထည် တင်ပို့မှုကထင်ရှားပါသည်။၎င်းပမာဏသည် အထည်အလိပ် တင်ပို့မှုအတွက် မြန်မာနိုင်ငံကကမ္ဘာ့အထည်အလိပ်တင်ပို့မှု အဆင့် ၁၂၇တွင်ရှိပြီးမြောက်ကိုရီးယား၊ မော်လ်လတာ နှင့်ဆူရီနန်တို့ရှေ့နားတွင်ရှိပါသည်။

## ပုံ(၁)- ကမ္ဘာလုံးဆိုင်ရာချည်မျှင်ထုတ်လုပ်မှုအခြေအနေ




**Source:** Map of cotton production (average percentage of land used for its production times average yield in each grid cell) across the world compiled by the University of Minnesota Institute on the Environment with data from: Monfreda, C., Ramankutty, N. and Foley, J.A. (2008). Farming the planet: 2. Geographic distribution of crop areas, yields, physiological types, and net primary production in the year 2000. Global Biogeochemical Cycles 22: GB1022.

## ယခုကဏ္ဍနှိုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း

## လက်ရှိအခြေအနေ

အထည်ချုပ်ကဏ္ဍကို မြန်မာနိုင်ငံ၏ အတက်ကြွဆုံးလုပ်ငန်းတစ်ခုနှင့် ထုတ်လုပ်မှုကဏ္ဍတွင်အနာဂတ် ကြီးထွားမှု၏ မောင်းနှင်အားအဖြစ်ကြီးမားသည့်မျှော်မှန်းချက်နှင့် ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားခဲ့ပါသည်။ တရုတ်နိုင်ငံတွင်လုပ်ခလစာ တက်လာခြင်းသည်၎င်း၏အထည်ချုပ်ကဏ္ဍအား ကမ္ဘာတစ်လွှားလွှမ်းမိုးထားခြင်းကို ခြိမ်းခြောက်လာသဖြင့်တရုတ်အခြေစိုက် ထုတ်လုပ်မှုများသည်ဒေသတွင်းအခြားနိုင်ငံများသို့စတင်ပြောင်းရွှေ့ကြပါသည်။တစ်ချိန်တည်းမှာပင်အချို့ကုမ္ပဏီများကဒေသ၏ နောက်ထပ် အကြီးမားဆုံးစရိတ်နည်းပြိုင်ဆိုင်သူ ဖြစ်သည့်ဘင်္ဂလားဒေ့ရှ်တွင်လုပ်ကိုင်ရန် စိုးရိမ်လာကြပြီးအဆောက်အဦပြိုခြင်း နှင့်စက်ရုံများ အကြိမ်ကြိမ်မီးလောင်ခြင်းကြောင့်အန္တရာယ်ရှိမှုအဖြစ်ပိုမိုကျော်ကြားလာကာ အထည်ချုပ်လုပ်သားများထောင်ချီ၍ အသက်ဆုံးရှုံးစေခဲ့ပါသည်။

ဤကဏ္ဍ၏ဖြစ်ပေါ်တိုးတက်မှုများသည်မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖြင့် ဆက်စပ်သည့် နိုင်ငံတကာမှစီးပွားရေးပိတ်ဆို့မှုများဖြေလျော့ခြင်းနှင့်တိုက်ဆိုင်နေပါသည်။ ဤအခြေအနေသည်ကမ္ဘာတစ်လွှား အထည်ချုပ်ထုတ်လုပ်သူများအား ၃၃သန်းသောလုပ်ခနည်းသည့်ကျွမ်းကျင်မှုနည်းသော အလုပ်သမားထုအတွင်းသို့ ထိုးဖောက်ရန် ဖြစ်စေပြီး ထိုနိုင်ငံများတွင် တစ်ဦးချင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု မှာ(၁)ရက်လျှင်အမေရကန်ဒေါ်လာ ၃ဒေါ်လာ သာသာ

မျှသာရှိပါသည်။ထုတ်လုပ်မှုပမာဏအလျင်အမြန်တိုးတက်မှုတွေ့ရှိရပြီးတင်ပို့မှုသည်၂၀၁၀ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၃၄၉သန်းမှ၂၀၁၂ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၉၁၂သန်းအထိ ပို့ကုန်(၃)ဆ တိုးခဲ့ပါသည်။

ဤတိုးတက်နှုန်းသည်နှစ်လတ်ကာလအတွင်းဆက်လက်ဖြစ်ပွား၍ထုတ်လုပ်မှုများတိုးပွားလာမည်ဟုMGMA ကခန့်မှန်းပါသည်။၂၀၁၃ခုနှစ်စက်တင်ဘာလအစောပိုင်းတွင် ဤကဏ္ဍ၌လုပ်ငန်း၂၈၀ခန့်သာရှိ၍ ဝယ်လိုအားကိုဖြည့်ဆည်းနိုင်ရန် ၂၀၁၅ ခုနှစ်တွင်၈၀၀ကျော်ဖြစ်လာရန်လိုအပ်သည်ဟု MGMAက ယုံကြည်ထားပါသည်။ ဤမျှပမာဏများများနှင့်မြန်မြန်ထုတ်လုပ်မှုမြင့်တင် ရန်မှာအောက်ပါတို့လိုအပ်မည်ဟုမျှော်လင့်ပါသည်-

- ကဏ္ဍကြီးထွားမှုကိုအထောက်အကူပြုရန် ပေါ်လစီအစီအမံအပြည့်အစုံတွင် စက်မှုနယ်မြေများသတ်မှတ် ဖန်တီးခြင်း၊ အလုပ်သမားဥပဒေပြဋ္ဌာန်းခြင်း၊ သတ်မှတ်သည့်အခြေခံအဆောက်အအုံများ၊ ပို့ကုန်လုပ်ငန်းတွင် အသုံးပြုသည့် သွင်းအားစုများအတွက်ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့်အခွန်ကင်းလွတ်ခွင့်တို့ပါဝင်ရေးဆွဲခြင်း
- စွန့်ဦးတီထွင်လုပ်ကိုင်သူများအားလုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့်ပို့ကုန်ဆိုင်ရာငွေကြေးပံ့ပိုးမှုရရှိစေခြင်း။
- WFOEsသို့မဟုတ် ဖက်စပ်လုပ်ငန်းများတွင် FDIများစွာဝင်ရောက်မှုရှိစေခြင်း
- လုပ်သားအင်အားများပြားစွာဖြင့် ဆွဲဆောင်နိုင်ခြင်း။
- ကျွမ်းကျင်လုပ်သားများ ထိန်းသိမ်းထားနိုင်ခြင်း။
- ပုဂ္ဂလိကကဏ္ဍမှ များစွာပါဝင်လာမှု။

စင်စစ်တွင်စံပြရက်သတ္တတစ်ပတ်တွင် စက်ရုံအသစ်(၃)ခုတည်ထောင်သည်ကိုတွေ့ရှိရပြီးထိုအရေအတွက်သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် (၅)ခုသို့တိုးလာရန်မျှော်မှန်းပါသည်။ ကြီးထွားလာမှုအများစုမှာ ပုဂ္ဂလိကနိုင်ငံ ခြားစက်ရုံများဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်ငန်းများသည်အများဆုံးဖြစ်၍ဤကဏ္ဍတွင် လွှမ်းမိုးသည့် ကဏ္ဍမှပါဝင်လာနိုင်ပါသည်။ ကဏ္ဍအတွင်း အခြားအဓိကFDIအရင်းအမြစ်များမှာတရုတ်၊ ဟောင်ကောင် (တရုတ်)၊ တရုတ်(တိုင်ပေ)နှင့်ဂျပန်တို့ပါဝင်ပါသည်။

ရန်ကုန်မြို့တွင်စုနေသည့်(ခန့်မှန်းခြေ၉၅%)လုပ်ငန်းတွင် ပြည်တွင်းဈေးကွက်အတွက် ထုတ်လုပ်မှုနှင့် CMPအဖြစ်လူသိများသည့်နိုင်ငံခြားကုန်ဝယ်သူများ အတွက်ချုပ်ပေးရသည့် စာချုပ်ချုပ်ဆိုမှုများပါဝင်ပါသည် CMPထုတ်လုပ်မှုနည်းလမ်းအရ ကုန်ဝယ်သူများကမြန်မာစီးပွားရေးလုပ်ငန်းရှင်များကိုအထည်ချုပ်လုပ်ငန်းအတွက် လိုအပ်သောသွင်းအားစုများပေး၍ ၎င်းတို့က ဖြတ်ညှပ်ချုပ်ပေးရပါသည်။

FOBအထည်ချုပ်ထုတ်လုပ်မှုနည်းလမ်းမှာ ထုတ်လုပ်သူကမိမိကိုယ်တိုင်သွင်းအားစုများဝယ်ယူပြီး အချို့ကိစ္စများတွင် အထည်ကို ဒီဇိုင်းပြုလုပ်၍CMP ထက်တန်ဖိုးထိန်းသိမ်းခြင်းနှင့် မြင့်မားမှုပိုင်းတွင်အခွင့်အလမ်း ပိုမို ရရှိပြီးနိုင်ငံအများအပြားရှိ အထည်ချုပ်လုပ်ငန်းများတရွေ့ရွေ့ဖြစ်ပေါ်လာမှုတွင်တွေ့ရမြဲနောက်ထပ်ခြေလှမ်းတစ်လှမ်းဖြစ်ပါသည်။ မြန်မာအထည်ချုပ်ကဏ္ဍ၏မဟာဗျူဟာဦးတည်ချက်သည်တရွေ့ရွေ့ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေမည့်ထုတ်လုပ်မှုစွမ်းဆောင်ရည်များနှင့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြစ်ပါသည်။

**ဇယား-၁ မြန်မာနိုင်ငံအတွင်းအစိုးရလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ဝါဂွမ်းနှင့်အထည်အလိပ်ထုတ်လုပ်မှု**

| | ၂၀၁၂ခုနှစ်ထွက်ရှိမှု | အစိုးရလုပ်ငန်းများ၏ စုစုပေါင်းဝေစု | ပုဂ္ဂလိကလုပ်ငန်းများ၏ စုစုပေါင်းဝေစု |
|---|---|---|---|
| အစေ့ဝါဂွမ်း | ၆၅၀၀၀ တန် | | |
| လင့်ဝါဂွမ်း | ၂၅၀၀၀ တန် | ၉၀% | ၁၀% |
| ချည်မျှင်ထုတ်လုပ်သည့်ဝါဂွမ်း | ၃၅၀၀၀ တန် | ၉၂% | ၈% |
| ရက်လုပ်သည့်ဝါဂွမ်း | ၁၈၈မီတာ သန်းပေါင်း | ၅၇% | ၄၃% |

| | | | |
|---|---|---|---|
| ပိတ်အချောထည် | ၂၂မီတာ<br>သန်းပေါင်း | ၉၆% | ၄% |

ရင်းမြစ်- A.Kစိုး(၂၀၁၂)ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာအထည်အလိပ်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကိုခြုံငုံရှုမြင်ချက်/ပါဝါပွိုင့်တင်ပြချက်-www.thaitextile.org.tdc/wpပါဝင်မှု/uploads/2011/08/Bangkok-Seminar.pdf

## ထုတ်လုပ်မှု

၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံသည်ဝါဂွမ်းအစေ့တန်ချိန် ၆၆၀၀၀တန်၊လင့်ဝါဂွမ်းတန်ချိန် ၂၅၀၀၀တန်၊ ရက်လုပ်ပြီးအထည်အလိပ်မီတာ ၁၈၈သန်းနှင့် ကုန်ချောရက်လုပ်ပြီးအထည်အလိပ်မီတာ ၂၂သန်းထုတ်လုပ်ခဲ့ပါသည်။ဇယား-၁တွင်ပြထားသည့်အတိုင်းနိုင်ငံပိုင်အထည်အလိပ်ထုတ်လုပ်သူများက အထည်အလိပ်ထုတ်လုပ်မှုအများဆုံးအတွက်တာဝန်ရှိပါသည်။ နိုင်ငံအနေနှင့် ဇာထိုးပန်းထိုးနှင့် အလှဆင်အထည်များမှ အထည်အလိပ်ကို မဆိုစလောက်ပမာဏသာထုတ်လုပ်ပါသည်။

၂၀၁၂ခုနှစ်တွင်ပြည်တွင်းဝယ်လိုအားမီတာ ၃၈၇ သန်း၏ ၆%ကိုသာ အထည်အလိပ်ထုတ်လုပ်မှုက ဖြည့်ဆည်းပေးခဲ့ပြီးကျန်ပမာဏကိုနိုင်ငံခြားမှတင်သွင်းခဲ့ပါသည်။ အကြမ်းအားဖြင့်ပြည်တွင်းအထည်အလိပ် ထုတ်လုပ်မှု၏တစ်ဝက်ကို ပြည်တွင်းဈေးကွက်အတွက်လုံချည်များနှင့် အခြားအထည်များအတွက်သာအသုံးပြုပြီးအခြားတစ်ဝက်ကို အထည်အလိပ်ပို့ကုန်ထုတ်လုပ်ရာတွင်အသုံးပြုပါသည်။ ကဏ္ဍအတွင်းပါဝင်ပတ်သက်လုပ်ကိုင်သူများအကြား အထည်အလိပ်ကဏ္ဍသည် အထည်ချုပ်ကဏ္ဍနှင့် အမီလိုက်နိုင်မည်ဟူသောမျှော်လင့်ချက်နည်းပါးပါသည်။ အထည်အလိပ်စက်ရုံများသည် ပိုမိုထုတ်လုပ်လာနိုင်ပြီး၂၀၁၂ ခုနှစ်တွင် တင်ပို့ခဲ့သည့်အမေရိကန် ဒေါ်လာ ၂.၄သန်း ထက်ပိုမိုတင်ပို့လာနိုင်ဘွယ်ရှိပါသည်။ သို့ရာတွင်ပြည်တွင်းချုပ်ထည်ထုတ်လုပ်မှုသည်နိုင်ငံခြားမှတင်သွင်းသည့် သွင်းအားစုများကိုသာအသုံးပြုရသဖြင့် အထည်အလိပ်ကဏ္ဍ၏ပြည်တွင်းဈေးကွက်ဝေစုသည် ဆက်လက် ကျဆင်းနေမည်ဟုမှန်းဆရပါသည်။

ပြည်တွင်းအထည်ထုတ်လုပ်သည့် ကုမ္ပဏီများအကြားအဓိကမှာ အထည်အလိပ်စက်မှုလုပ်ငန်းဖြစ်ပြီး အစိုးရကဏ္ဍ၏ရက်ထည်ထုတ်လုပ်မှု၏၃ပုံ၂ပုံဖြစ်၍စက်ရုံ(၁၁)ရုံကိုလုပ်ကိုင်ပြီး စက်မှုဝန်ကြီးဌာနကစီမံကြီးကြပ်ပါသည်။ပုံ-၂တွင်ဖော်ပြထားသည့်အထည်အလိပ်စက်ရုံများတည်နေရာကို ရန်ကုန်မှကီလိုမီတာ (၆၂၇) ပျမ်းမျှအကွာအဝေးတွင်တည်ရှိ၍နိုင်ငံတွင်းပျံ့နှံ့လျှက်ရှိပြီးအထည်အလိပ်ထုတ်လုပ်မှု၉၅%လုပ်ကိုင်ပါသည်။၎င်းသည်မှာပြည်တွင်းအထည်အလိပ်ကဏ္ဍနှင့်ချုပ်ထည်ကဏ္ဍအကြားအဆက်ပြတ်မှုကိုပြဆိုပြီးအထည်အလိပ်လုပ်ငန်းသည်ပြည်တွင်းဈေးကွက်ကို အားစိုက်၍အထည်ချုပ်လုပ်ငန်းသည် နိုင်ငံတကာဈေးကွက်ကိုမှီခိုအားထားနေရပါသည်။

အဝတ်အထည်ထုတ်လုပ်မှု၏၉၀% ကျော်မှာအမျိုးသားရှပ်အင်္ကျီများ၊ဝတ်စုံများ၊ ဂျက်ကက်များနှင့် ကုတ်အင်္ကျီများအပါအဝင် အမျိုးသမီးချုပ်ထည်အများစုနှင့်မတူဘဲ ၎င်းတို့သည်သွင်ပြင်လက္ခဏာများစွာ ခြားနားမှု မရှိဘဲပမာဏများပြားသည့်ကုန်အမှာလွှာများရရှိသဖြင့်၎င်းတို့၏ ထုတ်လုပ်မှုလိုင်းအတွက် အရည်အသွေးအာမခံချက်နှင့်စက်ရုံနေရာစီမံခန့်ခွဲရေးပိုင်းတွင်ကန့်သတ်မှုမရှိစေဘဲ စွမ်းဆောင်ရည်မြင့်မားစွာထုတ်လုပ်ရန် မြန်မာစက်ရုံများကိုအခွင့်သာစေပါသည်။

## ပုံ-၂ ရန်ကုန်မြို့အထည်ချုပ်လုပ်ငန်းနယ်ပယ်ရှိ မြန်မာ့အထည်အလိပ်စက်ရုံများ၏ အကွာအဝေးပြမြေပုံ




Source: Soe, A. K. (2012). Overview of Myanmar textile industries and investment opportunity for Thai investors. PowerPoint presentation. Available from www.thaitextile.org/tdc/wp-content/uploads/2011/08/Bangkok-Seminar.pdf.

### လူမှုရေးသက်ရောက်မှု

ဤကဏ္ဍအတွက် MGMAကခန့်မှန်းသည့်စုစုပေါင်းအလုပ်အကိုင်ချထားမှုမှာ (၂၆၀၀၀၀)ဖြစ်ပြီး နိုင်ငံ၏စုစုပေါင်း လုပ်သားအင်အား၏၁%မျှသာဖြစ်၍စံပြစက်ရုံခန့်ထားမှုမှာလုပ်သား (၃၀၀) နှင့် (၂၀၀၀) ကြားရှိပါသည်။ရှေ့လာမည့်(၃)နှစ်တွင် မျှော်မှန်းသကဲ့သို့ကဏ္ဍကကြီးထွားလာလျှင် အလုပ်သမားလိုအပ်ချက်မှာ ခုနှစ်သိန်း (သို့မဟုတ်)ရှစ်သိန်းခန့်ဖြစ်လာနိုင်ပါသည်။ ဤလုပ်ငန်းအတွက် အဓိကရင်းမြစ်မှာလူငယ်လူရွယ်များ၊ကျေးလက်ရွှေ့ပြောင်းလုပ်သားများနှင့် နိုင်ငံခြားအထည်စက်ရုံများတွင် လုပ်ကိုင်ရာမှပြန်လာသည့် မြန်မာနိုင်ငံသားများဖြစ်ပါသည်။ပထမအုပ်စု (၂)ခုမှာလုပ်ခနည်း၍ကျွမ်းကျင်မှုနည်းသည့် လုပ်သား ရင်းမြစ်ဖြစ်၍ ပြန်လာသည့်နိုင်ငံသားများသည်ထိုင်းနိုင်ငံနှင့်အခြားဒေသတွင်းနိုင်ငံများ၏ပိုမိုတိုးတက်သည့် အထည်ချုပ်စက်ရုံ များတွင်ရရှိခဲ့သည့် နည်းပညာနှင့်စီမံခန့်ခွဲရေးပိုင်း ကျွမ်းကျင်မှုများဖြင့် နိုင်ငံကိုအကျိုးပြုနိုင်ပါသည်။

MGMA ၏အဆိုအရကဏ္ဍသည် အမျိုးသမီးများအတွက်အရေးပါသည့်အလုပ်အကိုင်အခွင့်အလမ်းဖြစ် ၍လုပ်သားထု ၏လေးပုံသုံးပုံကျော်ပါဝင်ပါသည်။ ဤသည်မှာသက်ကြီးလုပ်သားထုတွင် အမျိုးသမီး၄၆% ပါဝင်မှုထက်ပိုမိုမြင့်မားပါသည်။ ကဏ္ဍ၏မြင့်မားသည့်လုပ်သားလိုအပ်ချက်နှင့် ကျွမ်းကျင်မှုနည်းပါးသည့်လိုအပ်ချက်သည် လူငယ်လူရွယ်များအလုပ်အကိုင်ရရှိ ရန်ကောင်းမွန်သည့်အခွင့်အလမ်းဖြစ်ပါသည်။

အထည်ချုပ်ကဏ္ဍတွင်စံပြလစဉ်လုပ်ခမှာ အချိန်ပိုလုပ်ခအပါအဝင်(၁)လလျှင်အမေရိကန်ဒေါ်လာ၉၀ခန့် ဖြစ်ပါသည်။ မြန်မာအလုပ်သမားဥပဒေများနှင့်ဤကဏ္ဍ၏စံများကအလုပ်သမားများအား စက်ရုံတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ရန်လွယ်ကူစေပြီး

ကြီးထွားလျက်ရှိသည့်ဤကဏ္ဍအတွင်း လုပ်သားလိုအပ်ချက်မြင့်မားနေပြီးအလုပ်သမားများသည် လအနည်းငယ်(သို့မဟုတ်) သီတင်းပတ်အနည်းငယ်ကြာပြီးနောက်လုပ်ခလစာများများရသည့် အလုပ်သို့ပြောင်းရွှေ့ခြင်းမှာဖြစ်ရိုးဖြစ်စဉ်ဖြစ်ပါသည်။ ဤအခြေအနေသည်လုပ်သားရှု့ထောင့်မှကြည့်လျှင်လက်ခံနိုင်ဖွယ် ရှိသော်လည်းကျွမ်းကျင်မှုမြင့်မားသည့် နည်းပညာရှင်များအဖြစ်လေ့ကျင့်ပေးရန်အလုပ်ရှင်များကနောက်တွန့်နေကြပါသည်။ ၎င်းတို့ကနိုင်ငံခြားသားနည်းပညာရှင်များကိုခေါ်ယူလိုကြသော်လည်း အရေအတွက်နှင့်နေထိုင်ခွင့်ကာလတွင်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၏စည်းမျဉ်းများကအကန့်အသတ်ဖြစ်စေပါသည်။

## တန်ဖိုးကွင်းဆက်ဆိုင်ရာဆောင်ရွက်မှုများ

### သွင်းအားစုရှာဖွေခြင်း

အလုပ်သမားသည်အထည်ချုပ်လုပ်ငန်းအတွက်အငြင်းပွားဖွယ်ရာ အရေးပါဆုံးသွင်းအားစုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်စက်မှုလုပ်ငန်းသည် လုပ်သားလိုအပ်မှုမြင့်မားပြီးထုတ်လုပ်မှုသည်မကြာခဏလုပ်ခနည်းသည့်နေရာသို့ နိုင်ငံတကာအနေအထားအရပြောင်းရွှေ့ကြပါသည်။လုပ်သားအများစုသည် ကျွမ်းကျင်မှုနိမ့်သော်လည်း နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမဆိုင်ရာကျွမ်းကျင်မှု အခြေခံလိုအပ်ပါသည်။ ထုတ်လုပ်မှုအခြေခံနိမ့်သည့် မြန်မာနိုင်ငံတွင် ဤကျွမ်းကျင်မှုကို အလျင်အမြန်သင်ကြားခြင်း(သို့မဟုတ်)တင်သွင်းခြင်းပြုလုပ်ရပါမည်။ မြန်မာအထည်ချုပ်ကဏ္ဍသည် အလုပ်သမားဝန်ကြီးဌာနမှစက်ရုံတည်ထောင်ရေးနှင့်လုပ်ကိုင်ရေးတွင်အရေးပါသည့်လျှပ်စစ်သွယ်တန်းခြင်း၊ဂဟေဆော်ခြင်း၊ကြီးကြပ်ခြင်းတို့အပါအဝင် အရေးပါသည့်ကျွမ်းကျင်မှုများကိုလေ့ကျင့်သင်ကြားပေးခြင်းမှအကျိုးအမြတ်ရရှိပါသည်။ အထည်ချုပ်လုပ်ငန်းအတွက်ပို၍တိကျသည်မှာဂျပန်နိုင်ငံမှ ဝယ်သူများ၊ အထည်ချုပ်လုပ်ငန်းအတွက် မြန်မာနိုင်ငံ၏အကြီးမားဆုံးဈေးကွက်ဖြစ်ပြီး အရည်အသွေးအာမခံနိုင်ရန်ပထမအမှာလွှာနှင့် အတူအထူးသဖြင့်နည်းပညာဆိုင်ရာသင်တန်းကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတွင်ဂျပန်၏ စီးပွားရေးအကျိုးအမြတ်ထည့်သွင်းစဉ်းစား၍ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကများစွာသောနည်းပညာဆိုင်ရာ အထောက်အကူပြုစီမံကိန်းများတည်ထောင်ပေးပြီးတစ်ဦးတည်းဖြစ်စေ၊ MGMAနှင့်ပူးပေါင်း၍ဖြစ်စေ မြန်မာအထည်ချုပ်လုပ်သားများအား အပ်ချုပ်စက်ကိုင်တွယ်မောင်းနှင်ခြင်း၊ချုပ်ထည်ထုတ်လုပ်ခြင်း၊အထည်ချုပ်လုပ်ငန်းကြီးကြပ်ခြင်းတို့ကိုလေ့ကျင့်သင်ကြားပေးပါသည်။ ကွန်ပျူတာအထောက်အကူပြုဒီဇိုင်းတွင်ကျွမ်းကျင်မှုမြှင့်တင်ရန် တရုတ်နိုင်ငံကဲ့သို့ကမ္ဘာ့ဦးဆောင်အထည်ချုပ်လုပ်ငန်း နိုင်ငံခြားတိုင်းပြည်များမှ သင်တန်းဆရာများကို အများအားဖြင့်ငှားရမ်းရပါသည်။

သို့ရာတွင်အထည်အလိပ်နှင့်အဝတ်အထည်များအတွက်အခြေခံသွင်းအားစုမှာချည်မျှင်ဖြစ်ပြီး သဘာဝ အားဖြင့်ဖြစ်စေ၊ လူလုပ်သည့်အမျှင်အားဖြင့်ဖြစ်စေပြုလုပ်ထားသောချည်ခင်ဖြစ်၍ ရက်လုပ်ခြင်း၊ ဇာထိုးပန်းထိုးခြင်း၊ လက်ဖြင့်တစ်ချောင်းထိုးခြင်း၊ အလှအပပန်းထိုးခြင်းနှင့် အပ်ချည်အဖြစ်အသုံးပြုရန်တို့ဖြစ်ပါသည်။ အခြားအထည်ချုပ် အစိတ်အပိုင်းများမှာကြယ်သီးများ၊ ဇစ်ကြိုးများ၊ အလှကပ်ပန်း၊ အခြားပုံစံထုတ်ထားသော အလှဆင်ပစ္စည်းများ၊ ဆိုးဆေးများနှင့်အချောသတ်ဆေးများဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ဓါတုဗေဒသွင်းအားစုများမှာ ဆပ်ပြာနှင့်ဂျီးချွတ်ဆေးပစ္စည်းများအယ်လ်ကာလီ (ဆိုဒီယမ်ဟိုက်ဒရောက်ဆိုဒ်)ချွတ်ဆေး(ဟိုက်ဒြိုဂျင်ပါရောက်ဆိုဒ်)နှင့် အမျှင်အမျိုးအစားနှင့်အပြီးသတ်ပုံစံပေါ် မူတည်၍အခြားဓါတုဗေဒပစ္စည်းများပါဝင်ပါသည်။ စက်ကိရိယာနှင့် စက်ပစ္စည်းတွင် ရက္ကန်းစက်များ၊ အပ်ချုပ်စက်များ၊ဓါတုဗေဒ သုံးစွဲရန်အတွက်စက်ပစ္စည်းများ၊ ဒီဇိုင်းအတွက် ဆောဖ်ဝဲလ်နှင့်အလိုအလျောက်ပုံဖော်စက်နှင့်ထုတ်ပိုးပစ္စည်းများပါဝင်ပါသည်။

မြန်မာနိုင်ငံ၏အထည်အလိပ်ထုတ်လုပ်မှုမှာ ဝါဂွမ်းရက်ထည်အများအပြားဖြစ်ပါသည်။ ဤသည်မှာ အထည်ချုပ်ကဏ္ဍသွင်းအားစု၏၅%ခန့်ရှိ၍ အခြားသွင်းအားစုအားလုံးကိုအများအားဖြင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှတင်သွင်းရပါသည်။ ကြယ်သီးကဲ့သို့အလှဆင်ပစ္စည်းများကို အများအပြားအရေအတွက်ဖြင့်ပြည်တွင်းမှ မထုတ်လုပ်နိုင်ပါ။ယခင်အချိန်ကSOEsများကအဓိကဓါတုဗေဒပစ္စည်းများနှင့် စက်ကိရိယာများထုတ်လုပ်ပါသည်။ယင်းSOEsအများစုမှာပိတ်သိမ်းခြင်းပြောင်းလဲခြင်းပြုလုပ်ကြရာကျန်စက်ရုံများမှာ ခေတ်နောက်ကျသည့်နည်းပညာကိုအခြေခံ၍ အရည်အသွေးနိမ့်ကျသည့် ဓါတုဗေဒပစ္စည်းနှင့်စက်ကိရိယာများ ထုတ်လုပ်ပါသည်။

CMPအထည်ချုပ်လုပ်ငန်းတွင်အသုံးပြုရန်အတွက် တင်သွင်းသည့်သွင်းအားစုများမှာ အခွန်ကင်းလွတ်ခွင့်ရှိသော်လည်း FOBထုတ်လုပ်မှုအတွက်သွင်းအားစုများမှာအခွန်ကင်းလွတ်ခွင့်မရှိပါ။ ဤသည်မှာအထည်ချုပ်လုပ်ငန်းရှင်များ၏ အရေးပါ

သည့်ပေါ်လစီအငြင်းပွားမှုဖြစ်၍ ၎င်းတို့ကဤကဏ္ဍရေရှည်အောင်မြင်မှုအတွက် FOB ကသောချက်ကျသည်ဟုထင်မြင်ယူဆကြပါသည်။

## ထုတ်လုပ်ခြင်းနှင့်အသွင်ကူးပြောင်းခြင်း

အထည်အလိပ်ထုတ်လုပ်မှုသည် အခြေခံအားဖြင့်ချည်မျှင်ကိုပြောင်းလဲခြင်းပါဝင်၍ တစ်ခါတစ်ရံ ချည်မျှင်များကို ရက်လုပ်ခြင်း၊ ဇာထိုးပန်းထိုးခြင်း အလှဆင်ခြင်းတို့ကို ပိတ်စဖြင့်ပြုလုပ်ခြင်းပါဝင်ပါသည်။ ဤသည်မှာဆေးဆိုးခြင်း၊ပန်းရိုက်ခြင်း၊ အချောကိုင်ခြင်းတို့ပါဝင်၍ ပိတ်စသည်ခြားနားသည့်အရောင်အသွေးနှင့်ထိတွေ့မှုရရှိစေပြီးတစ်ခါတစ်ရံတွင် လုပ်ငန်းဆိုင်ရာလက္ခဏာများ(ဥပမာ-မီးလောင်မလွယ်ခြင်း) ရရှိစေပါသည်။လုပ်ငန်းစဉ်များတိကျစွာလုပ်ဆောင်နိုင်မှုသည် ကုန်ပစ္စည်းအမျိုးအစားပေါ်များစွာမူတည်ရာ ဥပမာအားဖြင့် ဝါဂွမ်းနိုင်လွန်၊ ပိုးထည်နှင့်သက္ကလပ်ကဲ့သို့ပစ္စည်းများဖြစ်သည်။

မြန်မာနိုင်ငံ၏အဓိကအထည်အလိပ်ထုတ်လုပ်သည့် SOEs လုပ်ငန်းလေးခုမှာ ဝါဂွမ်းရက်ထည်ထုတ်လုပ်ခြင်းတွင်ပါဝင်၍အခြေခံဆေးဆိုးခြင်း၊ပန်းရိုက်ခြင်းနှင့်အချောကိုင်ခြင်းတို့ကိုဆောင်ရွက်ပါသည်။ သို့ရာတွင်စက်ကိရိယာအများအပြားမှာ နှစ်(၄၀)ကျော်အိုဟောင်းနေပြီဖြစ်၍ခေတ်နောက်ကျသည့်နည်းဖြင့်ထုတ်လုပ်မှုပုံစံသစ်က လိုအပ်သည့်အတိုင်းအများဆုံးထိရောက်မှုရှိစေရန် ပုံစံပြောင်းကာကွယ်လုပ်ဆောင်ထားရပါသည်။

အထည်ချုပ်ထုတ်လုပ်ခြင်းသည် အထည်အလိပ်၊ အပ်ချည်နှင့်အလှဆင်ပစ္စည်းများကို အဆင့်(၄)ဆင့် ဖြင့်ပြောင်းလဲပေးရပြီး၎င်းတို့မှာဒီဇိုင်းလုပ်ခြင်း၊ဖြတ်ညှပ်ခြင်း၊စက်ချုပ်ခြင်းနှင့်ပုံစံကျမီးပူတိုက်ခြင်းတို့ပါဝင်ပါသည်။မြန်မာနိုင်ငံ၏ CMP ထုတ်လုပ်မှုတွင်လုပ်ငန်းများသည် ဖြတ်ညှပ်ခြင်း၊ချုပ်ခြင်း၊မီးပူတိုက်ခြင်းမပြုမီ နိုင်ငံခြားကုန်ဝယ်သူများထံမှဒီဇိုင်းနှင့်သွင်းအားစုများရရှိပါသည်။ အင်ဆိုက်ကလိုပီးဒီးယား၊ဘရစ်တနီးကား(Encyclopaedia Britannica)၏အဆိုအရအခြားလုပ်ငန်းစဉ်(၅)မျိုးရှိပြီး ၎င်းတို့ကိုတွဲဆက်တပ်ဆင်ခြင်း၊အလှဆင်ခြင်းနှင့်အချောသတ်ခြင်းတို့တွင်အသုံးပြုပါသည်။ ၎င်းတို့မှာအပူပေးခြင်း၊ကော်ကပ်ခြင်း၊ပေါင်းစပ်ခြင်း၊ပုံသွင်းခြင်းနှင့်သံမှိုရိုက်ခြင်းတွင်ဂရိုမက်လုပ်ခြင်းနှင့်အနားကွင်းထည့်ခြင်းသံရိုက်ခြင်းတို့ပါဝင်ပါသည်။ အမျိုးသားရှပ်အင်္ကျီများ၊ ဝတ်စုံများနှင့်ကုတ်များထုတ်လုပ်ရာတွင် ဤသည်တို့မှာများစွာမလိုအပ်ဘဲ၎င်းတို့ကိုမြန်မာလုပ်ငန်းအများစုကလုပ်ကိုင်နေပါသည်။ သို့ရာတွင်ထုတ်ကုန်အမယ်လိုင်းမျိုးစုံထုတ်လုပ်ရန်နှင့်အထည်ချုပ်ကဏ္ဍကြီးပွားတိုးတက်ရန်မြန်မာနိုင်ငံသည် ဤစွမ်းဆောင်ရည်များကိုကျယ်ကျယ်ပြန့်ပြန့်လိုအပ်လာမည်ဖြစ်ပါသည်။

အထက်ပါထုတ်လုပ်မှုတွင် လုပ်ငန်းအများစုကိုလက်ဖြင့် သို့မဟုတ်အလိုအလျောက်နည်းဖြင့် ပြုလုပ်ရာတွင်အသုံးပြုသည့်ထပ်ဆင့်လုပ်ငန်းစဉ်နှင့် ကိရိယာများသည်ထုတ်လုပ်သည့်ထုတ်ကုန်နှင့် နည်းပညာဆန်းကြယ်မှု အပေါ်မူတည်၍ကွဲပြားခြားနားပါသည်။ ၎င်းတို့တွင်အသုံးပြုသည့်ထပ်ဆင့်လုပ်ငန်းစဉ်နှင့် ကိရိယာများ၏ ဥပမာအနေဖြင့်ဖြတ်ထုတ်ခြင်းအဆင့်တွင်၊ ပစ္စည်းများကိုဖြန့်ခွဲခြင်း၊ဖြတ်ညှပ်ရန်ပြုလုပ်ခြင်းနှင့်ဖြတ်ညှပ်ခြင်းတို့ ပါဝင်ပါသည်။တစ်ခုချင်းကကွဲပြားသည့်စက်တစ်မျိုး ကိုအသုံးပြု၍၎င်းတို့ကုန်ကျစရိတ်မှာ တိကျမှုအဆင့်နှင့် အများဆုံး ပမာဏတို့နှင့်အချိုးညီပါသည်။ ဥပမာအားဖြင့် ဖြတ်ညှပ်သည့်ကိရိယာများသည်အခြေခံလည်ပတ်သည့် ဘလိပ်ပြားစက်မှအော်တိုမက်တစ်ကွန်ပျူတာတပ်ဆင်ထားသော လေဆာရောင်ခြည်ဖြတ်စက်များအထိပါဝင်ပါသည်။

မြန်မာလုပ်ငန်းအများစုမှာအလိုအလျောက်လုပ်ငန်းစဉ်များထက်လက်ဖြင့်ပို၍အသုံးပြုပါသည်။ အကြောင်းမှာ အော်တိုမက်တစ်စက်များနှင့် အော်တိုကတ်ဆော့ဝဲလ်လိုင်စင်များ၏ ဈေးနှုန်းကြီးမြင့်မှု၊မောင်းနှင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့်ကျွမ်းကျင်မှုရှိသည့်အလုပ်သမားမရှိခြင်း၊ လုပ်ငန်းခွင်သင်တန်းပေးခြင်းစရိတ်နှင့် ညီမျှသည့်ကျွမ်းကျင်လုပ်သားများအား ရေရှည်ထိန်းထားရန်အခက်အခဲတို့ ဖြစ်ပါသည်။

## ဈေးကွက်သို့ဖြန့်ဝေခြင်း

အထည်ချုပ်ကဏ္ဍသည် ဝယ်သူမောင်းနှင်သည့်ဈေးကွက်ဖြစ်၍ ၎င်းတွင်ကြီးမားသည့်လက်လီသမားများ၊ ဈေးကွက်ဖော်ဆောင်သူများနှင့် အမှတ်တံဆိပ်လုပ်၍ထုတ်လုပ်သူများက အာရှတိုက်၏လုပ်ခနည်းပါးသည့် လူဦးရေရှိသည့်နေရာများတွင်အခြေခံအားဖြင့်တည်ရှိပြီး ပြန့်ကြဲလျက်ရှိသည့်ထုတ်လုပ်မှုကွန်ရက်ကိုချုပ်ကိုင်၍ မောင်းနှင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ၏CMP စက်ရုံများကိုစက်ရုံမရှိသည့် အထည်ချုပ်ကုမ္ပဏီများကဆပ်ကန်ထရိုက် လုပ်နိုင်သည်၊သို့မဟုတ်၎င်းတို့ကအဓိကနိုင်ငံတကာ ဖြန့်ဖြူးသူ(၃)မျိုးသို့ တိုက်ရိုက်ရောင်းချနိုင်ပြီး ၎င်းတို့ကတဖန် အဓိကလက်လီလက်ခွဲ(၄)မျိုးသို့ရောင်းချနိုင်ပါသည်။ နိုင်ငံတကာ ဖြန့်ဖြူးသူများသည် အမှတ်တံဆိပ်ရှိအဝတ်အထည်ကုမ္ပဏီများ၊ပင်လယ်ရပ်ခြား ဝယ်ယူသည့်ရုံးများနှင့်အရောင်းအဝယ်လုပ်သည့် ကုမ္ပဏီ

များဖြစ်ပါသည်။ လက်လီလက်ခွဲများမှာကုန်တိုက်များ၊အထူးပြုစတိုးဆိုင်များ၊ ကုန်ရောင်းဝယ်သည့်နေရာများနှင့် တန်ဘိုးလျှော့ချရောင်းသည့်နေရာများဖြစ်ပါသည်။ဤလက်လီသမားများက တဖန်၎င်းတို့ပိုင်စတိုးဆိုင်များ၊စက်ရုံခွဲများ၊ဝက်ဘ်ဆိုက်များနှင့် စာတိုက်ကတ်တလောက်များမှတဆင့် သုံးစွဲသူများသို့ရောင်းချပါသည်။

## ပုံ-၃၊ အထည်ချုပ်ကဏ္ဍ လက်ရှိတန်ဘိုးကွင်းဆက်အခြေအနေ



## သွင်းကုန်လုပ်ငန်းများ

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံကအထည်အလိပ်များကိုတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁. ၀၈ ဘီလီယံတင်သွင်းခဲ့ရာ ၎င်းတွင်ချုပ်ပြီးအချောထည်များမှာ အမေရိကန်ဒေါ်လာ ၈၆သန်းသာပါရှိပါသည်။ လူလုပ် ချည်မျှင်များနှင့်ချည်မျှင်( HS 55 နှင့်HS 54)သည်အထည်အလိပ်သွင်းကုန်တန်ဖိုး၏၄၂%ရှိ၍ဝါဂွမ်းထည် (HS52) သည်၂၂%သာရှိပါသည်။ဂဏန်း၆လုံးHS အဆင့်တွင်အမျိုးအစား ၂၀မျိုးသာကဏ္ဍသွင်းကုန်များ၏တစ်ဝက်ပါဝင်ပါသည်။ဇယား-၂သည်မြန်မာနိုင်ငံတွင် အဝတ်အထည်ထုတ်လုပ်ရန်အတွက်အဓိက သွင်းအားစုများကိုဖော်ပြထားပါသည်။

**ဇယား-၂ ၂၀၁၂ခုနှစ်တွင်မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ထိပ်တန်းအမျိုးအစား(၂၀)၏ တင်သွင်းမှုတန်ဖိုးများ (အမေရိကန်ဒေါ်လာသန်း)**

| HS ကုတ် | ကုန်ပစ္စည်းအမည် | တန်ဖိုး |
|---|---|---|
| စုစုပေါင်း | အထည်အလိပ်နှင့်အဝတ်အထည်များအားလုံး( HS50 to HS 63) | ၁၁၆၆ |
| 551219 | ရက်ပြီးပိတ်စပါဝင်သော>/= 85%ဆေးဆိုးပြီးအလေးချိန်စီးသောဓာတုချည်မျှင်၊ ချည်ဖြင့်ပြုလုပ်ထားပြီး ကာလာစုံ (သို့) ပန်းရိုက်ပြီး | ၁၂၀ |
| 540761 | ရက်ပြီးပိတ်စ > = 85% ဓာတုချည်နန်းမျှင်ဖြင့်လုပ်ထားပြီး ဆေးမဆိုးထားသောအရာ | ၄၈ |
| 520852 | ဝါဂွမ်းဖြင့်ရက်လုပ်ထားသောပိတ်စပြောင် >/= 85%,>100 $g/m^2$ to 200 $g/m^2$ပန်းရိုက်ပြီး | ၃၈ |
| 520811 | ဝါဂွမ်းဖြင့်ရက်လုပ်ထားသောပိတ်စပြောင် > /= 85%, 100$g/m^2$ထက်မများဘ အရောင်မချွတ်ထားသောအစ | ၃၆ |
| 540752 | ရက်ပြီးပိတ်စများ > /= 85%ဓာတုချည်မျှင်ဖြင့်လုပ်ထားပြီး ဆေးဆိုးထားသောအရာ | ၃၂ |
| 520514 | ဝါဂွမ်းချည်များ > /= 85%Single,uncombed , 192.31. decitex./=125, not put up | ၂၉ |
| 551614 | ရက်ပြီးပိတ်စများပါဝင်သော>/=85%လူလုပ်ဓာတုချည်မျှင်ဖြင့်လုပ်ထားပြီးဆေးဆိုးထားသောအရာ | ၂၅ |
| 540742 | ရက်ပြီးပိတ်စများ> /= 85%နိုင်လွန်/အခြားဆေးဆိုးထားဓာတုချည်မျှင် | ၂၅ |
| 551331 | ဓာတုချည်ဖြင့်ရက်လုပ်ထားသောပြောင်ပိတ်စ<85%ရောနှောပြီး w/cot, </=170$g/m^2$ဆေးဆိုးပြီးချည်ခင် | ၂၃ |
| 560811 | အထုံးထုံးထားသောငါးဖမ်းပိုက်များ၊ လူလုပ်ထားသောအထည်အလိပ်ပစ္စည်းများ | ၂၂ |
| 600632 | ဆေးဆိုးထားသောပိတ်စ၊ဇာထိုး(သို့မဟုတ်) ပန်းထိုးဖြင့်လုပ်ထားသောဓာတုချည်မျှင်ထည် | ၂၂ |
| 520548 | အဆင့်ဆင့်ခေါက်လုပ်ထားသောဝါဂွမ်းချည်> /= 85%multiple,uncombed , <83.33 decitex.not retail | ၂၀ |
| 551211 | ရက်ပြီးပိတ်စများ>/=85%အရောင်ချွတ်ပြီး(သို့)မချွတ်ထားသောဓာတုချည်မျှင်ဖြင့်တွဲဆက်ထားသည့်ပိတ်စများ | ၁၉ |
| 630140 | လူလုပ်ဓာတုချည်ပိတ်ဖြင့်ပြုလုပ်ထားသောစောင်များ(အခြားလျှပ်စစ်ထက်)နှင့်ခရီးသွားကော်ဇောကြမ်းများ | ၁၆ |
| 520842 | ဝါဂွမ်းဖြင့်ရက်လုပ်ထားသောပိတ်စပြောင်>/=85%,>100$g/m^2$to200$g/m^2$ဆေးဆိုးချည်ခင် | ၁၆ |
| 621790 | အဝတ်အထည်ပစ္စည်းအစိတ်အပိုင်းများ၊ ဇာထိုးမထားသောအထည်အလိပ်ပစ္စည်းများအားလုံး | ၁၆ |
| 520839 | ဝါဂွမ်းဖြင့်ရက်လုပ်ထားသောပိတ်စ> /= 85%, 200$g/m^2$ထက်မများသောဆေးဆိုးထည် | ၁၅ |
| 551321 | ဓာတုချည်မျှင်ဖြင့်ရက်လုပ်ထားသောပိတ်စပြောင်>/=85%,ရောနှောပြီးw/cotton</=170$g/m^2$ ဆေးဆိုးထည် | ၁၅ |
| 600622 | ဆေးဆိုးထားသည့်ပိတ်စ၊ ဇာထိုး (သို့မဟုတ်) ပန်းထိုး | ၁၄ |
| 590320 | အရည်စုပ်လွယ်သည့်အထည်အလိပ်ပိတ်စများ၊တိရိစ္ဆာန်အဆီတို့ဖြင့်လိမ်းကျံကပ်ထားသောပိတ်စများ | ၁၃ |

**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

## ကမ္ဘာလုံးဆိုင်ရာအမြင်

### ကမ္ဘာတစ်လွှားသွင်းကုန်များ

ကမ္ဘာ့အထည်အလိပ်နှင့်အဝတ်အထည်ဈေးကွက်သည် အလွန်ကြီးမား၍အတိုင်းအတာအားဖြင့် တည်ငြိမ်ပြီးနိုင်ငံတကာကုန်သွယ်ရေး၏၄%နီးပါးခန့်ရှိပါသည်။၂၀၀၈ခုနှစ်နှင့်၂၀၁၂ခုနှစ်အတွင်းပျမ်းမျှနှစ်စဉ်သွင်းကုန် ကြီးထွားမှုမှာ သင့်တော်ရုံ ၃% ခန့်မျှသာရှိ၍ထိပ်တန်းအဆင့်ဈေးကွက်၂၀ခု၏အဆင့်သတ်မှတ်ချက်မှာ ၂၀၀၈ ခုနှစ်ကတည်းကမပြောင်းမလဲရှိပါသည်။ အမေရိကန်သည်ကမ္ဘာ၏အကြီးဆုံးဈေးကွက်ဖြစ်၍ ၎င်း၏ဈေးကွက်ဝေစု သည်ဒုတိယနေရာလိုက်သည့် ဂျာမဏီနိုင်ငံ၏၂ဆထက်ပိုသည့်၁၆%ဖြစ်ပါသည်။ နိုင်ငံတကာရောင်းဝယ်သည့် ကုန်စည်အများစုနှင့်နှိုင်းစာသော်အထည်အလိပ်နှင့်အဝတ်အထည်အတွက်သွင်းကုန်ဈေးကွက်သည် စုစည်းမှုရှိ၍ ထိပ်တန်းဈေးကွက် (၈)ခုသည် ကမ္ဘာ့ဈေးကွက်၏အများစုကိုဖော်ပြပါသည်။

**ဇယား-၃ ထိပ်တန်းကမ္ဘာအထည်အလိပ်နှင့်အဝတ်အထည်ဈေးကွက်(၂၅)ခု**

| တင်သွင်းသူများ | ၂၀၁၂ခုနှစ်တင်သွင်းသည့်တန်ဖိုး(ဒေါ်လာသန်း) | ဈေးကွက် ဝေစု (%) | တင်သွင်းသူ များ | ၂၀၁၂ခုနှစ်တင်သွင်းသည့်တန်ဖိုး(ဒေါ်လာသန်း) | ဈေးကွက် ဝေစု (%) |
|---|---|---|---|---|---|
| ကမ္ဘာ | ၆၈၆၈၀၃ | ၁၀၀ | ကနေဒါ | ၁၃၃၁၃ | ၁. ၉ |
| အမေရိကန် | ၁၀၇၆၃၂ | ၁၅. ၇ | UAEနိုင်ငံများ | ၁၂၅၃၁ | ၁. ၈ |
| ဂျာမဏီ | ၄၉၉၉၂ | ၇. ၃ | ဘယ်လ်ဂျီယမ် | ၁၂၁၇၄ | ၁. ၈ |
| ဂျပန် | ၄၁၅၀၂ | ၆. ၀ | ကိုရီးယားသမ္မတနိုင်ငံ | ၁၁၈၁၂ | ၁. ၇ |
| တရုတ် | ၄၀၈၆၃ | ၅. ၉ | တူရကီ | ၁၁၃၅၄ | ၁. ၇ |
| UK | ၃၁၁၇၅ | ၄. ၅ | မက္ကဆီကို | ၉၄၂၅ | ၁. ၄ |
| ပြင်သစ် | ၂၈၁၂၂ | ၄. ၁ | ဩစတြေးလျ | ၈၂၄၃ | ၁. ၂ |
| ဟောင်ကောင် (တရုတ်) | ၂၅၇၅၂ | ၃. ၇ | အင်ဒိုနီးရှား | ၈၁၄၄ | ၁. ၂ |
| အီတလီ | ၂၄၇၁၀ | ၃. ၆ | ဘင်္ဂလားဒေ့ရှ် | ၇၇၆၀ | ၁. ၁ |
| စပိန် | ၁၇၃၈၃ | ၂. ၅ | ပိုလန် | ၇၇၂၁ | ၁. ၁ |
| ဗီယက်နမ် | ၁၆၅၈၀ | ၂. ၄ | ဆွစ်ဇာလန် | ၇၃၈၈ | ၁. ၁ |
| နယ်သာလန် | ၁၃၅၉၄ | ၂. ၀ | ဩစတြီးယား | ၇၂၀၆ | ၁. ၀ |
| ရုရှားပြည်ထောင်စု | ၁၃၄၇၇ | ၂. ၀ | ဘရာဇီး | ၆၆၁၃ | ၁. ၀ |

**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

### ကမ္ဘာတစ်လွှားပို့ကုန်များ

အထည်အလိပ်နှင့်အဝတ်အထည်၏ ကမ္ဘာတစ်လွှားတင်ပို့မှုကိုတရုတ်နိုင်ငံက လွှမ်းမိုးထားပြီးစုစုပေါင်း ပို့ကုန်၏၃ပုံ၁ပုံရှိပါသည်။ဇယား-၄က၊ ကမ္ဘာ့ထိပ်တန်းတင်ပို့သူ(၂၀)ကိုပြဆိုပါသည်။နိုင်ငံတစ်နိုင်ငံ၏ပို့ကုန်သဘာဝသည် နိုင်ငံများစွာအတွင်းများစွာခြားနား၍အမျိုးအစား(၃)ခုကို (၁)ခုအဖြစ် အုပ်စုခွဲခြားနိုင်ပါသည်။

(က) အမှတ်တံဆိပ်အဆင့်နိမ့်သည့် ချုပ်ထည်များကို အများအပြားထုတ်လုပ်သည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်တို့ဖြစ်ပါသည်။ ဤနိုင်ငံများနှင့် မြန်မာနိုင်ငံကအပြိုင်အဆိုင် လုပ်နေရပါသည်။

(ခ) အဓိကအမှတ်တံဆိပ်များနှင့် အဆင့်မြင့်ထုတ်လုပ်သည့်မူရင်းနိုင်ငံများမှာ ဂျာမဏီ၊အီတလီနှင့် အမေရိကန်တို့ပါဝင်ပါသည်။မြန်မာလုပ်ငန်းများအတွက် ၎င်းနိုင်ငံများသည် ယှဉ်ပြိုင်ရန် မဟုတ်ဘဲဖောက်သည်နိုင်ငံများ ဖြစ်ပါသည်။

(ဂ) ချုပ်ထည်များထုတ်လုပ်ခြင်း(သို့)တန်ဖိုးမြှင့်ခြင်းလုပ်ကိုင်သည့် ကုန်သွယ်ဖက်နိုင်ငံမှာဟောင်ကောင် (တရုတ်) (၎င်းသည်အဆင့်မြင့်ထုတ်လုပ်မှုထိန်းထားနိုင်သော်လည်း)ဘယ်လ်ဂျီယံနှင့်နယ်သာလန်တို့ဖြစ်ပါသည်။ ၎င်းနိုင်ငံများသည် ရေတိုကာလများတွင်ဈေးကွက်အသစ်အတွက် မြန်မာတင်ပို့သူများအားအရေးပါသည့် ဖြန့်ဖြူးရောင်းချရေးလမ်းကြောင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော်ရေရှည်တွင် ၎င်းကိုကျော်ဖြတ်သွားနိုင်ပါသည်။

**ဇယား-၄၊ထိပ်တန်းအထည်အလိပ်နှင့်အဝတ်အထည်တင်ပို့သည့်နိုင်ငံပေါင်း (၂၀)စာရင်း**

| တင်ပို့သူများ | တန်ဖိုး ဒေါ်လာ/သန်း | တင်ပို့သူများ | တန်ဖိုး ဒေါ်လာ/သန်း | တင်ပို့သူများ | တန်ဖိုး ဒေါ်လာ/သန်း |
|---|---|---|---|---|---|
| ကမ္ဘာ | ၇၃၈၆၂၇ | တူရကီ | ၂၅၅၂၂ | ပါကစ္စတန် | ၁၂၉၂၇ |
| တရုတ် | ၂၄၆၀၅၈ | ဘင်္ဂလားဒေရှ့် | ၂၄၃၃၀ | နယ်သာလန် | ၁၂၄၉၆ |
| ဂျာမဏီ | ၃၄၉၈၆ | ဗီယက်နမ် | ၁၉၃၆၆ | အင်ဒိုနီးရှား | ၁၂၄၆၇ |
| အီတလီ | ၃၄၀၁၅ | ကိုရီးယားသမ္မတနိုင်ငံ | ၁၅၃၈၂ | တရုတ်(တိုင်ပေ) | ၁၁၈၄၉ |
| အိန္ဒိယ | ၃၂၆၈၃ | ပြင်သစ် | ၁၅၀၄၂ | UKနိုင်ငံ | ၁၁၅၈၈ |
| ဟောင်ကောင်(တရုတ်) | ၃၁၉၃၅ | ဘယ်လ်ဂျီယံ | ၁၄၁၄၁ | ဂျပန် | ၉၅၆၃ |
| အမေရိကန် | ၂၆၅၃၃ | စပိန် | ၁၃၃၉၉ | ထိုင်း | ၇၃၁၈ |

**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

**ပုံ-၄၊မြန်မာနိုင်ငံ၏အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍကုန်သွယ်မှုအခြေအနေ (၂၀၀၁-၂၀၁၂)**




**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

## ပို့ကုန်ဆောင်ရွက်ချက်

၂၀၁၂ခုနှစ်တွင်ဇာထိုးပန်းထိုးမဟုတ်သည့်ချုပ်ထည်များ(HS 62)သည်မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့ နှင့်သစ်နောက်တွင်တန်ဖိုးအားဖြင့် တတိယအကြီးဆုံးဖြစ်ပါသည်။ သို့ရာတွင်ပြီးခဲ့သည့်၁၀စုနှစ်တွင် အဝတ်အထည်နှင့်အထည်အလိပ်အတွက် မြန်မာနိုင်ငံ၏ကုန်သွယ်မှုပိုငွေမှာတဖြည်းဖြည်းလျော့နည်းလာပြီး ၂၀၁၂ ခုနှစ်တွင် လိုငွေပြသည့်ဘက်သို့ လျော့နည်းကျဆင်းသွားပါသည်။ ဤသည်မှာ CMP ထုတ်လုပ်မှုသည် တင်သွင်းသည့် သွင်းအားစုများအပေါ်မှီခိုရခြင်းနှင့် ပြည်တွင်းဈေးကွက်အတွက် မြန်မာနိုင်ငံသည် ဇာထိုးပန်းထိုးချုပ်ထည်များ (HS 61 )ထုတ်လုပ်ရန် စွမ်းဆောင်ရည်နည်းမှုကြောင့်ဖြစ်ပါသည်။

အထည်အလိပ်နှင့်ချုပ်ထည်တွင် မြန်မာနိုင်ငံ၏ပို့ကုန်ကြီးထွားမှုယိုယွင်းလာခြင်းသည် ချုပ်ထည်ပိုင်းတွင်တဖြည်းဖြည်းကြီးထွားလာမှုနှင့် အထူးအားဖြင့်ရှိပြီးဈေးကွက်များသို့ရှိပြီး ချုပ်ထည်ပစ္စည်းများတင်ပို့မှုတွင်ကြီးထွားလာမှုကြောင့်ဖြစ်ပါသည်။ တင်ပို့မှုကြီးထွားခြင်း၏ ၄ပုံ ၁ပုံ ကိုဈေးကွက်အမျိုးမျိုးသို့ဖြန့်ထုတ်ခြင်းဟုဆိုနိုင်သော်လည်းမြန်မာနိုင်ငံ၏ကုန်ပစ္စည်းရောစပ်မှုသည်ပို၍စုစည်းလာပါသည်။ပစ္စည်းအဟောင်းများ လျော့နည်းကျဆင်းသွားခြင်းနှင့်ပစ္စည်းအသစ်များတီထွင်ထုတ်လုပ်နိုင်ခြင်းမရှိ ခြင်းမှာမြန်မာနိုင်ငံ၏ကုန်စည်အရောအနှောစုစည်းမှုသို့ဦးဆောင်သွားပါသည်။ ဤသည်မှာအမျိုးသားဝတ်စုံများ၊ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီများနှင့်ယူနီဖောင်းများထုတ်လုပ်ရန်အတွက် ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ ကြီးထွားလာသည့်ဝယ်လိုအားနှင့် FDI၏အကျိုးသက်ရောက်မှုကြောင့်ပင်ဖြစ်ပါသည်။

ပုံ-၆တွင် ကဏ္ဍ၏ပို့ကုန်လုပ်ငန်းများနှင့်၎င်းတို့၏ နိုင်ငံခြားဖောက်သည်များအကြားလုပ်ငန်းဆက်သွယ်မှု သက်တမ်းကိုပြပါသည်။တစ်ချက်ကြည့်ရုံဖြင့်စီးပွားရေးလုပ်ငန်းများသည်ဖောက်သည်များကို(၁)နှစ်(၂)နှစ်ထက် ကျော်၍ထိန်းမထားနိုင်ကြောင်းပြဆိုသကဲ့သို့ရှိပါသည်။ သို့ရာတွင်ဤကြီးထွားလျှက်ရှိသည့်ကဏ္ဍ၏လုပ်ငန်းအများစုမှာ (၁)နှစ်(သို့မဟုတ်) (၂)နှစ်ခန့်သာရှိစေပြီးသမိုင်းကြောင်းကောင်းကောင်းပြဆိုရန်မရှိပါ။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ အထည်ချုပ်ကဏ္ဍကဖော်ပြသည်မှာ ဤကဏ္ဍတွင်လုပ်ငန်းဆက်သွယ်မှုရေရှည်ခိုင်မာသည့်နှုန်းမှာအခြားအမျိုးသားပို့ကုန်မဟာဗျူဟာ၏ဦးစားပေးကဏ္ဍများမှာထက်ပိုမိုခိုင်မာကြောင်းပြဆို၍၎င်းသည်နိုင်ငံတကာအလားအလာများနှင့်တပြေးညီဖြစ်ပါသည်။ဆန်စပါးနှင့် ဆီထွက်သီးနှံကဲ့သို့ ကုန်ပစ္စည်းများ အတွက် Supplier မောင်းနှင်သည့်ဈေးကွက်များက နှစ်စဉ်တစ်နိုင်ငံမှတစ်နိုင်ငံသို့ရောင်းသူများက အမြင့်ဆုံးဈေးနှုန်းနောက် သို့ပြေးလိုက်နေရကြောင်းတွေ့ရှိရပါသည်။တစ်ချိန်တည်းမှာပင်အထည်ချုပ်ကဏ္ဍသည် ဝယ်သူမောင်းနှင်၍အများအားဖြင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံသည့်စက်ရုံများသည်အဓိကလက်လီသမားများ၊မူလအမှတ်တံဆိပ်ထုတ်လုပ်သူများနှင့် အကြီးစားရောင်းသူများထံမှ ဝယ်လိုအားကိုတိုက်ရိုက်တုံ့ပြန်ရာတွင်တဖြည်းဖြည်းကြီးထွားလာပါသည်။

## ပုံ(၅)- မြန်မာ့အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၏ပို့ကုန်တိုးတက်မှု( ၂၀၀၂-၂၀၁၂)




**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

## ပုံ(၆)မြန်မာ့အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၏ပို့ကုန်ဆက်ဆံရေးသက်တမ်းရှည်ကြာမှု(၂၀၀၂-၂၀၁၂)




**ရင်းမြစ်**-UNကွန်ထရိတ် စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်မှု

### ပို့ကုန်များသို့ဦးတည်သည့်လမ်းကြောင်း

ပို့ကုန်ဈေးကွက်ချုပ်ထည်များသည် အမြတ်နည်းသည့်လုပ်ငန်းဖြစ်ပြီး အရင်းအနှီးကုန်ကျစရိတ်လည်း နည်းပါး၍စရိတ်အားသာချက်ပေါ်ပေါက်လာသည်နှင့် နိုင်ငံသစ်များသို့ထုတ်လုပ်မှုရွှေ့ပြောင်းရန် ကုမ္ပဏီများအတွက်များစွာလွယ်ကူစေပါသည်။ မြန်မာနိုင်ငံ၏အလုပ်သမားစရိတ်နည်းပါးမှု၊ အထည်ချုပ်ထုတ်လုပ်မှုအတွေ့အကြုံနှင့် အလျင်အမြန်တိုးတက်ကောင်းမွန်လာသည့် လုပ်ငန်းပတ်ဝန်းကျင်ကအထည်ချုပ်အမှာလွှာများနှင့် FDI အတွက်ဦးတည်သည့်ရည်မှန်းရာနေရာဖြစ်လာပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင်စရိတ်ကြီးခြင်းနှင့်ဘင်္ဂလားဒေ့ရှ်တွင်နာမည်ကျော်ကြားသောထိခိုက်ခြင်းက အမှာလွှာအကြီးစားများကိုနိုင်ငံသစ်များသို့တွန်းပို့သကဲ့သို့ဖြစ်စေပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်သည်တရုတ်နိုင်ငံ၏၁. ၅%မျှသာညီမျှ၍တရုတ်စီးပွားရေးလုပ်ငန်း၏၁%ရခြင်း သည်မြန်မာနိုင်ငံ၏ ပို့ကုန်များကိုနှစ်ဆတက်သွားစေနိုင်ပါသည်။ ရှေ့လာမည့်နှစ်များစွာအတွင်းမြန်မာနိုင်ငံ၏ ပို့ကုန်လမ်းကြောင်းသည်လက်ရှိထုတ်လုပ်လျှက်ရှိသည့် အမျိုးအစားနှင့်များစွာခြားနားမှုမရှိဘဲပမာဏကြီးမားသည့် အမှာလွှာများကိုဦးတည်ထားရှိပါသည်။ ထုတ်လုပ်မှုစွမ်းဆောင်ရည်နှင့် ဈေးကွက်အတွေ့အကြုံသည် အချိန်နှင့်အမျှ တိုးတက်လာနေပြီးအလျင်အမြန်ကြီးထွားလာနေ သည့်မြန်မာ့စီးပွားရေးလုပ်ငန်းများအတွက် အထူးအမြတ်အစွန်း များသည်ထုတ်ကုန်ပစ္စည်းများတွင်တိုက်ရိုက်ဖြန့်ဝေသည့် လမ်းကြောင်းနှင့် ကုန်အမှတ်တံဆိပ်ဖော်ဆောင်ခြင်းကဲ့သို့ အခြားတန်ဖိုးမြှင့်ပုံစံများစူးစမ်းရှာဖွေရန်အလားအလာကောင်းများရှိနေပါသည်။

### ထုတ်ကုန်များ

**အဝတ်အထည်နှင့်အထည်အလိပ်**- ၂၀၁၂ခုနှစ်တွင်မြန်မာနိုင်ငံသည် အဝတ်အထည်တန်ဖိုး အမေရိကန် ဒေါ်လာ ၉၀၀သန်းကျော်နှင့် အထည်အလိပ်တွင် အမေရိကန်ဒေါ်လာ ၂. ၄သန်းသာတင်ပို့ခဲ့ပါသည်။ တင်ပို့သည့် ချုပ်ထည်များတွင်၇%ကို သာဇာထိုးပန်းထိုး(HS 61 )လုပ်ထားပြီး ကျန်၉၃% မှာယင်းသို့မဟုတ်ပါ။ (HS 62 ) ပစ္စည်းများ-ပို့ကုန်၏ ၉၆. ၄%သည် လူလုပ်ပိတ်စ ချည်ထည်များဖြစ်၍ ၂. ၄%သည် ဝါဂွမ်းဖြစ်ပြီး ၁. ၂%မှာ သိုးမွေးနှင့်ပိုးကဲ့သို့အခြားအထည်အလိပ်များ ဖြစ်ပါသည်။

**ထုတ်လုပ်သည့်နည်းလမ်းများ-** ဂဏန်း၆လုံး HSအဆင့်တွင်အမေရိကန်ဒေါ်လာ(၁၀)သန်းကျော်တန်သည့်နှစ်စဉ် အရေအတွက် အားဖြင့်ချုပ်ထည်အမျိုးအစား၂၀ကိုသာမြန်မာကတင်ပို့ခဲ့ပါသည်။ ၎င်းတို့ကိုဇာထိုး ပန်းထိုးလုပ်မထားပါ။(HS 61 )

**ဇယား(၅)-၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံ၏အဝတ်အထည်နှင့်အထည်အလိပ်တင်ပို့မှု**

| **HS** ကုတ် | ကုန်ပစ္စည်းအမည် | တန်ဖိုး (ဒေါ်လာ ထောင် ပေါင်း) | မြန်မာနိုင်ငံ၏စုစုပေါင်းပို့ကုနပစ္စည်း ဝေစု(%) | ၂၀၀၈-၂၀၁၂ တွင်နှစ်အလိုက်တန်ဖိုးတိုးတက်မှုရာခိုင်နှုန်း | ၂၀၀၈-၂၀၁၂ ကမ္ဘာ့သွင်းကုန်များ၏နှစ်အလိုက်တိုးတက်မှု | ကမ္ဘာ့ပို့ကုန်များတွင် အဆင့်သတ်မှတ်ချက် |
|---|---|---|---|---|---|---|
| 50-63 | အဝတ်အထည်နှင့်အထည်အလိပ် အားလုံး | ၉၁၁၅၇၂ | ၁၀၀ | | | |
| 62 | ဇာထိုးပန်းထိုးမဟုတ်သည့်အဝတ်အထည်နှင့်အရပစ္စည်းများ | ၈၄၃၂၈၂ | ၉၂. ၅ | ၂၃ | ၃ | ၂၉ |
| 61 | ဇာထိုးပန်းထိုး အဝတ်အထည်နှင့် အရံပစ္စည်းများ | ၆၁၃၄၉ | ၆. ၇ | ၈ | ၅ | ၈၂ |
| 63 | အခြားအထည်အလိပ်ပစ္စည်းများ၊ အစုံများ၊ဝတ်ဆင်စရာများစသည် | ၄၅၀၂ | ၀. ၅ | -၉ | ၆ | ၁၀၇ |
| 53 | အသီးအရွက်မှပြုလုပ်သည့်အထည်အလိပ်ချည်မျှင်၊ (စက္ကူချည်၊ရက်ထည်) | ၆၁၁ | ၀. ၁ | -၇ | ၆ | ၆၅ |
| 52 | ဝါဂွမ်း | ၅၀၃ | ၀. ၁ | ၉၆ | ၁၀ | ၁၂၇ |
| 54 | လူလုပ်ချည်မျှင်များ | ၄၃၈ | ၀. ၀၅ | -၁၆ | ၅ | ၁၀၂ |
| 58 | အထူးရက်လုပ်ချည်၊ဇာနှင့်ရွှေချည်ထိုး | ၄၁၂ | ၀. ၀၅ | ၅၀ | ၂ | ၉၀ |
| 51 | သိုးမွှေး၊တိရိစ္ဆာန်အမွှေး၊မြင်းမွှေး ချည်မျှင်နှင့်ပိတ်စ | ၁၁၉ | ၀. ၀၁ | ၂၁၆ | ၄ | ၁၀၀ |
| 56 | အောက်ခံစ၊သက္ကလပ်၊ရက်လုပ်မထားသည့်ချည်မျှင်များ၊ချည်ခင်များ၊ကြိုးကျစ်ထားခြင်း | ၁၁၉ | ၀. ၀၁ | -၁၁ | ၅ | ၁၂၆ |
| 59 | အရောင်ချယ်ထားသောဆေးသုတ်ထားသောပုံသွင်းထားသောအထည် | ၉၈ | ၀. ၀၁ | ၉၅ | ၅ | ၁၀၅ |

| | | | | | | |
|---|---|---|---|---|---|---|
| | အလိပ်စ | | | | | |
| 60 | ဇာထိုးပန်းထိုးပိတ်စ | ၇၇ | ၀. ၀၁ | -၂၂ | ၆ | ၁၀၄ |
| 50 | ပိုးထည် | ၃၁ | ၀. ၀၀၃ | | -၂ | ၈၂ |
| 55 | လူလုပ်အခြေခံပိတ်စ | ၂၂ | ၀. ၀၀၂ | ၃၄ | ၇ | ၁၄၇ |
| 57 | ကော်ဇောများနှင့်အခြားအထည်<br>အလိပ်ကြမ်းခင်း | ၉ | ၀. ၀၀၁ | ၇၂ | ၂ | ၁၄၆ |

ရင်းမြစ်-UN Comtrade စာရင်းအင်းကိုအခြေခံ၍ ITCတွက်ချက်ခြင်း

## ဇယား-၆ ၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံ၏အဝတ်အထည်တင်ပို့မှု

| HS ကုတ် | ကုန်ပစ္စည်းအမည် | တန်ဖိုး (ဒေါ်လာ ထောင် ပေါင်း) | ၂၀၀၈ ၂၀၁၂ တွင်နှစ်လိုက် တန်ဖိုးတိုး တက်မှု ရာခိုင်နှုန်း | ၂၀၀၈ ၂၀၁၂ ကမ္ဘာ့သွင်း ကုန်များ၏ နှစ်အလိုက် တိုးတက်မှု | ကမ္ဘာ့ပို့ကုန် များတွင်အ ဆင့်သတ် မှတ်ချက် |
|---|---|---|---|---|---|
| စုစုပေါင်း | အဝတ်အထည်နှင့်အထည်အလိပ်အားလုံး | ၉၁၂ | ၉ | ၆ | ၉၃ |
| 620193 | လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့်အမျိုးသားကြီး/ငယ်ဝတ်ခေါင်းစွပ်ပါအနွေးထည်များနှင့်အလားတူပစ္စည်းများ၊ ဇာထိုးပန်းထိုးမဟုတ် | ၁၅၉ | ၄၄ | ၁၁ | ၉ |
| 620293 | လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့်အမျိုးသမီးကြီး/ငယ်ဝတ်ခေါင်းစွပ်ပါအနွေးထည်များနှင့်အလားတူပစ္စည်းများ၊ ဇာထိုးပန်းထိုးမဟုတ် | ၈၃ | ၄၂ | ၉ | ၁၀ |
| 620343 | အမျိုးသားကြီး/ငယ်ဝတ်ဘောင်းဘီရှည်/တိုများ လူလုပ်ပိတ်စလုပ်ပြီး၊ဇာထိုးမထား | ၆၈ | ၂၂ | ၇ | ၁၅ |
| 620520 | အမျိုးသားကြီး/ငယ်ချည်ထည်ရှပ်အင်္ကျီများဇာထိုးမထား | ၆၃ | ၁၁ | ၆ | ၂၉ |
| 620342 | အမျိုးသားကြီး/ငယ်ဝတ်ချည်ဘောင်းဘီရှည်/တိုများ၊ဇာထိုး မထား | ၄၉ | ၉ | ၃ | ၃၉ |
| 620530 | အမျိုးသားကြီး/ငယ်ဝတ်ရှပ်အင်္ကျီ များ လူလုပ်ပိတ်စဖြင့်လုပ်ပြီး၊ဇာထိုးမထား | ၄၈ | ၁၄ | ၅ | ၇ |
| 621133 | အမျိုးသားကြီး/ငယ်ဝတ်အဝတ်အထည်များ လူလုပ်ပိတ်စ၊ဇာထိုး | ၃၆ | ၃၀ | ၄ | ၁၃ |
| 620213 | အမျိုးသမီးကြီး/ငယ်ဝတ်လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့် အိုဗာကုတ်များ နှင့်အလားတူပစ္စည်းများ၊ဇာထိုးမထား | ၂၉ | ၂၀ | ၁၂ | ၁၄ |
| 620462 | အမျိုးသမီးကြီး/ငယ်ဝတ်ချည်ဘောင်းဘီရှည်များနှင့် ဘောင်းဘီတိုများ၊ ဇာထိုးမထား | ၂၄ | ၂ | ၁ | ၄၄ |
| 620312 | အမျိုးသားကြီး/ငယ်ဝတ်လူလုပ်ပတ်စဖြင့်ပြုလုပ်ထား သည့်ဝတ်စုံ၊ဇာထိုးမထား | ၂၄ | ၁၅ | ၁ | ၅ |
| 620463 | အမျိုးသမီးကြီး/ငယ်ဝတ်လူလုပ်ပိတ်စဖြင့်ပြုလုပ်ထား သည့်ဘောင်းဘီရှည်/တိုများဇာထိုးမထား | ၂၂ | ၁၅ | ၀ | ၃၂ |

| | | | | | |
|---|---|---|---|---|---|
| 620113 | အမျိုးသားကြီး/ငယ်ဝတ်လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့် အိုဗာကုတ်များနှင့်အလားတူပစ္စည်းများ၊ဇာထိုးမထား | ၂၀ | ၃၅ | ၉ | ၁၄ |
| 620333 | အမျိုးသားကြီး/ငယ်ဝတ်ဂျက်ကက်များနှင့်ဘလေဇာကုတ်များပိတ်စတုဖြင့်ပြုလုပ်ထားပြီးဇာမထိုး | ၁၆ | ၃၅ | ၁၀ | ၂၂ |
| 621040 | အမျိုးသားကြီး/ငယ်ဝတ်အဝတ်အထည်၊အရောင်ချယ်၊ ဆေးတင်ထားပြီး ရက်လုပ်ထားသည့်အထည်အလိပ် | ၁၆ | ၅၇ | ၆ | ၂၂ |
| 620192 | အမျိုးသားကြီး/ငယ်ဝတ်ချည်ဖြင့်ပြုလုပ်ထားသည့်ခေါင်းစွပ် အနွေးထည်များ နှင့်အလားတူပစ္စည်းများ၊ဇာထိုးမထား | ၁၆ | ၁၇ | -၂ | ၁၆ |
| 620311 | အမျိုးသားကြီး/ငယ်ဝတ်သိုးမွေး/နုဖတ်သည့်တိရစ္ဆာန် အမွေးဖြင့်ပြုလုပ်ထားသည့်ဝတ်စုံများ၊ဇာထိုးမထား | ၁၄ | ၁၄ | -၄ | ၂၆ |
| 620111 | အမျိုးသားကြီး/ငယ်ဝတ်သိုးမွေး/သားမွေးနုဖြင့်ပြုလုပ်ထားသည့်အိုဗာကုတ်များနှင့်အလားတူပစ္စည်းများ၊ဇာထိုးမထား | ၁၄ | ၈၅ | ၆ | ၁၃ |
| 621143 | အမျိုးသမီးကြီး/ငယ်ဝတ်လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့် အဝတ်အထည်များ၊ဇာထိုးမထား | ၁၃ | ၁၆ | ၇ | ၂၂ |
| 620341 | အမျိုးသားကြီး/ငယ်ဝတ်သိုးမွေး/သားမွေးနုဖြင့်ပြုလုပ်ထားသည့် ဘောင်းဘီရှည်/တိုများ၊ဇာထိုးမထား | ၁၁ | ၂၂ | ၀ | ၂၀ |
| 620292 | အမျိုးသမီးကြီး/ငယ်ဝတ်ချည်ဖြင့်ပြုလုပ်ထားသည့်ခေါင်းစွပ်ပါအနွေးထည်များနှင့်အလားတူပစည်းများ၊ဇာထိုးမထား | ၁၀ | ၆၄ | -၆ | ၁၄ |
| 621132 | အမျိုးသားကြီး/ငယ်ဝတ်ချည်ဖြင့်ပြုလုပ်ထားသည်အဝတ် အထည်များ၊ဇာ ထိုးမထားပါ | ၉ | ၄၃ | ၃ | ၂၂ |
| 611030 | လူလုပ်ချည်ဖြင့်ဇာထိုးထားသည့်ခေါင်းစွပ်ဆွယ်တာများနှင့် ရင်ကွဲသိုးမွေးအကျီများနှင့်အလားတူပစ္စည်းများ | ၈ | -၇ | ၈ | ၅၉ |
| 621210 | အထည်အလိပ်ပစ္စည်းဖြင့်ပြုလုပ်ထားသည့်ဘရာဇီယာများနှင့်အစိတ်အပိုင်းများ | ၈ | ၄ | ၃ | ၅၅ |
| 621050 | အမျိုးသမီးကြီး/ငယ်ဝတအဝတ်အထညများ၊အရောင်ချယ်၊ ဆေးတင်ထားပြီး ရက်လုပ်ထားသည့်အထည်အလိပ် | ၈ | ၁၆ | ၁၀ | ၂၄ |
| 620212 | အမျိုးသမီးကြီး/ငယ်ဝတ်ချည်ဖြင့်ပြုလုပ်ထားသည့် အိုဗာကုတ်များနှင့်အလားတူပစ္စည်းများ၊ဇာထိုးမထားပါ | ၇ | ၂၃ | -၃ | ၁၇ |
| 621142 | ချည်ဖြင့်ပြုလုပ်ထားသည့်အမျိုးသမီးကြီး/ငယ်ဝတ်ချုပ် ထညများ၊ဇာထိုးမထားပါ | ၇ | ၅၆ | ၂ | ၂၂ |
| 610910 | ချည်ဖြင့်ဇာထိုးထားသည်တီရှပ်များ၊စွပ်ကျယ် လက်ပြတ်များနှင့်အခြားစွပ်ကျယ်များ၊ | ၇ | ၂၇ | ၁ | ၇၈ |
| 620630 | အမျိုးသမီးကြီး/ငယ်ဝတ်ချည်ဖြင့်ပြုလုပ်ထားသည့် ဘလောက်စ်များနှင့်ရပ်အကျႌ များ၊ဇာထိုးမထားပါ | ၆ | ၁၆ | -၃ | ၄၃ |
| 620640 | အမျိုးသမီးကြီး/ငယ်ဝတ်လူလုပ်ပိတ်စဖြင့်ပြုလုပ်ထားသည့် ဘလောက်စ်များနှင့်ရှပ်အကျႌများ၊ ဇာထိုးမထားပါ | ၆ | ၃၈ | ၁၅ | ၄၅ |
| 620433 | အမျိုးသမီးကြီး/ငယ်ဝတ်လူလုပ်ချည်မျှင်ဖြင့်ပြုလုပ်ထားသည့် ဂျက်ကက်များ၊ဇာထိုးမထားပါ | ၅ | ၇ | ၅ | ၃၅ |

ရင်းမြစ်- UN Comtrade စာရင်းအင်းကိုအခြေခံ၍ ITCတွက်ချက်ခြင်း

## ရည်မှန်းဈေးကွက်များ

မြန်မာနိုင်ငံ၏အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍသည် အလျင်အမြန်ကြီးထွားလျက်ရှိနေပြီး ယခုအခါ၎င်း၏ ပို့ကုန်များသည်တန်ဖိုးအားဖြင့်တိုင်းပြည်၏ စတုတ္ထမြောက်အရေးကြီးဆုံးဖြစ်ပါသည်။သို့ရာတွင်ကဏ္ဍ၏ ကြီးထွားမှုသည်အလွန်နိမ့်ကျသည့်နေရာမှစတင်ခဲ့ပြီး၎င်း၏ဈေးကွက်ဝေစုသည် ၎င်း၏ဈေးကွက်များအနက် ဈေးကွက်တစ်ခုမှတစ်ပါးသုညနီးပါးရမြဲရှိနေပါသည်။ ကမ္ဘာ့အကြီးဆုံးဈေးကွက်များ၏ နှစ်စဉ်သွင်းကုန်များကို ဒေါ်လာဘီလီယံဆယ်နှင့်ချီ၍တိုင်းတာရပြီးမြန်မာ၏ အရေးပါဆုံးရည်မှန်းချက်သို့ပို့ကုန်များကဒေါ်လာသန်းဆယ်ဂဏန်းနှင့်ချီ၍တိုင်းတာရပါသည်။
ဇယား-၇ ကအထည်အလိပ်နှင့်အဝတ်အထည်များအတွက် မြန်မာနိုင်ငံ၏ အကြီးဆုံးပို့ကုန်ဈေးကွက်ကိုဖော်ပြထားပါသည်။

### ဇယား-၇ -၂၀၁၂ခုနှစ်အထည်အလိပ်နှင့်ချုပ်ထည်အတွက်မြန်မာနိုင်ငံ၏အကြီးဆုံးပို့ကုန်ဈေးကွက်များ

| တင်သွင်းသူများ | ဈေးကွက်အရွယ်အစားအရအဆင့်သတ်မှတ်ချက် | ကမ္ဘာမှတင်သွင်းသည့်တန်ဖိုး (ဒေါ်လာသန်း) | မြန်မာမှတင်သွင်းသည့်တန်ဖိုး (ဒေါ်လာသန်း) | မြန်မာ၏ဈေးကွက်ဝေစု % |
|---|---|---|---|---|
| ဂျပန် | ၃ | ၄၁၅၀၂ | ၁၀၂ | ၀. ၂၅ |
| ကိုရီးယားသမ္မတနိုင်ငံ | ၁၆ | ၁၁၈၁၂ | ၉၀ | ၀. ၇၆ |
| ဂျော်ဂျီယာ | ၁၁၄ | ၂၂၈ | ၃၅ | ၁၅. ၃၅ |
| စပိန် | ၉ | ၁၇၃၈၃ | ၂၅ | ၀. ၁၄ |
| UK နိုင်ငံ | ၅ | ၃၁၀၇၅ | ၂၁ | ၀. ၀၇ |
| တူရကီ | ၁၇ | ၁၁၃၅၄ | ၁၀ | ၀. ၀၉ |
| မလေးရှား | ၄၂ | ၂၈၈၂ | ၇ | ၀. ၂၄ |
| ဩစတြီးယား | ၂၄ | ၇၂၀၆ | ၇ | ၀. ၁၀ |
| အာဂျင်တီးနား | ၆၀ | ၁၅၉၈ | ၇ | ၀. ၄၄ |
| တရုတ် | ၄ | ၄၀၈၆၃ | ၅ | ၀. ၀၁ |
| အီတလီ | ၈ | ၂၄၇၁၀ | ၅ | ၀. ၀၂ |
| နယ်သာလန် | ၁၁ | ၁၃၅၉၄ | ၅ | ၀. ၀၄ |
| ထိုင်း | ၃၀ | ၄၉၄၂ | ၄ | ၀. ၀၈ |
| ဩစတေးလျ | ၁၉ | ၈၂၄၃ | ၄ | ၀. ၀၅ |
| တောင်အာဖရိက | ၄၀ | ၂၉၂၈ | ၄ | ၀. ၁၄ |
| စင်္ကာပူ | ၃၅ | ၃၃၈၅ | ၂ | ၀. ၀၆ |
| ဟောင်ကောင်(တရုတ်) | ၇ | ၂၅၇၅၂ | ၂ | ၀. ၀၁ |
| ပိုလန် | ၂၂ | ၇၇၂၁ | ၁ | ၀. ၀၁ |
| ဘရာဇီး | ၂၅ | ၆၆၁၃ | ၁ | ၀. ၀၂ |
| မက္ကဆီကို | ၁၈ | ၉၄၂၅ | ၁ | ၀. ၀၁ |
| အမေရိကန် | ၁ | ၁၀၇၆၃၂ | ၁ | ၀. ၀၀၁ |
| ရုရှားပြည်ထောင်စု | ၁၂ | ၁၃၄၇၇ | ၁ | ၀. ၀၁ |
| အိန္ဒိယ | ၂၉ | ၅၁၅၁ | ၁ | ၀. ၀၂ |
| ဘူလ်ဂေးရီးယား | ၅၇ | ၁၈၁၄ | ၁ | ၀. ၀၅ |

ရင်းမြစ်- UN Comtrade စာရင်းအင်းကိုအခြေခံ၍ ITCတွက်ချက်ခြင်း

မြန်မာနိုင်ငံသည်ကမ္ဘာ့ဈေးကွက်၏အများဆုံးဖြစ်သည့် ဈေးကွက်(၈)ခုအနက် (၂)ခုကိုသာအမေရိကန် ဒေါ်လာ၁၀သန်းကျော်တင်ပို့ပါသည်။ကမ္ဘာ့တတိယအကြီးဆုံးဈေးကွက်ဖြစ်သည့် ဂျပန်နိုင်ငံသည်မြန်မာနိုင်ငံမှအမေရိကန်ဒေါ်လာ ၁၀၂ သန်းကျော်တင်သွင်း၍ကမ္ဘာ့ပဥ္စမအကြီးဆုံးဈေးကွက်ဖြစ်သည့်UK နိုင်ငံသည်အမေရိကန်ဒေါ်လာ၂၁သန်းသာတင်သွင်းပါသည်။ ၎င်းဈေး

ကွက်တစ်ခုစီတွင် မြန်မာ၏ဝေစုမှာ ၀. ၂၅% (သို့မဟုတ်)ထို့ထက်နည်းပါသည်။မြန်မာနိုင်ငံ၏ထိပ်တန်းဈေးကွက်(၂၅)ခုကို အောက်ပါ စရိုက်လက္ခဏာတစ်ခု(သို့မဟုတ်)ထို့ထက်ပို၍ပုံဖော်ပြသထားပါသည်-

- ၂၀၁၂ခုနှစ်သွင်းကုန်စုစုပေါင်းသည်အမေရိကန်ဒေါ်လာ ၁၀ဘီလီယံထက်နည်းသည်။
- မြန်မာ၏ပို့ကုန်များသည်အမေရိကန်ဒေါ်လာ ၅သန်းထက်နည်းသည်။
- မြန်မာဈေးကွက်ဝေစုသည်၀. ၀၀၁%(အမေရိကန်)နှင့်၀. ၇၆%(ကိုရီးယားသမ္မတနိုင်ငံ)အတွင်းရှိပါ သည်။

မြန်မာနိုင်ငံအတွက်အရေးပါသည့် တစ်ခုတည်းသောဈေးကွက်ဝေစုမှာဂျော်ဂျီယာဖြစ်၍ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၅သန်းတန်ဖိုးတင်ပို့နိုင်ပြီး ဈေးကွက်ဝေစုမှာ ၁၅%ဖြစ်ပါသည်။

## ရည်မှန်းထားသည်ဈေးကွက်များတွင်ယှဉ်ပြိုင်မှု

မြန်မာနိုင်ငံ၏မဟာဗျူဟာမြောက်အရေးပါဆုံးလက်ရှိဈေးကွက်များမှာဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊စပိန်၊ UK နှင့် တူရကီတို့ဖြစ်ကြပါသည်။မြန်မာကလောလောဆယ်တင်ပို့ခြင်းမရှိသည့်အကြီးဆုံးဈေးကွက်မှာ ၎င်း၏အလားအလာကောင်းသည့်ဈေးကွက်များဖြစ်သည့်အမေရိကန်၊EUနိုင်ငံများ(ဂျာမဏီ၊ပြင်သစ်၊အီတလီ၊နယ်သာလန် နှင့်ဘယ်လ်ဂျီယံ)ဖြစ်၍ရုရှားပြည်ထောင်စု၊ ကနေဒါနှင့်UAEနိုင်ငံများဖြစ်ပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ တည်ရှိဆဲနှင့်ရှေ့လာမည့်အလားအလာဈေးကွက်များတွင်အကြီးမားဆုံး ပြိုင်ဆိုင်သူဖြစ်သော်လည်း နောက်ပိုင်းကိစ္စတွင်အလားအလာနည်းပါးပါသည်။ တရုတ်နိုင်ငံကိုဒုတိယအဆင့်ပေးသွင်းသူများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အိန္ဒိယနှင့်တူရကီတို့က အနောက်မှလိုက်နေပြီးစုပေါင်း ဈေးကွက်၏၃%ကျော်စီမျှသာဖြစ်ပါသည်။ ကျန်ဈေးကွက်ဝေစုသည်ရောယှက်ရှုပ်ထွေးလျှက်ရှိပြီးအခြား၂၁နိုင်ငံမှာ မြန်မာနိုင်ငံ၏တည်ဆဲအလားအလာရှိသည့် ဈေးကွက်အုပ်စုများတွင် ၁%နှင့်၃%ကြားဝေစုရှိပါသည်။ ၎င်းတို့ထဲမှအင်ဒိုနီးရှား၊ပါကစ္စတန်ထိုင်း၊ကမ္ဘောဒီးယားနှင့်သီရိလင်္ကာ တို့သည် တူညီသည့် ဈေးကွက်အစိတ်အပိုင်း များတွင် အလားတူပစ္စည်းများဖြင့် မြန်မာနိုင်ငံအားပြိုင်ဆိုင်လျှက်ရှိကြပါသည်။

ပုံ-၇၊မြန်မာနိုင်ငံ၏လက်ရှိဈေးကွက်ပြိုင်ဘက်များ




ပုံ-၈၊မြန်မာနိုင်ငံ၏အလားအလာရှိသောဈေးကွက်ပြိုင်ဘက်များ



## အဖွဲ့အစည်းဆိုင်ရာအမြင်၊ အယူအဆများ

TSIများသည်ကဏ္ဍ၏ ပို့ကုန်ဖွံ့ဖြိုးရေးတွင်စိတ်ဝင်စားမှုနှင့်ဦးတည်ချက်ရှိပါသည်။ အကျယ်အားဖြင့် မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် အရေးပါသည့်ဝန်ဆောင်မှုပေးသည့် TSI များကိုအောက်ပါအထောက်အကူပြုဇရိယာများတင် အုပ်စုခွဲခြားထားနိုင်ပါသည်-

-ပေါ်လစီအထောက်အကူပြုကွန်ရက်
-ကုန်သွယ်ရေးဝန်ဆောင်မှုများကွန်ရက်
-စီးပွားရေးဝန်ဆောင်မှုများကွန်ရက်
-အရပ်ဘက်အဖွဲ့အစည်းကွန်ရက်

ဇယား-၈မှ ၁၁ အထိသည် TSI များကို အကြီးဆုံးပါဝင်သည့်အခန်းကဏ္ဍဖြင့်ဖော်ပြထားပြီး ၎င်းတို့ သဘောအရ အခြားTSIများ၊လူသားအရင်းအနှီးနှင့်ဘဏ္ဍာရေးအရင်းအမြစ်များနှင့်ထောက်ခံပံ့ပိုးပေးမှုဆိုင်ရာ စွမ်းဆောင်ရည်ကိုအကဲဖြတ်ချက်ပြု၍ကဏ္ဍ၏အကြံပေးသူများအဖြစ် ၎င်းတို့၏မှတ်တမ်းကိုဖော်ပြထားပါသည်။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတွင် ပါဝင်ပတ်သက်လုပ်ကိုင်နေသူများကျယ်ပြန့်စွာ ဆွေးနွေးချက်များကိုအခြေခံ၍ဤ အုပ်စုများတစ်ခုစီတွင်အနိမ့်၊အလတ်၊အမြင့်ဟူ၍အမှတ်ပေးထားပါသည်။

## ပေါ်လစီအထောက်အကူပြုကွန်ရက်

ဤအဖွဲ့အစည်းများသည် အမျိုးသားအဆင့်တွင်ပေါ်လစီများကိုလွှမ်းမိုးအကောင်အထည်ဖော်ရန်တာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့်လုပ်ပိုင်ခွင့်ရှိသည့်အာဏာများကိုကိုယ်စားပြုထားပါသည်။

### ဇယား-၈ မြန်မာအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ပေါ်လစီအထောက်အကူပြုကွန်ရက်

| အမည် | လုပ်ငန်းတာဝန်/ကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု* | လူ့စွမ်းအားအရင်းအမြစ်** | ဘဏ္ဍာရေးအရင်းအမြစ်*** | ထောက်ခံအားပေးမှု**** |
|---|---|---|---|---|---|
| CMPစောင့်ကြည့်ရေးကော်မတီ | ကဏ္ဍအတွက်အစိုးရပံ့ပိုးဆောင်ရွက်ပေးမှု-စီးပွားရေးလုပ်ငန်းသစ်များနှင့်တိုးချဲ့မှုများအားအတည်ပြုခြင်း | မြင့် | မြင့် | နိမ့် | မြင့် |
| လူဝင်မှုကြီးကြပ်ရေးပြည်သူ့အင်အားဝန်ကြီးဌာန | နိုင်ငံခြားနည်းပညာရှင်များအတွက်ဗီဇာရက်တိုးခြင်း၊နေထိုင်ခွင့်ပါမစ် | လတ် | လတ် | နိမ့် | နိမ့် |
| MOLESS | အလုပ်သမားရေးရာများ | လတ် | လတ် | နိမ့် | လတ် |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်မှုဘဏ္ဍာရေးမူဘောင်ပါဝင်သည့်ပေါ်လစီများကိုဖော်ထုတ်အကောင်အထည်ဖော်ရာတွင်ကြီးကြပ်ခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ပို့ဆောင်ရေးရေးဝန်ကြီးဌာန | သင်္ဘောဆိပ်နှင့်လေဆိပ်အတွက်စီမံကိန်းချမှတ်ရင်းနှီးမြှုပ်နှံခြင်းနှင့်ကြီးကြပ်ခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ရထားပို့ဆောင်ရေးဝန်ကြီးဌာန | လမ်းများအတွက်စီမံကိန်းချမှတ်ရင်းနှီးမြှုပ်နှံခြင်းနှင့် ကြီးကြပ်ခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |
| လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ရရှိရေးအတွက်စီမံကိန်းချမှတ်ခြင်းရင်းနှီးမြှုပ်နှံခြင်းနှင့်ကြီးကြပ်ခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |

| | | | | | |
|---|---|---|---|---|---|
| မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်(MIC) | နိုင်ငံခြားရင်းနှီးမြုပ်နှံသည့်လုပ်ငန်းများအားလိုင်စင်ချခြင်း | လတ် | နိမ့် | လတ် | နိမ့် |
| ရင်းနှီးမြုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့်ရင်းနှီးမြုပ်နှံမှုမြှင့်တင်ခြင်း | လတ် | လတ် | လတ် | လတ် |

*အခြားTSIများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း- အခြားအဖွဲ့အစည်းများနှင့် ဤအဖွဲ့အစည်း၏ ချိတ်ဆက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့်သတင်းအချက်အလက်မျှဝေခြင်းတွင်၎င်းဝန်ဆောင်မှုများ၏အကျိုးအမြတ်ရရှိသူများအားတိုင်းတာခြင်း။

**လူသားအရင်းအနှီးအကဲဖြတ်ချက်- ၎င်းတို့၏သင်တန်းနှင့် ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်နေသူများအားတုန့်ပြန်မှုဖြင့် ဤအဖွဲ့အစည်း၏ဝန်ထမ်းယေဘုယျစွမ်းဆောင်ရည်အဆင့်ကိုအကဲဖြတ်ခြင်း။

***ဘဏ္ဍာရေးရင်းမြစ်များအကဲဖြတ်ခြင်း- ထိရောက်သည့်နည်းလမ်းဖြင့် ဝန်ဆောင်မှုပေးရန်၊အဖွဲ့အစည်းများရရှိနိုင်သည့်ဘဏ္ဍာရင်းမြစ် / စွမ်းဆောင်ရည်အကဲဖြတ်ခြင်း။

****ထောက်ခံဆွေးနွေးခြင်း-ကဏ္ဍသို့ဤအဖွဲ့အစည်းကအရေးပါသည့်သတင်းအချက်အလက်ကိုမည်မျှ ကောင်းမွန်စွာ/မည်သည့်အကြိမ်ဖြင့်ဖြန့်ဖြူးပေးပြီး ဤအဖွဲ့အစည်း၏ဆွေးနွေးတင်ပြသည့်ယန္တရားထိရောက်မှုအကဲဖြတ်ခြင်း၊

## ကုန်သွယ်ရေးဝန်ဆောင်မှုများကွန်ရက်

ဤအဖွဲ့အစည်းများ/အေဂျင်စီများသည်အစိုးရနှင့်လုပ်ငန်းများ နှစ်ခုလုံးအားကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုကိုကျယ်ပြန့်စွာပေးပါသည်။ ၎င်းတို့သည်ကဏ္ဍများကိုအထောက်အကူပြုမြှင့်တင်၍နိုင်ငံအတွင်း ကုန်သွယ်မှုနှင့်ပို့ကုန်ဖြေရှင်းချက်များပေးခြင်းနှင့်သက်ဆိုင်သည်။ ၎င်းတို့သည်ကုန်သွယ်မှုသတင်းအချက်အလက်၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုနှင့် အရည်အသွေးစီမံခန့်ခွဲသည့် ဝန်ဆောင်မှုများအကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။

**ဇယား(၉) - မြန်မာအထည်အလိပ်နှင့် အထည်ချုပ်ကဏ္ဍအတွက်ကုန်သွယ်ရေးဝန်ဆောင်မှုများကွန်ရက်**

| အမည် | လုပ်ငန်းတာဝန် / အခန်းကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု | လူစွမ်းအားအရင်းအမြစ် | ဘဏ္ဍာရေးရင်းမြစ်များ | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|
| မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ MOC | ပို့ကုန်လုပ်ထုံးလုပ်နည်းဆိုင်ရာသင်တန်းပေးခြင်း၊ကုန်သွယ်မှုအကူအညီပေးခြင်း၊ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့်အမျိုးသားကုန်သွယ်မှုပေါ်လစီများဖြေလျှော့ပေးခြင်း | မြင့် | မြင့် | နိမ့် | လတ် |
| အကောက်ခွန်ဌာန | စစ်ဆေးခြင်းနှင့်ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများ | လတ် | နိမ့် | နိမ့် | လတ် |
| ပြည်ထောင်စုသမ္မတနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်UMFCCI | ပင်ရင်းဒေသသက်သေခံလက်မှတ်ထုတ်ပေးခြင်း၊လုပ်ငန်းအချင်းချင်းတွေ့ဆုံဆွေးနွေးနိုင်ရန်စီစဉ်ပေးခြင်း၊ ကုန်စည်ပြပွဲများပါဝင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဟောပြောပို့ချချက်ဆောင်ရွက်ပေးခြင်း | မြင့် | မြင့် | နိမ့် | မြင့် |
| မြန်မာအကောက်ခွန်ဆိုင်ရာဝန်ဆောင်သူများအသင်း | အကောက်ခွန်ရှင်းလင်းရေးနှင့်ကုန်ပစ္စည်းသယ်ပို့ရေးဝန်ဆောင်မှုပေးသူများအတွက်ဟောပြောဆွေးနွေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့်သင်တန်းပေးခြင်း | နိမ့် | နိမ့် | နိမ့် | လတ် |

## စီးပွားရေးဝန်ဆောင်မှုများကွန်ရက်

ဎင်းတို့မှာနိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများကို ထိရောက်စေရန်ပို့ကုန်လုပ်ငန်းရှင်များကအသုံးပြုသည့် ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှုပေးသူများ၏အဓိကကိုယ်စားလှယ်များ(သို့မဟုတ်)အသင်းများ ဖြစ်ပါသည်။

### ဇယား(၁၀)-မြန်မာ့အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက်စီးပွားရေးဝန်ဆောင်မှုများကွန်ရက်

| အမည် | လုပ်ငန်းတာဝန် /အခန်းကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု | လူ့စွမ်းအားအရင်းအမြစ် | ဘဏ္ဍာရေးရင်းမြစ်များ | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|
| MGMA | ပို့ကုန်/သွင်းကုန် လိုင်စင်များအတွက် အတည်ပြုထောက်ခံ ချက်ပေးခြင်းကဏ္ဍ အတွက်ထောက်ခံ ဆွေးနွေးခြင်း | မြင့် | နိမ့် | နိမ့် | မြင့် |
| စက်မှုဝန်ကြီးဌာန | လုပ်ငန်းမှတ်ပုံတင်ခြင်းလိုက်နာဆောင်ရွက်မှုလက်မှတ်(CoC) ၊ရေဆိုးသန့်စင်သည့်လုပ်ငန်း | မြင့် | လတ် | နိမ့် | လတ် |
| မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်သည့်ဝန်ဆောင်မှု(MITS) | စစ်ဆေးခြင်း၊စမ်းသပ်ခြင်းနှင့်ထောက်ခံချက်လက်မှတ်ပေးခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ထရပ်ကားပိုင်ရှင်များအသင်း(ကွန်တိန်နာ၊အဝေးပြေးနှင့်မန္တလေး) | သင်္ဘောဆိပ်၊လေဆိပ်၊နယ်စပ်ဖြတ်ကျော်သည့်နေရာများသို့သယ်ယူပို့ဆောင်ပေးခြင်း | နိမ့် | နိမ့် | နိမ့် | နိမ့် |

## အရပ်ဖက်အဖွဲ့အစည်းကွန်ရက်

## ကုန်သွယ်ရေးအထောက်အကူပြုသည့်ကွန်ရက်ကိုစိစစ်ဝေဖန်ခြင်း

ဤအဖွဲ့အစည်းများသည်ကဏ္ဍ၏ ကုန်သွယ်ရေးနှင့်ဆက်စပ်သည့်လုပ်ငန်းများတွင် အတိအလင်းပါဝင်ခြင်းမရှိပါ။ သို့ရာတွင်ကဏ္ဍ၏ပို့ကုန်အလားအလာနှင့်လူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ်ဖိအားပေးနိုင်သည့် သီးသန့်အကျိုးစီးပွားကိုကိုယ်စားပြုသည့်သဘောထားအမြင်ရှိသော ဦးဆောင်သူများဖြစ်ပါသည်။

### ဇယား(၁၁)-မြန်မာ့အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက်အရပ်ဖက်အဖွဲ့အစည်းကဏ္ဍ

| အမည် | လုပ်ငန်းတာဝန် / အခန်းကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု | လူ့စွမ်းအားအရင်းအမြစ် | ဘဏ္ဍာရေးရင်းမြစ်များ | ထောက်ခံအားပေးမှု |
|---|---|---|---|---|---|
| တာဝန်ယူမှုရှိသောမြန်မာစီးပွားရေးလုပ်ငန်းများဗဟိုဌာန | တွေ့ဆုံဆွေးနွေးမှုစီစဉ်ပေး၍စီးပွားရေးလုပ်ငန်းများတွင်လူ့အခွင့်အရေးမြှင့်တင်ရန်ဆောင်ရွက်ခြင်း | လတ် | လတ် | လတ် | နိမ့် |
| eTrade Myanmar | ကုန်သွယ်မှုသတင်းအချက်အလက်များ | လတ် | လတ် | နိမ့် | လတ် |

အားလုံးခြုံ၍ ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများက အဖွဲ့အစည်း(၃)ခုကိုသာကဏ္ဍအတွက် ထောက်ခံသူများအဖြစ်အဆင့်မြင့်မားစွာသတ်မှတ်ခဲ့ပါသည်။ ဎင်းတို့မှာUMFCCI, MEGAနှင့် CMPစောင့်ကြည့်ရေး ကော်မတီတို့ဖြစ်၍ဎင်းတို့အားလုံးကို အထည်ချုပ်ကဏ္ဍမြှင့်တင်ရန် အထူးဖွဲ့စည်းခဲ့ပြီးUMFCCIမှာ ယေဘုယျ အားဖြင့်ပုဂ္ဂလိကလုပ်ငန်းများအတွက်ဖြစ်ပါသည်။ အထည်ချုပ်ကဏ္ဍထောက်ခံပြောဆိုမှုအတွက်အစိုးရကဏ္ဍ ပါဝင်ပတ်သက်လုပ်ကိုင်သူများကိုအနိမ့်/အလတ်အဖြစ်

သတ်မှတ်ခြင်းသည် အထည်ချုပ်ကဏ္ဍအတွက်လုံလောက်သည့် အစိုးရထောက်ခံမှုမရှိခြင်း သို့မဟုတ်ကဏ္ဍနှင့် ပတ်သက်၍ ကောင်းစွာ သိနားလည်ခြင်းနှင့်နိုင်ငံ၏ အရေးပါသော စက်မှုအခြေခံတည်ဆောက်ရာတွင်အရေးပါမှုကိုပြပါသည်။

ထိုတူညီသည့်အသင်းအဖွဲ့အစည်း(၃)ခုနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကုန်သွယ်မှုမြှင့်တင်ရေး ဌာန (ယခုမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့) နှင့်စက်မှုဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းမှုကိုအဆင့်မြင့် သတ်မှတ်ထားပါသည်။ ဤသည်မှာအထည်ချုပ်ကဏ္ဍအထောက်အကူပြုရန်လိုအပ်သည့် ပေါ်လစီမူဘောင်နှင့် ကုန်သွယ်ရေးဝန်ဆောင်မှုများပြုလုပ်ရာတွင် အစိုးရကဏ္ဍ၏စွမ်းဆောင်ရည်အတွက်ကောင်းမွန်သည့်လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

ကောက်ယူစုစည်းမှုအရကဏ္ဍ၏TSIများအတွက်အားအနည်းဆုံးဧရိယာမှာ ဘဏ္ဍာရေးရင်းမြစ်များ ဖြစ်ပြီးအနည်းငယ် မှတစ်ပါးအားလုံးသည် ဤနေရာတွင်အဆင့်နိမ့်ပါသည်။ကဏ္ဍ၏အထောက်အကူပြုမှုအနည်း ဆုံးအဖြစ် သတ်မှတ်ထားသည့်TSI များမှာMoIPနှင့်အကောက်ခွန်ဌာနတို့ဖြစ်၍ ၎င်းတို့၏ကန့်သတ်ချက်များ အနေနှင့်MoIPကနိုင်ငံခြားပညာရှင်များအသုံးပြုမှု အပေါ်တွင်လည်းကောင်း၊အကောက်ခွန်ဌာနကအထည်ချုပ်သွင်းအားစုများအပေါ် သွင်းကုန်ဂျူတီသတ်မှတ်ခြင်းကိုလည်းကောင်း၊ အချို့သောကဏ္ဍပါဝင်ပတ်သက်လုပ်ကိုင်သူများက ပွင့်လင်းမြင်သာမှုနည်း၍ ခန့်မှန်းရခက်သည်ဟုယူဆကြပါသည်။

## အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတွင်မြန်မာကုန်သွယ်မှုအထောက်အကူပြုအဖွဲ့များ၏ခြုံငုံသိမြင်နားလည်မှု-လွှမ်းမိုးမှုနှင့်စွမ်းဆောင်ရည်

ဇယား(၁၂)တွင်အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက်TSIများ၏အမျိုးအစားစံနှုန်း(၂)မျိုးခွဲခြားထားပါသည်။ ကဏ္ဍ၏ ဩဇာအရှိန်အဝါများနှင့်၎င်းတို့၏စွမ်းဆောင်ရည်များက ကဏ္ဍ၏လိုအပ်ချက်များကိုတုံ့ပြန်ရန် အထောက်အကူပြုပါသည်။

### ဇယား(၁၂) -အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအထောက်အကူပြုအဖွဲ့များ၏ဆက်နွယ်သည့် လွှမ်းမိုးမှုနှင့် အထောက်အကူပြုစွမ်းဆောင်ရည်

| | | ကဏ္ဍ၏လိုအပ်ချက်များကိုတုံ့ပြန်ရန်အဖွဲ့အစည်းများ၏စွမ်းဆောင်ရည် | |
|---|---|---|---|
| | | နိမ့် | မြင့် |
| ကဏ္ဍအပေါ်ဩဇာအရှိန်အဝါသက်ရောက်မှု အဆင့် | မြင့် | DICA<br>MGMA<br>Customs<br>MIC<br>MoEP<br>MoFR<br>MoRT<br>MoT | CMPစောင့်ကြည့်ရေးကော်မတီ<br>စီးပွား/ကူးသန်း (MOC)<br>စက်မှုဝန်ကြီးဌာန(MOI)<br>MoLESS |
| | နိမ့် | မြန်မာအကောက်ခွန်ဆိုင်ရာဝန်ဆောင်သူများအသင်း<br>တာဝန်ယူမှုရှိသော<br>မြန်မာစီးပွားရေးလုပ်ငန်းများဗဟိုဌာန<br>မြန်မာစစ်ဆေးရေးနှင့်စမ်းသပ်သည့်ဝန်ဆောင်မှု<br>MoIP<br>ထရပ်ကားပိုင်ရှင်များအသင်း | eTrade Myanmar<br><br>UMFCCI |

## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကနဦးစတင်လုပ်ဆောင်မှုများ

တစ်ချိန်တည်းမှာပင်သတ်မှတ်ချက်များဖြစ်သည့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC)ဖြစ်ခြင်း၊ထိခိုက်လွယ်သော (သို့မဟုတ်) ပဋိပက္ခရောပြွန်းသည့် အခြေအနေတွင်ရှိခြင်း၊အသွင်ကူးပြောင်းဆဲစီးပွားရေး၊မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်၍ အကောင်အထည်ဖော်ရန်မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်ပိုင်းနိမ့်ပါးခြင်းတို့ရှိနေပါသည်။ နိုင်ငံတကာအလှူရှင်များသည် နိုင်ငံတကာဆိုင်ရာ စီးပွားရေးပိတ်ဆို့မှုများကာလကြာရှည်ပြီးနောက် ဤကွက်လပ်ကိုနည်းပညာဆိုင်ရာအကူအညီ (TA) နှင့်

အထောက်အပံ့များဖြင့်ကူညီဖြည့်စွက်နိုင်ပြီး မြန်မာနိုင်ငံနှင့်မကြာမီပြန်လည်စေ့စပ်မှုစတင်ခဲ့ပါသည်။ကမ္ဘာ့ဘဏ်၏ နှစ်ပေါင်း (၂၇)နှစ်ကြာချေးငွေအသစ်ပေးခြင်းမပြုဘဲ ကာလကြာနေပြီးနောက်အမေရိကန်ဒေါ်လာ ၂ဘီလီယံ အကူအညီပေးရန်ပြန်လည်ဆက်သွယ်မှုမှာမြန်ဆန်အားကောင်းပါသည်။ သို့ရာတွင်အကောင်အထည်ဖော်သည့်အဆင့်သို့မရောက်ရှိသေးဘဲ ကနဦးစတင်လုပ်ဆောင်မှုများက ပင်အပြည့်အဝမချမှတ်ရသေးပါ။

မြန်မာအစိုးရသည်အထည်ချုပ်ကဏ္ဍအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းမရှိပါ။ သို့ရာတွင်၎င်းအသွင်ကူးပြောင်းရေးစီးပွားရေးတွင်အထည်ချုပ်ကဏ္ဍသည် ဖြေလျှော့ပေးခံရမှုအရှိဆုံးဖြစ်ပါသည်။ JICAကအထည်ချုပ်လုပ်ငန်းအတွက်အထောက်အပံ့ပေးသည့်သင်တန်းအစီအစဉ်များမှာအပ်ချုပ်စက်ကိုင်တွယ်မောင်းနှင်ခြင်း၊အရည်အသွေးအာမခံခြင်းနှင့်စက်ရုံကြီးကြပ်ရေးတို့ပါဝင်ပါသည်။သို့ရာတွင်အဓိကအရေးပါသည့် ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာကနဦးလုပ်ငန်းများမရှိပါ။ ယနေ့အထိအလှူရှင်များအားစိုက်မှုသည်နိုင်ငံ၏ အုပ်ချုပ်ရေးပိုင်း၊ လူ့အခွင့်အရေးများပိုင်းများ ဖြစ်ပြီးနိုင်ငံ၏စီးပွားရေးပိုင်းအနေနှင့်အဓိကအလုပ်အကိုင်ဖန်တီးသည့်ကဏ္ဍဖြစ်သောစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့တွင် ဖြစ်ပါသည်။

သို့ရာတွင်အထည်ချုပ်ကဏ္ဍသည်နိုင်ငံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းသို့ ပထမဆုံးအဓိကတိုးဝင်ဆောင်ရွက်သည့်ကဏ္ဍဖြစ်ပြီးနိုင်ငံ၏စက်မှုလုပ်ငန်းထူထောင်ရေးအတွက် အလားအလာရှိသောအရေးပါသည့် စေ့ဆော်မှုတစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်းကဏ္ဍနေရာသည်ဖွံ့ဖြိုးရေးအကူအညီဆိုင်ရာများ လိုအပ်လျှက်ရှိပါသည်။

## ဥပဒေရေးရာနှင့်တရားဝင်မှုဘောင်

အထည်ချုပ်ကဏ္ဍအတွက် အရေးပါဆုံးဥပဒေများမှာ ဘဏ္ဍာရေး၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့်သဘာဝပတ်ဝန်းကျင်တို့ဖြစ်ပါသည်။ လက်ရှိကဏ္ဍမဟာဗျူဟာနှင့်အမျိုးသားပို့ကုန်မဟာဗျူဟာ အထောက်အကူပြုကဏ္ဍတစ်ခုဖြစ်သည့် ငွေကြေးအရင်းအနှီးရရှိနိုင်မှုမဟာဗျူဟာတို့တွင် အသေးစိတ်ဖော်ပြထား သည့်အတိုင်းနိုင်ငံ၏ဘဏ္ဍာရေးစနစ်သည်လွန်စွာဖွံ့ဖြိုးမှုနိမ့်ကျလျှက်ရှိပြီးအထည်ချုပ်စက်ရုံလုပ်ငန်းများစတင် လုပ်ကိုင်ရန်၊လည်ပတ်ရန်နှင့်ကုန်သွယ်ရန်တို့အတွက် ဘဏ္ဍာငွေရရှိမှုမှာအကန့်အသတ်ဖြစ်စေပါသည်။ချေးငွေအများစုသည် ၁၃% အတိုးနှုန်းရှိပြီးတစ်နှစ်အတွင်း ပြန်ဆပ်ရမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုချေးငွေအာမခံအဖြစ်သုံးစွဲနိုင်ခြင်းမရှိဘဲအာမခံပစ္စည်းတန်ဖိုး၏အများဆုံး ၃၀%အထိသာငွေချေးနိုင်ပါသည်။

၂၀၁၃ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကိုစာရွက်ပေါ်အရ ယခင်ဥပဒေအပေါ်အရေးပါသည့် ပြုပြင်မှုတစ်ခုဟုရှုမြင်သုံးသပ်ပါသည်။ အဆိုပါဥပဒေအရနိုင်ငံခြားသားအပြည့်အဝပိုင် အထည်ချုပ်စက်ရုံများ လုပ်ကိုင်ခွင့်ပြုခြင်းသည် အခြားနိုင်ငံများတွင်သမိုင်းကြောင်းအရအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးရေးအတွက်အရေးပါပြီး ပြည်တွင်းလုပ်ငန်းများနှင့် ပူးတွဲဖက်စပ်လုပ်ငန်းကိုလည်းလုပ်ကိုင်နိုင်ပါသည်။ ရှင်းလင်း၍ပြည့်စုံထိရောက်သည့် အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်းများတိုးတက်ရေးဆောင်ရွက်ရန်လိုအပ်နေပြီးဥပဒေကိုထိရောက်စွာ ကျင့်သုံးရေးမှာမူ မေးခွန်းထုတ်ဖွယ်ရာရှိပါသည်။

ပြည်တွင်းနှင့်နိုင်ငံခြားကုန်သွယ်ရေးအုပ်ချုပ်မှုနည်းစနစ်နှစ်ရပ်လုံးသည်မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍ အောင်မြင်မှုတွင်အဓိကအကြောင်းတရားများဖြစ်ပါသည်။ FOB ကိုကျော်လွန်၍ CMP ထုတ်လုပ်မှုကမျက်နှာသာပေးထားသည့်ပြည်တွင်းအခွန်စနစ်ကိုရပ်ဆိုင်းရန်လိုပါသည်။ ရည်မှန်းထားသည့်ပို့ကုန်စျေးကွက်များတွင် မြန်မာနိုင်ငံအားLDC/GSPအဆင့်အတန်းပေးရန်ဆုံးဖြတ်ချက်သည်၎င်း၏ပြိုင်ဆိုင်မှုတွင်အရေးပါသည်ခြားနားချက်ဖြစ်လာပါသည်။၎င်းအချက်သည်အထူးသဖြင့် အမေရိကန်နှင့်EUစျေးကွက်များတွင် မှန်ကန်ပါသည်။

အလုပ်သမားများနှင့်သဘာဝပတ်ဝန်းကျင်ကိုကာကွယ်သည့် စည်းမျဉ်းများကိုဂရုစိုက်ချမှတ်၍ကဏ္ဍ၏ ပြန်လည်ပြည့်ဖြိုးမြဲကောင်းမွန်သည့်သက်ရောက်မှုများကို ပုံမှန်အကောင်အထည်ဖော်သင့်ပါသည်။ပွင့်လင်းမြင်သာ၍ ကြိုတင်မှန်းဆနိုင်သည့်နည်းလမ်းဖြင့်၎င်းသို့ဆောင်ရွက်သည့်တိုင်အောင်အထည်ချုပ်လုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအန္တရာယ်များနှင့် ဘဏ္ဍာရေးအကြပ်အတည်းများရှိမြဲရှိနေပြီးနည်းလမ်းတကျစီမံကိန်းချမှတ်ခြင်းပြုနိုင်မည်မဟုတ်ပါ။

## ပို့ကုန်ဆိုင်ရာယှဉ်ပြိုင်နိုင်မှုကိစ္စရပ်များ

ပို့ကုန်ဖွံ့ဖြိုးရေးတွင် အဓိကကိစ္စရပ်များကိုဆုံးဖြတ်ရန် ပို့ကုန်အဟန့်အတားများလေ့လာစိစစ်မှုကဂီယာ (၄)ခု မူဘောင်ကိုအသုံးပြု၍အောက်တွင်ဖော်ပြထားပါသည်။ လေ့လာစိစစ်မှုကအထည်အလိပ်နှင့် အ၀တ်အထည်ကဏ္ဍအတွက်အဓိကပို့ကုန်ဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုအဟန့်အတားများကိုဖော်ပြထားသည်။ သို့ရာတွင်ကြီးမားသည့်လူမှုအဖွဲ့အစည်းတွင် ပို့ကုန်များ၏လူမှုစီးပွားပိုလျှံသက်ရောက်မှုများကို ကန့်သတ်နေသည့်ကိစ္စရပ်များအားအကဲဖြတ်ချက်ကစူးစမ်းလေ့လာထားပါသည်။

- **ထုတ်လုပ်ရောင်းချမှုပိုင်းဆိုင်ရာကိစ္စရပ်များ** သည်ထုတ်လုပ်မှုစွမ်းဆောင်ရည်ကိုထိခိုက်စေပြီး၊သင့်လျော်သည့်ကျွမ်းကျင်မှုများနှင့်တတ်သိမှုခွဲခြားနိုင်သည့် စွမ်းဆောင်ရည်နည်းပညာနှင့်ကဏ္ဍ၏ကုန် ပစ္စည်းများတွင်နိမ့်ကျသည့်တန်ဖိုးမြှင့်ခြင်းကဲ့သို့သောဧရိယာများတွင်စိန်ခေါ်မှုများပါဝင်ပါသည်။
- **စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** ၏အရည်အသွေးမှာကြီးကြပ်ထိန်းချုပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်းပြုစုရေး၊ အခြေခံအဆောက်အအုံဆိုင်ရာအကြပ်အတည်းများ၊ထောက်ခံချက်ပေးသည့်လုပ်ငန်းလုပ်ကိုင်သည့်စရိတ်၊အင်တာနက်ရရှိမှု၊အထောက်အကူပြုဝန်ဆောင်မှုများ၏ စရိတ်၊လွှမ်းမိုးသည့်ကူးပြောင်းရေးစရိတ်များကဲ့သို့သော အဟန့်အတားများဖြစ်ပါသည်။
- **ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာကိစ္စရပမျာ်းမှာ** ပို့ကုန်မြင့်တင်ခြင်း၊ ဈေးကွက်ဖြန့်ထုတ်ခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်းနှင့်ဈေးကွက်ဝင်ရောက်ခြင်းတို့ကဲ့သို့သောနိုင်ငံ၏ အဓိကပြင်ပတွင်ရှိသည့်ကိစ္စရပ်များဖြစ်ပါသည်။ (သို့သော်အတွင်းပိုင်းတွင်လည်းတွေ့နိုင်ပါသည်။)
- **လူမှုရေးနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များမှာ**

  ဆင်းရဲနွမ်းပါးမှုလျော့ချခြင်း၊ကျား/မအခွင့်အရေးညီမျှမှု၊လူငယ်ဖွံ့ဖြိုးရေး၊ပတ်ဝန်းကျင်ဆိုင်ရာစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတို့ပါဝင်ပါသည်။



## နယ်ပယ်ဒေသအတွင်းမောင်းနှင်အား(ရောင်းလိုအားဘက်ပိုင်း)

**ပုံစံ-၃** မြန်မာနိုင်ငံ၏အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက်ကုန်ထုတ်လုပ်ရောင်းချမှုဘက်ဆိုင်ရာကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း။

- ကဏ္ဍအနေဖြင့် ဝယ်လိုအားအလုံးစုံ ပြည့်မီနိုင်သည့်ထုတ်လုပ်မှုစွမ်းရည်မရှိပါ။
- ဂျပန်ကဲ့သို့မြန်မာနိုင်ငံ၏အကြီးဆုံးဈေးကွက်ကဝယ်လိုသည့် အမျိုးအစားကွဲပြားသည့် ကုန်ပစ္စည်းများ သည်သေးငယ်၍ အလီအလီကွဲပြားသည့်အထည်ချုပ်အမှာလွှာများထုတ်လုပ်ရန် ကဏ္ဍအနေဖြင့် များစွာအားစိုက်ထုတ်မှုဖြစ်စေပါသည်။
- အထည်ချုပ်လုပ်ငန်းများသည် ဝယ်သူ၏အရည်အသွေးလိုအပ်ချက်များကို ပြည့်မီရန်ရုန်းကန်ကြိုးစားရပါသည်။
- ကဏ္ဍတိုးတက်ကြီးထွားရေးအတွက်လိုအပ်သည့်ကျွမ်းကျင်လုပ်သားများ လျော့နည်းပြတ်တောက်မှုရှိပါသည်။
- မြင့်မားသည့်အလုပ်သမားအပြောင်းအလဲသည် ထုတ်လုပ်မှုကိုထိခိုက်စေပြီး လုပ်သားထုကျွမ်းကျင်မှုတိုးတက်ရေးတွင် အဟန့်အတားတစ်ရပ်ဖြစ်စေပါသည်။
- ပြည်တွင်းလုပ်သားရရှိမှု မလုံလောက်သည့်တိုင်အောင်လိုအပ်သည့်နိုင်ငံခြားသားလုပ်သားခေါ်ယူရန် အထည်ချုပ်လုပ်ငန်းများအားခွင့်မပြုခဲ့ပါ။
- အဝတ်အထည်ထုတ်လုပ်သူများသည်FOBလုပ်ငန်းမည်ကဲ့သို့ဆောင်ရွက်ရမည်ကိုသိရှိမှုအားနည်းခြင်း၊အထူးသဖြင့် သွင်းအားစုရွေးချယ်ခြင်းနှင့်ရင်းမြစ်များသိရှိမှုအားနည်းကြပါသည်။

---

**ကဏ္ဍအနေဖြင့် ဝယ်လိုအား အလုံးစုံ ပြည့်မီနိုင်သည့်ထုတ်လုပ်မှုစွမ်းရည်မရှိပါ။**

---

ကဏ္ဍ၏စက်ကိရိယာများသည်နည်းပါး၍ အိုဟောင်းလွန်းပြီးလိုအပ်သည်အရေးပါသည့်အချိန်တွင်ဝယ်လိုအားအလိုက် အရေအတွက်ကို ထုတ်လုပ်နိုင်ခြင်းမရှိဘဲကဏ္ဍ၏ကြီးထွားမှုကို အဟန့်အတားဖြစ်စေပါသည်။အထည်ချုပ်စက်ပိုင်ရှင် အများစုက ဖော်ပြသည်မှာ၎င်းတို့၏နည်းပညာသည် နှစ်(၃၀)ခန့်ခေတ်နောက်ကျ၍ စက်မှုလုပ်ငန်းတွင်ရရှိနိုင်သည့်ခေတ်မီနည်းပညာအများ အပြားကိုနားလည်ကျွမ်းကျင်မှုမရှိပါ။ အိုဟောင်းသည့်စက်ယန္တရား၏နိမ့်ကျသည့်ထုတ်လုပ်မှုကို လုပ်ငန်းခွင်စီမံရေးအတွက် နိမ့်ကျသည့်စွမ်းဆောင်ရည်ကပိုမိုဆိုးဝါးစေပြီး အမြန်နှုန်းနှင့်အမြတ်ရရှိမှုအတွက်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ရွေးချယ်ရန်လိုအပ်ပါသည်။

---

**ဂျပန်ကဲ့သို့မြန်မာနိုင်ငံ၏အကြီးဆုံးဈေးကွက်ကဝယ်လိုသည့်အမျိုးအစားကွဲပြားသည့် ကုန်ပစ္စည်းများသည် သေးငယ်၍အလီအလီကွဲပြားသည့်အထည်ချုပ်အမှာလွှာများထုတ်လုပ်ရန် ကဏ္ဍအနေဖြင့်များစွာအားစိုက် ထုတ်မှုဖြစ်စေပါသည်။**

---

အမေရိကန်နှင့် EU စီးပွားရေးပိတ်ဆို့မှုများချမှတ်ပြီးနောက်ဂျပန်ဈေးကွက်ဖော်ဆောင်ရန် မြင့်မားသည့်ဈေးနှုန်းနှင့်တင်သွင်းမှုပမာဏအများအပြားအတွက် မြန်မာအထည်ချုပ်လုပ်ငန်းရှင်များကအားစိုက်ကြရပါသည်။ ဂျပန်ဈေးကွက်သည်ကိုရီးယား သမ္မတနိုင်ငံဈေးကွက်နှင့်အတူမြန်မာအထည်ချုပ်ကဏ္ဍကိုထိန်းပေးထားနိုင်ပါသည်။ သို့သော်၎င်း၏မြင့်မားသည့် သွင်းကုန်ပမာဏသည် သေးငယ်၍အထွေထွေအလီလီကွဲပြားသည့်အမှာလွှာများပုံစံဖြင့် ရောက်ရှိလာပါသည်။ ဤအမှာလွှာများကိုအချိန်မီနည်းလမ်းဖြင့် ဖြည့်ဆည်းရန်လိုအပ်သည့်အဆင့်လိုင်းများတွင်ပြန်လည်တပ်ဆင်ခြင်း/ ဘာကစုံလိုင်းများထားရှိခြင်းနှင့်တင်းကြပ်သည့် ဂျပန်နိုင်ငံ၏အရည်အသွေးစံနှုန်းများကြောင့် မြန်မာနိုင်ငံတွင်နည်းပညာများနှင့်လုပ်ငန်းခွင်စီမံခန့်ခွဲရေးပိုင်းတွင် ရေတိုထုတ်လုပ်မှု အကျိုးအမြတ်ဖြစ်စေပါသည်။၎င်းသည် မြန်မာအထည်ချုပ်ကဏ္ဍအတွက်ရေတိုစွမ်းဆောင်ရည်အဖြစ်ရှိပြီး လက်ရှိဈေးကွက်ကိုမြှင့်တင်ရန် မျှော်မှန်းထားသည့်အတိုင်းအဆပေါင်းများစွာကြီးထွားစေရန်မှာ မြန်မာအထည်ချုပ်ကဏ္ဍအတွက် အခက်အခဲဖြစ်စေပါသည်။

**အထည်ချုပ်လုပ်ငန်းများသည်ဝယ်သူ၏အရည်အသွေးလိုအပ်ချက်များကိုပြည့်မီရန်ရုန်းကန်ကြိုးစားရပါသည်။**

အဝတ်အထည်ဝယ်သူများသည် အရည်အသွေးလိုအပ်ချက်များစွာရှိ၍မြန်မာ၏အဝတ်အထည်များကို ဦးဆောင်ဝယ်ယူနေသောဂျပန်ဝယ်ယူသူများက အတင်းကြပ်ဆုံးဖြစ်ပါသည်။ မလုံလောက်သည့်ကျွမ်းကျင်လုပ်သား၊အားနည်းသည့်အရည်အသွေးအာမခံစနစ်နှင့်နိမ့်ကျသည့် နည်းပညာများအသုံးပြုမှုသည် အထည်ချုပ်လုပ်ငန်းများအားအထူးသဖြင့်လုပ်ငန်းသစ်များအတွက်ကုန်ကျစရိတ်များ၍လိုက်နာရန်ခက်ခဲပြီး ကြီးထွားမှုတွင်အရေးပါသည့် အဟန့်အတားကိုဖြစ်စေပါသည်။ စွန့်စားမှုရှိသောစီမံခန့်ခွဲရေးတွင်ကျွမ်းကျင်မှုကင်းမဲ့ခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာဘဏ္ဍာငွေရရှိမှုအားနည်း ခြင်းများရှိနေပြီး ဝယ်သူစံနှုန်းများနှင့်ကိုက်ညီမှုဖြစ်စေရေးအတွက်ထွက်ကုန်များလေလွင့်မှုဖြစ်စေကာလုပ်ငန်းများ ကို ထိခိုက်စေပါသည်။

**ကဏ္ဍတိုးတက်ကြီးထွားရေးအတွက်လိုအပ်သည့်ကျွမ်းကျင်လုပ်သားများ လျော့နည်းပြတ်တောက်မှုရှိပါသည်။**

အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍသည်ကျွမ်းကျင်မှုလိုအပ်ချက်နည်းသော်လည်းကြီးကြပ်ရေးမှူးအဆင့်စီမံခန့်ခွဲရေးကျွမ်းကျင်မှု၊ စက်ကိုင်တွယ်မောင်းနှင်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းခွင်စီမံခန့်ခွဲရေး၊ဆေးဆိုးခြင်း၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းနှင့်ကိုက်ညီသည့်အထွေထွေလုပ်ငန်းအလေ့အကျင့်များတွင် ကျွမ်းကျင်မှုရသည့်လုပ်သားအတွက်လိုအပ်ချက်မပြည့်မီခဲ့ပါ။ (ပြီးခဲ့သည့်ဆယ်စုနှစ်များ၏ မြန်မာစီးပွားရေးတွင်အဓိကဖြစ်ခဲ့သည့်SOEs များနှင့် ဆန့်ကျင်သကဲ့သို့ရှိပါသည်။)

**မြင့်မားသည့်အလုပ်သမားအပြောင်းအလဲသည် ထုတ်လုပ်မှုကိုထိခိုက်စေပြီး လုပ်သားထုကျွမ်းကျင်မှုတိုးတက်ရေးတွင်အဟန့်အတားတစ်ရပ်ဖြစ်စေပါသည်။**

မြန်မာ အလုပ်သမား ဥပဒေနှင့် ကဏ္ဍစံသတ်မှတ်ချက်များက အလုပ်သမားများအား အလုပ်တစ်ခုမှ အခြားတစ်ခုသို့ရွှေ့ပြောင်းရန်လွယ်ကူစေပါသည်။ကြီးထွားလာနေသည့်ဤကဏ္ဍအတွင်းလုပ်သားလိုအပ်ချက်မြင့်မား နေပြီးလအနည်းငယ် အကြား (သို့မဟုတ်)ရက်သတ္တပတ်နည်းငယ်ကြာပြီးနောက်လုပ်ခလစာမြင့်မားစွာပေးသည့် အလုပ်သို့အလုပ်သမားများရွှေ့ပြောင်းခြင်းမှာတွေ့ရမြဲဖြစ်ပါသည်။အလုပ်သမားများရွှေ့ပြောင်းရာတွင် အုပ်စုလိုက် ထွက်ခွာသည့် အချိန်မတိုင်မီမှပင်သတိပြုမိပြီးထုတ်လုပ်မှုနှင့်ကုန်အပ်မှုတို့တွင် နှောင့်နှေးမှုများကိုချက်ချင်းသက်ရောက်မှုရှိစေပါသည်။ ၎င်း၏အခြားအရေးပါသည့်ဆိုးကျိုးသက်ရောက်မှုမှာကျွမ်းကျင်မှုမြင့်မားသည့် နည်းပညာရှင်များအားလေ့ကျင့်ပေးရန် အဟန့်အတားဖြစ်စေပါသည်။

**ပြည်တွင်းလုပ်သားရရှိမှုမလုံလောက်သည့်တိုင်အောင်လိုအပ်သည့်နိုင်ငံခြားသားလုပ်သားခေါ်ယူရန် အထည်ချုပ်လုပ်ငန်းများအားခွင့်မပြုခဲ့ပါ။**

အထည်ချုပ်လုပ်ငန်းအများအပြားက ၎င်းတို့ကဏ္ဍ၏ကျွမ်းကျင်မှုကွာဟချက်ကိုဖြည့်ဆည်းရန် နိုင်ငံခြားသားနည်းပညာရှင်များရှာဖွေကြပါသည်။လုပ်သားပါမစ်များကို လုပ်သားအရေးအတွက်ဖြင့်သာထုတ်ပေး၍နေထိုင်ခွင့်ကာလ နည်းလွန်းသဖြင့် ကဏ္ဍ၏ကျွမ်းကျင်မှုကွာဟချက်ကို အမြဲတမ်းဖြည့်ဆည်းရန်ခက်ခဲစေပြီး ထုတ်လုပ်သည့်လုပ်ငန်းများတွင် စရိတ်နှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်ထုတ်ဝန်ပိုးများဖြစ်စေပါသည်။ပါမစ်များကိုလူဝင်မှုကြီးကြပ်ရေး၏ စည်းမျဉ်းဖြင့်ကန့်သတ်ထားပြီး နိုင်ငံခြားသားနည်းပညာရှင်များအားကာလတိုနေထိုင်ရန်အတွက်သာခွင့်ပြု၍ ပြည်တွင်းကဏ္ဍအတွက်ကျွမ်းကျင်မှုနှင့် နည်းပညာရရှိမှုမှာကာလတိုပြုပြင်ထိန်းသိမ်းခြင်းနှင့်သင်တန်းပေးခြင်းအတွက်သာဖြစ်ပါသည်။ သို့ရာတွင်ကဏ္ဍ၏လုပ်သားထိန်းသိမ်းခြင်း စိန်ခေါ်မှုများ၏ပေါ့လျော့ခြင်းကယင်းကဲ့သို့ လွှဲပြောင်းမှုများကိုအလျင်အမြန်ဆုံးရှုံးရန်အလားအလာဖြစ်ပါသည်။

**အဝတ်အထည်ထုတ်လုပ်သူများသည် FOB လုပ်ငန်းမည်ကဲ့သို့ဆောင်ရွက်ရမည်ကိုသိရှိမှုအားနည်းခြင်း၊ အထူးသဖြင့် သွင်းအားစုရွေးချယ်ခြင်းနှင့်ရင်းမြစ်များသိရှိမှုအားနည်းကြပါသည်။**

FOBလုပ်ငန်းမည်သို့ဆောင်ရွက်ရမည်ကို ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများ အားလုံးအကြားတွင် သိရှိမှုနည်းပါးပါသည်။ပို့ကုန်တင်ပို့သည့် အဝတ်အထည်များအတွက်အထည်အလိပ်များနှင့် ဆက်စပ်ပစ္စည်းများ ကိုပြည်တွင်းမှထုတ်လုပ်နိုင်မှုမှာလွန်စွာနိမ့်ကျ၍ကဏ္ဍကြီးထွားလာသည်နှင့် အမျှအထည်ချုပ်ကဏ္ဍသွင်းအားစုများ၏ဝေစုအဖြစ် ဆက်လက်ကျဆင်းဖွယ်ရာရှိပါသည်။ FOBနည်းလမ်းအရထုတ်လုပ်ခြင်းတွင် မြန်မာအထည်ချုပ်လုပ်ငန်းရှင်များသည် နိုင်ငံခြားကုန်ကြမ်းပေးသွင်းသူများထံမှသွင်းအားစုများကို တိုက်ရိုက်ရယူရန်လိုအပ်ပါသည်။ သို့ရာတွင်ကဏ္ဍအတွင်း အထည်အလိပ်မျိုးကွဲများ၊ ၎င်းတို့၏ဝိသေသစရိုက်လက္ခဏာများနှင့်နိုင်ငံခြားဈေးကွက်များကို သိရမှုနည်းလွန်းပါသည်။ဤသည်မှာအရေးပါသည့် အားနည်းချက်တစ်ခုဖြစ်၍ ကဏ္ဍသည် FOBသို့မျှော်မှန်းထား သည့် ကူးပြောင်းရေးတွင်စတင်ပါဝင်လိုလျှင် ကဏ္ဍ၏TSI များမှအမြင့်မားဆုံးဦးစားပေးမှုကိုလိုအပ်ပါသည်။

### နယ်ပယ်ဒေသရှိမောင်းနှင်အား(စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်၏အရည်အသွေး)

### ပုံစံ-၄ မြန်မာအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက်စီးပွားရေးပတ်ဝန်းကျင်ကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း။

- FOBသွင်းအားစုများ၏အခွန်ဆောင်ရမှုအဆင့်သို့အခွန်ကင်းလွတ်ခွင့်ရသည့်CMP ထုတ်လုပ်ခြင်းမှ တန်ဖိုးကွင်းဆက်စတင်ပြောင်းလဲရန်မှာအထည်ချုပ်လုပ်ငန်းရှင်များအားအမြတ်အစွန်းမရရှိမှုကို ဖြစ်စေနိုင်ပါသည်။
- ဘဏ္ဍာငွေရရှိရန်ခက်ခဲခြင်းသည် မြန်မာစွန့်ဦးလုပ်ငန်းရှင်များအား နိုင်ငံခြားပြိုင်ဆိုင်သူများနှင့်နှိုင်းယှဉ်၍ သာမက မြန်မာနိုင်ငံတွင်လုပ်ကိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်နှိုင်းယှဉ်လျှင်ပင် ယှဉ်ပြိုင်အားနည်းချက်ကိုဖြစ်စေပါသည်။
- ယေဘူယျအားဖြင့် လျှပ်စစ်ဓာတ်အားရရှိမှုအားနည်းခြင်းနှင့် မကြာသေးမီကပေါ်လစီများသည် စက်မှုလုပ်ငန်းများအားပေးဝေနေသည့်လျှပ်စစ်ဓာတ်အားပြန်ရုတ်သိမ်းမည့်အစီအစဉ်များပါဝင်နေသည်အတွက် ယင်းသည်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုကိုထိခိုက်စေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအားများစွာ အဟန့်အတားဖြစ်စေပါသည်။
- လုံလောက်သည့်မြေယာအရွယ်အစားနှင့် အခြေခံအဆောက်အအုံကင်းမဲ့မှုက လုပ်ငန်းစုများဖွံ့ဖြိုးမှုကို အတားအဆီးဖြစ်စေပါသည်။
- များပြားရှုပ်ထွေးသည့်အစိုးရလုပ်ထုံးလုပ်နည်းများကစက်ရုံများဖွင့်ရန်၊ကုန်ပစ္စည်းများတင်ပို့ရန်နှင့်အပိုပစ္စည်းများတင်သွင်းရန်လိုအပ်သောအချိန်နှင့်ကုန်ကျစရိတ်တိုးပွားစေခြင်းဖြင့် ကဏ္ဍ၏ယှဉ်ပြိုင်နိုင်မှုကို လျော့ကျအားနည်းစေပါသည်။
- အထည်ချုပ်စက်ရုံများသည်အလုပ်သမားများအတွက် မြင့်မား၍ကြိုတင်မခန့်မှန်းနိုင်သောသယ်ယူပို့ဆောင် ရေးစရိတ်များပေးရပါသည်။
- ကျဉ်းမြောင်းနွေးကွေး၍စရိတ်ကြီးမားသည့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံက ဝယ်ယူသူများနှင့် ရောင်းသူများ၏ဆက်သွယ်သည့်စရိတ်ကိုမြင့်တက်စေပါသည်။

---

**FOB သွင်းအားစုများ၏အခွန်ဆောင်ရမှုအဆင့်သို့ အခွန်ကင်းလွတ်ခွင့်ရသည့် CMP ထုတ်လုပ်ခြင်းမှ တန်ဖိုးကွင်းဆက်စတင်ပြောင်းလဲရန်မှာအထည်ချုပ်လုပ်ငန်းရှင်များအားအမြတ်အစွန်းမရရှိမှုကိုဖြစ်စေနိုင်ပါသည်။**

---

အထည်ချုပ်သွင်းအားစုများ၏ခန့်မှန်းခြေ၉၅%ခန့်ကိုနိုင်ငံခြားမှတင်သွင်းရပါသည်။ CMP ထုတ်လုပ်မှု အတွက်တင်သွင်းသည့်အချိန်တွင်(အဝတ်အထည်ထုတ်လုပ်သူ၏ဝယ်ယူသူကစရိတ်ငြိမ်း) ၎င်းတို့ကိုအခွန်ကင်းလွတ်ခွင့်ရှိပါသည်။သို့ရာတွင FOB သွင်းအားစုအဖြစ်တင်သွင်းသည့်အချိန်တွင်အခွန်ပေးဆောင်ရပါသည်။

(မြန်မာအထည်ချုပ်လုပ်ငန်းရှင်များကဝယ်ယူရသည်။)ဤအခွန်ကင်းလွတ်ခြင်းမှFOBသွင်းအားစုများသို့တိုးချဲ့ခြင်းသည်အလွယ်ကူဆုံးဖြစ်ပြီး စီးပွားရေးအခြေအနေပြုပြင်ပြောင်းလဲမှုအပေါ် မြင့်မားစွာသက်ရောက်စေ၍ တန်ဖိုးကွင်းဆက်တလျှောက်ကဏ္ဍ၏ကူးပြောင်းမှုကိုအစိုးရကအားပေးနိုင်ပါသည်။

**ဘဏ္ဍာငွေရရှိရန်ခက်ခဲခြင်းသည် မြန်မာစွန့်ဦးလုပ်ငန်းရှင်များအားနိုင်ငံခြားပြိုင်ဆိုင်သူများနှင့်နှိုင်းယှဉ်၍သာမက မြန်မာနိုင်ငံတွင် လုပ်ကိုင်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်နှိုင်းယှဉ်လျှင်ပင်ယှဉ်ပြိုင်အားနည်းချက်ကိုဖြစ်စေပါသည်။**

အချို့သောထုတ်လုပ်မှုအကျိုးအမြတ်ကိုShop Floor စီမံခန့်ခွဲခြင်းတွင်စွမ်းဆောင်ရည်မြင့်တင်ခြင်းဖြင့် အကောင်အထည် ဖော်နိုင်ပါသည်။သို့ရာတွင်ကဏ္ဍ၏အသွင်ကူးပြောင်းမှုသည် စက်ရုံအသစ်များနှင့်ခေတ်မီနည်း ပညာများတွင်ကြီးမားသည့်ရင်းနှီး မြှုပ်နှံမှုများလိုအပ်ပါသည်။သို့ရာတွင်မြန်မာနိုင်ငံရှိဘဏ်များကချေးငွေကိုတစ်နှစ်၊ နှစ်နှစ်အတွင်းပြန်ဆပ်စေပြီးရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုအာမခံပစ္စည်းအဖြစ်လက်ခံနိုင်ခြင်းမရှိဘဲ အာမခံပစ္စည်း တန်ဖိုး၏၃၀%အထိသာငွေထုတ်ချေးပေးပြီး ၎င်းအပေါ်နှစ်စဉ် ၁၃% ဖြင့်မြင့်မားသည့်အတိုးနှုန်းပေးဆောင်စေပါသည်။ကုန်ဝယ်သူမှပေးငွေကို သွင်းအားစုများတင်သွင်းသည့်အထည်အလိပ် လုပ်ငန်းများကမရရှိပါ။ ထိုနည်းတူ အခြေခံအကျဆုံး ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေရရှိနိုင်ခြင်းမရှိဘဲ ၎င်းမှာအဝတ်အထည် ဝယ်ယူသူ၏ဘဏ်မှ အကြွေးအဖြစ် FOBအဝတ်အထည်ထုတ်လုပ်သူများကသွင်းအားစုများဝယ်ယူရန်အသုံးပြုသည့် back-to-back letters of creditအပြန်အလှန်အကြွေးဝယ်ယူခြင်းလက်မှတ် ဖြစ်ပါသည်။

**ယေဘူယျအားဖြင့်လျှပ်စစ်ဓာတ်အားရရှိမှုအားနည်းခြင်းနှင့် မကြာသေးမီကပေါ်လစီများသည် စက်မှုလုပ်ငန်းများ အားပေးဝေနေသည့်လျှပ်စစ်ဓာတ်အားပြန်ရုတသိမ်းမည့်အစီအစဉ်များပါဝင်နေသည့်အတွက် ယင်းသည်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုကိုထိခိုက်စေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအားများစွာ အဟန့်အတားဖြစ်စေပါသည်။**

နိုင်ငံတစ်ဝှမ်းလက်ရှိအထိလျှပ်စစ်စွမ်းအားပေးသွင်းမှုသည် ယုံကြည်စိတ်ချရမှုမရှိခြင်းနှင့်မလုံလောက်မှုများရှိနေပါသည်။ မကြာမီက ၂၀၁၄ ခုနှစ်နောက်ပိုင်းမှ၍ စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အားကိုအချိန်ကြာမြင့်စွာပေးနိုင်တော့မည့်မဟုတ်ကြောင်း စက်မှုဇုန်အာဏာပိုင်များကကြေညာခဲ့ပါသည်။ သို့ဖြစ်၍စက်ရုံငှား၍လုပ်ကိုင်သူများ အနေဖြင့်ကိုယ်ပိုင်မီးစက်ဖြင့်လျှပ်စစ်ထုတ်လုပ် အသုံးပြုကြရန်မှန်းဆထားရပါသည်။ စက်မှုလုပ်ငန်းဆိုင်ရာမြေယာသုံးစွဲသည့်စည်းမျဉ်းများသည် ရှားပါးသည့်စက်မှုမြေယာများ ပိုင်ဆိုင်မှုကို ဈေးကစားသူများကပြိုင်ဆိုင်စေပြီး မြေကွက်ရရှိမှုအကန့်အသတ် ဖြစ်စေ၍ ဈေးနှုန်းများတက်စေပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေနှင့် မိမိကိုယ်ပိုင်လျှပ်စစ်ထုတ်လုပ်သည့်နေရာတွင်ရင်းနှီးမြှုပ်နှံခြင်းမှစိတ် ပျက်အား လျော့မှုဖြစ်စေပြီး ဒေသအတွင်းအဝတ်အထည်ထုတ်လုပ်သည့်အခြားနိုင်ငံများတွင်ပိုမိုလွယ်ကူသည် စီးပွားရေးလုပ်ငန်းပတ်ဝန်း ကျင်ရှိနေသည့်အချိန်တွင်ပို၍ဆိုးစေပါသည်။ကဏ္ဍ၏ယှဉ်ပြိုင်နိုင်မှုကိုမြှင့်တင်ရန် ချမှတ်ထားသည့်အစိုးရပေါ်လစီများသည်အခြေခံ လျှပ်စစ်ရရှိမှုကိုအာမခံနိုင်ခြင်းမရှိဘဲကဏ္ဍအတွက် သတ်မှတ်ထားသည့်စက်မှုဇုန်များအတွက်နည်းပါးသည့် စက်မှုဆိုင်ရာအခွန်များ နှင့် ဓာတ်အားခွဲရများဆောက်လုပ်ခြင်းကဲ့သို့သော အစီအမံများပါဝင်သင့်ပါသည်။

**လုံလောက်သည့်မြေယာအရွယ်အစားနှင့်အခြေခံအဆောက်အအုံကင်းမဲ့မှုက လုပ်ငန်းစုများဖွံ့ဖြိုးမှုကိုအတားအဆီး ဖြစ်စေပါသည်။**

ကဏ္ဍ၏အလျင်အမြန်ကြီးထွားမှုနှင့်အတူလုပ်ငန်းသစ်များက သင့်တော်သည့်မြေရရှိရန် အင်တိုက်အားတိုက်ရှာဖွေကြပါ သည်။အသုံးမပြုသည့် မြေကွက်များကြားညှပ်နေခြင်းနှင့် အဆောက်အအုံပြုလုပ်ငန်းများမှကွာလှမ်းမှုရှိသည် ယင်းစက်ရုံများအား ရန်ကုန်မြို့အတွင်းတစ်စတုရန်းမီတာလျှင်အမေရိကန်ဒေါ်လာ ၆၅မှ၇၀ အထိပေးရ၍ ကဏ္ဍသည်တစ်နေရာတည်း စုစည်း လျက ရှိပါသည်။စက်မှုဇုန်များတွင်တည်ရှိသည့်ယင်းလုပ်ငန်းများပင်လျှင်လျှပ်စစ်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့်ဝန်ဆောင်မှုနှင့် စက်ရုံအဝင် အထွက်လမ်းများကဲ့သို့သော စက်မှုဇုန်များ၏ အကျိုးခံစားခွင့်များမရရှိကြပါ။

အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွင်းရှိလုပ်ငန်းများသည် အပြည့်အဝဖွံ့ဖြိုးသည့်လုပ်ငန်းစုများအတွက် လိုအပ် သည့် စက်မှုဇုန်အရွယ်အစားဖြင့်အပြည့်အဝဝန်ဆောင်မှုပေးနိုင်သည့်ခန့်မှန်းခြေဧက ၅၀၀ခန့်လိုအပ်၍၎င်းတွင်ကဏ္ဍ၏အဆောက် အအုံပြုစက်မှုလုပ်ငန်းများအတွက် နေရာ၊သင်တန်းကျောင်း၌ာနများနှင့် ဂိုထောင်ကဲ့သို့သောနေရာများပါဝင်ပြီး အစိုးရနှင့်ပုဂ္ဂလိက ထောက်ပံ့ပေးသူများအတွက်လိုအပ်သည့် စီးပွားရေးလုပ်ငန်းအတိုင်းအတာများဖြစ်သည့်လျှပ်စစ်၊စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းနှင့် စက်ရုံအဝင်အထွက်လမ်းစသည်တို့ကဲ့သို့ အရေးပါသည့်အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးနိုင်ရန်ခန့်မှန်းထားရှိပါသည်။

ကဏ္ဍ၏ကြီးထွားမှုကိုဦးစားပေးသည့်အစိုးရပေါ်လစီများမရှိဘဲ တိုးပွားလာနေသည့် ဝယ်လိုအားကိုဖြည့်ဆည်းပေးနိုင်ရန် စက်ရုံများ မည်သို့လိုအပ်နေသည်ကို သိရှိရန်အခက်အခဲရှိပါသည်။

---

**များပြားရှုပ်ထွေးသည့် အစိုးရလုပ်ထုံးလုပ်နည်းများကစက်ရုံများဖွင့်ရန်၊ ကုန်ပစ္စည်းများတင်ပို့ရန်နှင့်အပိုပစ္စည်းများ တင်သွင်းရန် လိုအပ်သောအချိန်နှင့်ကုန်ကျစရိတ်တိုးပွားစေခြင်းဖြင့် ကဏ္ဍ၏ယှဉ်ပြိုင်နိုင်မှုကို လျော့ကျအားနည်း စေပါသည်။**

---

စက်ရုံဖွင့်ရန်တစ်နေရာတည်းပြီးနိုင်သည်ဟု DICAအနေနှင့်ကြေညာထားသော်လည်း သတင်းအချက်အလက်သာ ပေး၍ကုမ္ပဏီ စတင်ရန်အတွက်ရင်းနှီးမြှုပ်နှံသူကလိုအပ်သည့် ထောက်ခံချက်အမျိုးမျိုးထုတ်ရန် အခွင့်အာဏာ ပေးအပ်ထားခြင်းမရှိပါ။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများကဤထောက်ခံချက်များကို အခြားအစိုးရရုံး (၈) ခုမှရယူရန် လိုအပ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းတစ်ခု တည်ထောင်ရန် (၅)လ မှ (၆)လအထိ လုပ်ငန်းစဉ် ကြာမြင့်နိုင်ပါသည်။

အလားတူပို့ကုန်လုပ်ထုံးလုပ်နည်းများသည် မှန်းဆခြင်းမပြုနိုင်ဘဲနှေးကွေးလေးလံ၍တင်ပို့ခြင်း၏ စွန့်စားရမှုနှင့် အချိန် တို့ကြောင့် မလိုလားအပ်သည့်ကုန်ကျစရိတ်ကိုတိုးပွားစေပါသည်။သင်္ဘောတစ်ကြိမ်တင်ရန် ကုန်ပို့သည့်ဘေလ် (၃)စောင် လိုအပ် ချက်မှာဥပမာဖြစ်သည်။ ထို့ပြင်ပြိုင်ဆိုင်မှုကင်းမဲ့ခြင်းနှင့် သင်္ဘောတင်သည့် နေရာမလုံလောက်မှုသည် ဆိပ်ကမ်းများတွင် ကိုင်တွယ် တင်ချခများမြင့်တက်စေခဲ့ပါသည်။

သွင်းကုန်များနှင့်ပတ်သက်၍ ပြည်တွင်းတွင်မရနိုင်သည့် စက်အပိုပစ္စည်းအစိတ်အပိုင်းများကို ဝယ်ယူခြင်းတွင်သွင်းကုန် လိုင်စင်ရရန်စက်ပစ္စည်းတင်ပြရပါသည်။ဤသည်မှာစက်ကိုပိတ်၍တစစီဖြုတ်ကာလုပ်ငန်း၏ထွက်ကုန်ကိုလျော့ကျစေပြီး ထုတ်လုပ်မှုစွမ်းဆောင်ရည်ရပ်တံ့၍ သုံးစွဲသူများသို့ ကတိကဝတ်ပြုတာဝန်ယူမကိုဖြည့်မီရန် လုပ်ငန်း၏စွမ်းဆောင်ရည်ကိုထိခိုက်စေပါသည်။

---

**အထည်ချုပ်စက်ရုံများသည် အလုပ်သမားများအတွက်မြင့်မား၍ ကြိုတင်မခန့်မှန်းနိုင်သော သယ်ယူပို့ဆောင်ရေး စရိတ်များပေး ရပါသည်။**

---

အလုပ်သမားသယ်ယူပို့ဆောင်ရေးစရိတ်ပေးရသည်မှာ အထည်ချုပ်စက်ရုံများအတွက်ထုံးစံလိုဖြစ်နေပါသည်။ ရန်ကုန်မြို့ အတွင်းစက်ရုံများနေရာအနှံ့ပြန့်နှံ့နေခြင်းမှာ ဤအုပ်ချုပ်ရေးအရဝန်ထုတ်ဝန်ပိုးဖြစ်ခြင်းနှင့် ကုန်ကျစရိတ်ကြီးမားစေနိုင်ပြီးအလုပ် သမားရွှေ့ပြောင်းမှုမြင့်မားနေသဖြင့်တစ်လနှင့်တစ်လကုန်ကျစရိတ်များတက်လာပါသည်။ကဏ္ဍအလိုက်သတ်မှတ်ထားသည့် စက်မှုဇုန်များကို စီမံကိန်းချမှတ်၍အနီးအနားတွင် အလုပ်သမားအိမ်ရာ၊စာသင်ကျောင်းများ၊ဈေးများ၊ဆေးရုံများနှင့် အခြားဝန်ဆောင်မှု ပေးနိုင်သည့်အဆောက်အအုံများ တည်ဆောက်မှုအားပေးရန်စီမံကိန်းချ၍ ဆောင်ရွက်နိုင်ပါသည်။ဤနည်းဖြင့်အလုပ်ရှင်များအား သယ်ယူပို့ဆောင် ရေးစရိတ်လျော့နည်းသွားစေပြီးအလုပ်သမားများအတွက်လည်း အလုပ်သို့သွားလာရသည့်အချိန်ကိုလျော့နည်း စေနိုင်ကာ အလုပ်ရှင်များကအလုပ်သမားအသစ်များလျင်မြန်စွာခေါ်ယူရန်နှင့် အလုပ်သမားများအတွက်လည်း အလုပ်အကိုင်သစ် များရှာဖွေရန် ပိုမိုလွယ်ကူစေပါမည်။

---

**ကျဉ်းမြောင်းနှေးကွေး၍ စရိတ်ကြီးမားသည့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံက ဝယ်ယူသူများနှင့် ရောင်းသူများ၏ ဆက်သွယ်သည့်စရိတ်ကိုမြင့်တက်စေပါသည်။**

---

အစိုးရ၏အခြေခံအဆောက်အအုံစီမံကိန်းများသည် စက်မှုဇုန်များအပေါ်ဦးစားပေးမှုတွင်နိမ့်ကျသည့်နေရာတွင်ရှိပါသည်။ ကြိုးမဲ့နှင့်ကြိုးပါသည့် တယ်လီဖုန်းကွန်ရက်များသည် အားနည်း၍စက်မှုဇုန်အများစုသို့မရောက်ရှိနိုင်ပါ။ ဤသည်မှာလက်ရှိသုံးစွဲ သူများ၊သုံးစွဲသူအသစ်များနှင့် နိုင်ငံခြားကုန်ကြမ်းပစ္စည်းပေးသွင်းသူများနှင့် စီးပွားရေးလုပ်ငန်းလုပ်ရန် အထည်ချုပ်စက်ရုံများ၏ စွမ်းဆောင်ရည်ကိုများစွာသောအဟန့်အတားများကိုဖြစ်စေပြီး FOBနည်းလမ်းဖြင့်ထုတ်လုပ်ခြင်းသို့ကူးပြောင်းလိုလျှင်ဂရင်းတို့လိုအပ် သည့်ဆက်ဆံရေးများကိုတည်ထောင်ရပါမည်။

## နယ်ပယ်ဒေသပြင်ပရှိမောင်းနှင်အား(ဈေးကွက် ဝင်ရောက်မှု)

## ပုံစံ(၅)- မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း

- ရန်ကုန်တွင် ရေနက်ဆိပ်ကမ်းမရှိသောကြောင့် ပို့ကုန်များအတွက် အကြပ်အတည်းဖြစ်စေပါသည်။
- ကုန်တင်ပို့ရန်အတွက်ထောက်ပံ့ပို့ဆောင်ရေးစရိတ်များမြင့်မားခြင်းသည်အဝတ်အထည်တင်ပို့သူများ၏ နိုင်ငံတကာဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို လျော့ကျစေပါသည်။
- ကဏ္ဍအတွကTSIအထောက်အကူပြုမှုသည်လုံလောက်သောအင်အားတောင့်တင်းမှုမရှိသဖြင့် လုပ်ငန်း များတခုချင်းအားသတင်းအချက်အလက်စုဆောင်းခြင်းနှင့် နိုင်ငံတကာဈေးကွက်ဖော်ဆောင်ခြင်းများအတွက် များစွာအားထုတ်ဆောင်ရွက်မှုဖြစ်စေပါသည်။
- အချို့သောနှစ်နိုင်ငံလက်ခံကျင့်သုံးနေသည့် မြင့်မားသောသွင်းကုန်အပေါ်စည်းကြပ်အခွန်နှုန်းများသည် မဟာဗျူဟာမြောက်အရေးပါသည့်ဈေးကွက်များတွင် မြန်မာနိုင်ငံ၏အဝတ်အထည်တင်ပို့မှုကိုအားနည်း ချက်ဖြစ်စေပါသည်။

---

**ရန်ကုန်တွင်ရေနက်ဆိပ်ကမ်းမရှိသောကြောင့်ပို့ကုန်များအတွက်အကြပ်အတည်းဖြစ်စေပါသည်။**

---

အထည်ချုပ်ကဏ္ဍ၏ ခန့်မှန်းခြေ ၉၅% စုစည်းနေသည့် ရန်ကုန်၏အနီးအနားတွင် ရေနက်ဆိပ်ကမ်းမရှိခြင်းကြောင့် အားနည်းချက်ဖြစ်စေပါသည်။ ဒီရေတက်ချိန်ကိုစောင့်ရန်လိုအပ်ချက်နှင့် အတူသဲသောင်ခုံများရှောင်ကွင်းရန်အတွက် ရန်ကုန်မှ ပင်လယ်ပြင်သို့ မြစ်လမ်းကြောင်းကို ခန့်မှန်းရာတွင် အချိန်(၂) ရက်ခန့်ကြာတတ်ပါသည်။ဤသည်မှာ ကဏ္ဍကတင်ပို့ရန် မျှော်မှန်းထားသည့်များပြားသည့်ပမာဏများကို ပြင်းထန်သည့်အကြပ်အတည်းဖြစ်စေပြီး သယ်ယူပို့ဆောင်ရန်ကြာမြင့်ချိန်နှင့်စရိတ်တိုးတက်မှုတို့ကြောင့် ကဏ္ဍ၏ **ယှဉ်ပြိုင်နိုင် စွမ်းအား**ကို လျော့ကျစေပါသည်။

---

**ကုန်တင်ပို့ရန်အတွက် ထောက်ပံ့ပို့ဆောင်ရေးစရိတ်များမြင့်မားခြင်းသည် အဝတ်အထည်တင်ပို့သူများ၏ နိုင်ငံတကာဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို လျော့ကျစေပါသည်။**

---

နိုင်ငံတကာဆိပ်ကမ်းများတွင် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီအနည်းငယ်ရှိပြီး လေဆိပ်တွင် Mingalardon Cargo Services မင်္ဂလာဒုံ ကုန်စည်ဝန်ဆောင်မှုများကသာ တစ်ဦးတည်းချုပ်ကိုင်ထားပါသည်။ ၎င်းတို့သည် အခြား ကုမ္ပဏီများနှင့် ပုံမှန်အပြိုင်အဆိုင်တင်ဒါခေါ်ယူသည့်စနစ်နှင့် အညီမလုပ်ကိုင်ပါ။ထိုသို့ပြိုင်ဆိုင်မှုမရှိခြင်း ဂိုဒေါင်နေရာမလုံလောက်မှု၊ ကျွမ်းကျင်ထိရောက်မှုမရှိသည့် ဝန်ဆောင်မှုများနှင့် နိုင်ငံတကာပြိုင်ဆိုင်အားမကောင်းသည့် ဈေးနှုန်းများကိုဖြစ်ပေါ်စေပါသည။ ဤသည်တို့မှာ မနက်လင်းအားကြီးချိန် တွင်ကုန်တင်သည့်အတွက်အပိုကြေးများ၊ ကွန်တိန်နာရွှေ့ရန် ဒရိုင်ဘာခများ၊ ကွန်တိန်နာဝန်ဆောင်ခထက်နည်း သည့် လုပ်ခပျမ်းမျှအမေရိကန်ဒေါ်လာ၃၅ဝနှင့် ၁ ကီလိုဂရမ်လျှင်အမေရိကန်ဒေါ်လာ၅ဝခန့်ရှိသော ဂိုဒေါင်ခများအပါအဝင်ဖြစ်ပါသည်။ထို့အပြင်ကုန်စည်ပို့ဆောင်သူများကတစ်ခုတည်းသော သင်္ဘောတင်ခြင်း များကိုကိုင်တွယ်ရန်လိုင်းအမျိုးမျိုးကိုအသုံးပြုရသဖြင့်များစွာသောကုန်ထုတ်ခနှင့်ကုန်တင်ခများအား ကြိုတင်မမျှော်မှန်းနိုင်စွာသုံးစွဲရသဖြင့် အမြန်အစွန်းကိုများစွာထိခိုက်စေပါသည်။ ဤလုပ်ငန်းများအားလုံလောက်စွာကြီးကြပ်မထားနိုင်ခြင်းမရှိပါ။ ထိုဈေးနှုန်း များ၏အများအပြားမှာပုံသေဈေးနှုန်းမရှိခြင်းနှင့် စာရွက်စာတမ်းအထောက်အထားမရှိခြင်းတို့ကသွင်းကုန်ပြုလုပ်နေသည့် အထည်ချုပ်လုပ်ငန်းများအတွက် ငွေစာရင်းရေးသွင်းဆောင်ရွက်မှုများတွင် အခက်အခဲဖြစ်စေပါသည်။

---

**ကဏ္ဍအတွက်TSIအထောက်အကူပြုမှုသည် လုံလောက်သောအင်အားတောင့်တင်းမှုမရှိသဖြင့် လုပ်ငန်းများ တစ်ခုချင်းအားသတင်းအချက်အလက်စုဆောင်းခြင်းနှင့်နိုင်ငံတကာဈေးကွက်ဖော်ဆောင်ခြင်းများအတွက် များစွာအားထုတ်ဆောင်ရွက်မှုဖြစ်စေပါသည်။**

---

ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများအနေဖြင့် ကဏ္ဍအတွက် ကောင်းစွာပေါင်းစပ်ညှိနှိုင်းသည့် ထောက်ခံသူများဖြစ်ရန် ယေဘုယျအားဖြင့် ယူဆထားသော်လည်း ကဏ္ဍ၏ TSI များသည် အလုပ်လုပ်နိုင် သည့်ဈေးကွက်သတင်းရယူခြင်းနှင့်

၎င်းကိုအသုံးပြုမည့် အထည်ချုပ်လုပ်ငန်းရှင်များ၏လက်ဝယ်သို့ထားရှိရန်အတွက် ပိုမို၍ကောင်းမွန်စွာလုပ်နိုင်ပါသည်။ဤသည်ကို ဆောင်ရွက်ရန် MOC နှင့် MGMAတို့၏ ကန့်သတ် စွမ်းဆောင်ရည်များကြောင့် အထည်ချုပ်လုပ်ငန်းများက ဤတာဝန်များကို တစ်ဦးချင်းလုပ်ရမည့်အခြေအနေကိုဖြစ်ပေါ်စေပါသည်။ဤသို့လုပ်ငန်းအများအပြား၏ မလိုလားအပ်သည့်နှစ်ထပ်ကွမ်းလုပ်ဆောင် ချက်များနှင့်ရလဒ်များသည်ဈေးကွက်သစ်များသို့ ထိုးဖောက်ဝင်ရောက်ရန် မစွမ်းဆောင်နိုင်ပါ။ ကဏ္ဍ၏ပြည်ပမြှင့်တင်ခြင်းလုပ်ငန်း များတွင် TSI များကပိုမိုတက်ကြွစွာပါဝင်နိုင်ပါသည်။ MOC,MGMA နှင့် UMFCCI တို့သည်နိုင်ငံခြားကုန်စည်ပြပွဲများတွင် ကဏ္ဍလုပ်ငန်းများအနေဖြင့်အဓိပ္ပါယ်ရှိရှိ စုစည်းပါဝင်လာစေရန်လုံလောက်သောပူးပေါင်းဆောင်ရွက် ခြင်းမရှိကြပါ။

ကဏ္ဍ၏TSIများကပံ့ပိုးသည့်ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာပေးနိုင်ပါသည်။TSIများကလုပ်ငန်းများ အားသတင်း အချက်အလက်နှင့်အကူအညီအနည်းငယ်ကိုသာအွန်လိုင်းမှပံ့ပိုးပေးနိုင်ပါသည်။ဝန်ဆောင်မှုရရှိရန်လိုအပ်သည့်ထပ်ဆောင်း ကုန်ကျ စရိတ်နှင့်အချိန်တို့ကြောင့် လုပ်ငန်းအများအပြားအနေဖြင့်၎င်းတို့ထံမှရှာဖွေခြင်းကို နောက်တွန့်စေပါသည်။ လုပ်ငန်းများကအကူ အညီရရှိရန်ကြိုးပမ်းသည့်အခါတွင်ညှိဖျင်းသည့်ဝန်ဆောင်မှုဖြင့်ပေးလေ့ရှိပါသည်။TSIများအနေဖြင့် ကဏ္ဍသို့၎င်းတို့၏ အထောက် အကူပြုမှုအနှစ်သာရကိုပိုမိုကောင်းမွန်စေခြင်းဖြင့် ၎င်းတို့အားထုတ်မှုများသည်ရည်မှန်းထားသောသုံးစွဲသူများထံသို့ ရောက်ရှိ၍ အလေအလွင့်မဖြစ်စေရန်အတွက် ၎င်းတို့၏ ဖြန့်ဖြူးရေးလမ်းကြောင်းနှင့်ဝယ်ယူသူဝန်ဆောင်မှုကိုပြုပြင်ရန်လိုအပ်ပါသည်။

---

**အချို့သောနှစ်နိုင်ငံလက်ခံကျင့်သုံးနေသည့်မြင့်မားသောသွင်းကုန်အပေါ်စည်းကြပ်အခွန်နှုန်းများသည်မဟာဗျူဟာမြောက်အရေးပါ သည့်ဈေးကွက်များတွင် မြန်မာနိုင်ငံ၏ အဝတ်အထည်တင်ပို့မှုကို အားနည်းချက်ဖြစ်စေပါသည်။**

---

မြန်မာနိုင်ငံအပေါ် အမေရိကန်စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့လိမ့်မည်ဟုကျယ်ပြန့်စွာမျှော်လင့်ချက်များထားရှိသော် လည်းအမေရိကန်နိုင်ငံအဝတ်အထည်ဈေးကွက်သို့တင်ပို့ရောင်းချရန်မြန်မာနိုင်ငံလုပ်ငန်းများ၏ စွမ်းရည်ကိုအကန့်အသတ်ဖြစ်စေ ပါသည်။မြန်မာအစိုးရကအနေဖြင့်ဤစီးပွားရေးပိတ်ဆို့မှုများကိုလျှော့ချရန် အောင်မြင်စွာကြိုးပမ်းအားထုတ်နိုင်လျှင် အမေရိကန် သည်ကမ္ဘာ့အကြီးဆုံးဈေးကွက်ကြီးဖြစ်သဖြင့်မြန်မာ့အဝတ်အထည်များအတွက် ဈေးကွက်အလားအလာကိုအံ့မခန်းတိုးလာစေနိုင်ပါ သည်။

အဝတ်အထည်များအတွက်မြန်မာနိုင်ငံ၏အကြီးဆုံးဈေးကွက်မှာဂျပန်နိုင်ငံဖြစ်၍မြန်မာနိုင်ငံ၏အားသာချက်မှာLDCနိုင်ငံ တစ်နိုင်ငံအနေဖြင့်ရရှိသည့်ဦးစားပေးအခွန်နှုန်းပေါ်တွင်မှီခိုနေပါသည်။သို့ရာတွင်မြန်မာနိုင်ငံအနေဖြင့်တရုတ်နိုင်ငံမှတင်သွင်းသည့် ပိတ်စများဖြင့်ပြုလုပ်သောဇာထိုးအဝတ်အထည်များအတွက် တူညီသည့်အားသာချက်မရရှိနိုင်ပါ။စင်စစ်တွင်မြန်မာနိုင်ငံ၏ အဝတ် အထည်ပို့ကုန်အားလုံးနီးပါးမှာရက်လုပ်ခြင်းဖြစ်ပြီး ဇာထိုးခြင်းများမပြုလုပ်ထားပါ။နှစ်ဦးနှစ်ဖက်ကုန်သွယ်ရေး သဘောတူညီချက် ဖြင့်ရရှိထားသည့်ဦးစားပေးအခွန်နှုန်းများ သည်မြန်မာနိုင်ငံ၏ဇာထိုးအဝတ်အထည်များအတွက်အမေရိကန်ဒေါ်လာ ၂၀၆ ဘီလီယံ ရှိနိုင်ငံတကာဈေးကွက်တွင် အပြည့်အဝပါဝင်ရန်လုံလောက်သောယှဉ်ပြိုင်နိုင်စွမ်းကိုရရှိစေပါသည်။

## ဖွံ့ဖြိုးမှုမောင်းနှင်အား

## ပုံစံ(၆)- မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍအတွက် ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များကိုခြုံငုံသုံးသပ်ခြင်း။

- ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းနှင့် လူမှုရေးဆိုင်ရာတာဝန်ရှိသည့်အလေ့အကျင့်များသည် ကဏ္ဍ၏စီးပွားရေး လုပ်ငန်းလုပ်ရာတွင်အဓိကအစိတ်အပိုင်းတစ်ရပ်မဟုတ်ဘဲ လူမှုရေးဆိုးကျိုးသက်ရောက်မှု များကငြိမ်းခြောက်လျှက် ရှိခြင်းနှင့်လူမှုရေးအရသက်ဆိုင်သည့် ကုန်ဝယ်သူများအား ထောက်ပံ့ပေးသွင်း နိုင်မှုမရှိခြင်းတို့ ဖြစ်စေပါသည်။
- ကဏ္ဍ၏မီးခိုးလွှမ်းခြုံသည့်လုပ်ငန်းပတ်ဝန်းကျင်များသည် အလုပ်သမားများ၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေ ပါသည်။
- ကဏ္ဍအနေနှင့်ဆင်းရဲသည့်လူတန်းစားများအား အလုပ်အကိုင်အခွင့်အလမ်းများထောက်ပံ့ပေးသော် လည်း၎င်းတို့ကို နောက်ထပ်စွန့်စားမှုများဖြစ်စေပြီးတိုးတက်ရန်အတွက်အခွင့်အလမ်းနည်းပါးစေပါသည်၊
- အထည်ချုပ်လုပ်ငန်းများတွင်အစိုးရ၏ရေဆိုးစွန့်ပစ်ရေးဆိုင်ရာစစ်ဆေးဆောင်ရွက်မှုများသည် ထိရောက်လုံလောက်မှု မရှိပါ။

**ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းနှင့် လူမှုရေးဆိုင်ရာတာဝန်ရှိသည့်အလေ့အကျင့်များသည် ကဏ္ဍ၏ စီးပွားရေးလုပ်ငန်း လုပ်ရာတွင် အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ်ရှိမနေခြင်းသည်လူမှုရေးဆိုးကျိုး သက်ရောက်မှုများ၏ ခြိမ်းခြောက်ခြင်းနှင့် လူမှုရေးအရသက်ဆိုင်သည့်ကုန်ဝယ်သူများအား ထောက်ပံ့ပေးသွင်း နိုင်မှုမရှိခြင်းတို့ ဖြစ်စေပါသည်။**

မြန်မာစက်ရုံအချို့တွင်EU၏စီးပွားရေးနှင့်လူမှုရေးဆိုင်ရာလိုက်နာကျင့်သုံးသည့်ကနဦးဆောင်ရွက်မှု(BSCI) (သို့မဟုတ်) အမေရိကန်ကမ္ဘာတစ်လွှားတာဝန်ယူသောစိတ်ချယုံကြည်ရသည့်ထုတ်လုပ်မှု(WRAP)တို့အရထောက်ခံချက်ပေးထားခြင်းအနည်း ငယ်သာရှိပါသည်။ စက်ရုံအလုပ်သမားများသည် တစ်ပတ်လျှင်ခွင့်ပြုသည့်အလုပ်ချိန်နာရီများစွာကိုကြိမ်ဖန်များစွာ ကျော်လွန် အလုပ်လုပ်ကြရပြီး တစ်ခါတစ်ရံ ကျန်းမာရေးနှင့်မညီညွတ်သည့်ပတ်ဝန်းကျင်မှလေကိုရှူရှိုက်နေရပါသည်။လုပ်ငန်းများတွင်အသုံးပြု သည့်စက်ကိရိယာသည် နည်းပညာအရခေတ်မီခြင်းမရှိသည့်အပြင် လုပ်ငန်းပတ်ဝန်းကျင်ဆိုင်ရာကိုလည်း ညစ်ငြမ်းစေပါသည်။ BSCIနှင့်WRAPတို့မှထောက်ခံချက်ရယူခြင်းသည် ဥရောပနိုင်ငံများနှင့်မြောက်အမေရိကဈေးကွက်များသို့ ဝင်ရောက်ရာတွင် အသုံးဝင်ပြီး ၎င်းတို့သည်အထည်အလိပ်နှင့်ချုပ်ထည်ထုတ်လုပ်ခြင်း၏သဘာဝပတ်ဝန်းကျင်ညစ်ငြမ်းစေမှုနှင့် လူမှုရေးဆိုင်ရာပိုလျှံ သက်ရောက်မှုများကိုပိုမိုသိရှိလာသကဲ့သို့ ကျန်းမာပျော်ရွှင်သည့်လုပ်သားထုဖြစ်စေရေးကို တောင်းဆိုလာကြပါသည်။ ထို့အပြင် မြန်မာအဝတ်အထည်များသည်တိုင်းပြည်၏အဓိကထုတ်လုပ်မှုကဏ္ဍမှကုန်စည်ဖြစ်၍ ယင်းကဏ္ဍ၏ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ နှင့်လူမှုရေးဆိုင်ရာအလေ့အကျင့်များသည်နိုင်ငံ၏ စီးပွားရေးတိုးတက်ကြီးထွားလာသည်အလျောက်အရေးပါသည့် စံပြနမူနာများ ဖြစ်လာနိုင်ပါသည်။

**ကဏ္ဍ၏မီးခိုးလွှမ်းခြုံသည့်လုပ်ငန်းပတ်ဝန်းကျင်များသည် အလုပ်သမားများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေပါသည်။**

အထည်အလိပ်နှင့်အဝတ်အထည်စက်ရုံကြီးများတွင်လေထုသည် သစ်သားနှင့်ကျောက်မီးသွေးများဖြင့်လောင်ကျွမ်းသည်ဘွိုင်လာ များမှဆိုးဝါးသောအနံ့အသက်များကြောင့် အချိန်ကြာမြင့်စွာ၎င်းလေထုကိုရှူရှိုက်ခြင်းသည် ကျန်းမာရေးအတွက်မသင့်တော်ပါ။ ကဏ္ဍတစ်ခုလုံးအနေနှင့် စက်ရုံများတွင်လုံလောက်သောဘွိုင်လာအိတ်ဇောပိုက်၊ လေဝင်လေထွက်စနစ်၊ အကာအကွယ်ရှိသော အသက်ရှူကိရိယာ(သို့မဟုတ်) လူတစ်ဦးချင်းကန့်သတ်ရရှိနိုင်သည့်ပေါ်လစီများပံ့ပိုးဆောင်ရွက်ခြင်းမပြုနိုင်ပါ။

**ကဏ္ဍအနေနှင့်ဆင်းရဲသည့်လူတန်းစားများအား အလုပ်အကိုင်အခွင့်အလမ်းများ ထောက်ပံ့ပေး သော်လည်း ၎င်းတို့ကိုနောက်ထပ် စွန့်စားမှုများဖြစ်စေပြီး တိုးတက်ရန်အတွက်အခွင့်အလမ်းနည်းပါးစေပါသည်။**

အဆင့်မြင့်ကျွမ်းကျင်မှုများနှင့်လစာပိုမိုရရှိနိုင်သည့် အထက်အဆင့်နေရာများသို့ရွှေ့ပြောင်းနိုင်ရန်အခွင့် အလမ်းများသည် ကျွမ်းကျင်မှုနည်းသည်အထည်ချုပ်လုပ်ငန်းများတွင်များစွာကန့်သတ်ထားပါသည်။အခြားနည်းဖြင့်အလုပ်အကိုင်မရနိုင်သည့် လူငယ် လူရွယ်၊အမျိုးသမီးများနှင့်ကျေးလက်ရွှေ့ပြောင်းလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းကမ်းလှမ်းပေးသော်လည်း ဤလူများ အတွက်မှာမူလစာနည်းပါးခြင်း၊ လူဦးရေတိုးပွားမှုမြန်ခြင်း၊ကြီးကြပ်မှုအားနည်းသည့် စက်မှုလုပ်ငန်းများဖြစ်ခြင်းစသည့်လုပ်ငန်းခွင် ဘေးရန်များကြောင့် ရေတိုကာလအတွင်းထိခိုက်ဆင်းရဲခံစားရသည့်လူများအဖြစ်ဆက်လက်ကျန်ရှိပါသည်။ရေရှည်တွင် မြန်မာနိုင်ငံ ၏ဖွံ့ဖြိုးတိုးတက်လာမှုနှင့်ထုတ်လုပ်မှုကဏ္ဍအမျိုးမျိုးသို့ဖြန့်ခွဲဝင်ရောက်နိုင်သောအထည်ချုပ်ကဏ္ဍဖြစ်လာသည့်အခါမြန်မာနိုင်ငံတွင် ခိုင်မာမှုမရှိသည့်ကဏ္ဍအချို့သည်ကျုံ့ဝင်သွားပြီးကျွမ်းကျင်မှုမရှိသော အဆိုပါအလုပ်သမားများသည်အခြားကဏ္ဍများသို့လွယ်ကူစွာ ရွှေ့ပြောင်းသွားနိုင်ပါသည်။

**အထည်ချုပ်လုပ်ငန်းများတွင် အစိုးရ၏ရေဆိုးစွန့်ပစ်ရေးဆိုင်ရာစစ်ဆေးဆောင်ရွက်မှုများသည် ထိရောက်လုံလောက်မှုမရှိပါ။**

ရေဆိုးသန့်စင်သည့်စရိတ်မြင့်မားမှုသည် လုပ်ငန်းအများစုကမြစ်၊ချောင်းနှင့် ပင်လယ်ထဲကဲ့သို့ပတ်ဝန်းကျင်ထဲသို့ရေဆိုး ရေညစ်စွန့်ပစ်ခြင်းရှိကြပြီး၎င်းတို့သည် ယင်းလုပ်ရပ်များအပေါ်တွင်တာဝန်ယူခြင်းမရှိကြပါ။ အစိုးရ၏ရေဆိုးစွန့်ပစ်မှုကိုကြီးကြပ် မှုပိုင်းလျော့ရဲမှုရှိခြင်းကြောင့်လည်း ဤကဲ့သို့လုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ဤသို့ကြီးထွားလာသည့်စက်မှုလုပ်ငန်းများ အားလွှမ်းခြုံ

နိုင်သည့် စက်မှုစစ်ဆေးကြီးကြပ်ရေးမျူးအရေအတွက်မှာအနည်း ငယ်သာရှိသဖြင့်အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းများ ကကောက်ယူစုဆောင်းတင်ပြသည့် စွန့်ပစ်ရေဆိုးကိုသာအစိုးရကစစ်ဆေးနိုင်ပါသည်။ဤသို့စစ်ဆေးမှုစနစ်သည် သဘာဝပတ်ဝန်း ကျင်ကိုကာကွယ်ရန်ထိရောက်မှုမရှိနိုင်ပေ။

## ကျွန်ုပ်တို့မည်သည့်နေရာသို့သွားလိုပါသနည်း

### မျှော်မှန်းချက်

ဤကဏ္ဍသည်တိုးတက်ကြီးထွားမှုလမ်းကြောင်းပေါ်တွင် အခိုင်အမာရောက်ရှိနေပါသည်။ သို့ရာတွင်တိုးတက်မှုကိုအပြည့် အဝချဲ့ထွင်ရန်နှင့်၎င်း၏အကျိုးအမြတ်ကို မြန်မာလုပ်ငန်းများနှင့်အလုပ်သမားများရရှိခံစားနိုင်ရန် အတွက်ကဏ္ဍကထိန်းသိမ်း ကြီးကြပ်ခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်စေခြင်း၊လူစွမ်းအားအရင်းအနှီးနှင့်ကုန်သွယ်မှုမြှင့်တင်ရေးစသည်တို့ နှင့်ပတ်သက်၍ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူ များ၏ပေါင်းစပ်ညှိနှိုင်းမှုအပေါ်များစွာတည်မှီနေပါသည်။ ၎င်းသည်ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာရန် CMP (သို့မဟုတ်) FOB၊ ဇာထိုး(သို့မဟုတ်)ဇာမထိုးထားခြင်းနှင့် နိုင်ငံတကာ အလုပ်သမားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်ညီမညီအပေါ်တွင်ဆုံးဖြတ်ပါလိမ့်မည်။ အောက်ပါတို့သည်ကဏ္ဍ တွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများကထုတ်ဖော်ပြောဆိုလာသည့်အတိုင်းကဏ္ဍ၏မျှော်မှန်းချက်ဖြစ်ပါသည်-

**''အထည်အလိပ်နှင့်အဝတ်အထည်အခန်းကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ စဉ်ဆက်မပြတ်ပို့ကုန်စနစ်ဖြစ်ထွန်းမှုမှတစ်ဆင့် အလုပ်အကိုင် ဖန်တီးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး''**

အဆိုပါ ရည်မှန်းချက်အောင်မြင်ရန်အတွက် မဟာဗျူဟာသည် ကုန်ထုတ်လုပ်မှုယှဉ်ပြိုင်နိုင်စွမ်းကို ကန့်သတ်ထိန်းချုပ် ထားသည့် အရာများကိုလျော့ကျစေရန်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာ့အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာအခန်းကဏ္ဍ အတွက်သတ်မှတ်ထားသော မဟာဗျူဟာမြောက်နည်းလမ်းများအတိုင်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။ မဟာဗျူဟာ၏ နောက်ငါးနှစ်အတွက်ရည်ရွယ်ချက်မှာကာလတို၊ကာလလတ်စီမံကိန်းများတွင်မြန်မာတင်ပို့သူများအတွက် အဓိကကျသောဈေးကွက် များဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်တန်ဖိုးကွင်းဆက်တွင်လိုအပ်လျက်ရှိသော အကျိုးရှိစွာလုပ်ဆောင်နိုင်စွမ်းနှင့် အစဉ်တန်ဖိုးတိုးမြှင့် ပေးနိုင်မည့်ဖွဲ့စည်းတည် ဆောက်ပုံဆိုင်ရာအပြောင်းအလဲများအတွက် အထောက်အပံ့များရရှိစေရေးတို့ဖြစ်သည်။

### မဟာဗျူဟာမြောက်ဦးစားပေးမှုများ

မြန်မာနိုင်ငံ၏အဝတ်အထည်ထုတ်လုပ်မှု အခန်းကဏ္ဍအတွက် ငါးနှစ်စီမံကိန်းတွင် မဟာဗျူဟာမြောက် ဦးစားပေး မှုများအား အကြမ်းအားဖြင့် အောက်ပါအတိုင်း အုပ်စုငါးမျိုးခွဲခြားနိုင်သည်-

(၁) ထုတ်လုပ်မှုပုံစံ (Production mode) ။ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းစေရန် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှုပုံစံ (cut-make-pack- CMP)မှ တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုပုံစံ(Free on Board-FOB) သို့ ပြောင်းလဲရန်။

(၂) ပမာဏ(Volume) ။ ကဏ္ဍဖွံ့ဖြိုးလာစေရန်နှင့်လုပ်ငန်းအုပ်စုအကျိုးအမြတ်ပိုမိုရရှိစေရန်လက်ရှိပို့ကုန် အမျိုးမျိုးတို့၏ ထုတ်လုပ်မှု တစ်ဟုန်ထိုး တိုးတက်လာစေရန်

(၃) အရည်အသွေး(Quality)။ ပိုမိုကောင်းမွန်သောအကျိုးအမြတ်အနေအထားနှင့်ဈေးကွက်များအတွင်းထပ်မံ ထိုးဖောက်နိုင်စေရေးအတွက်ကဏ္ဍရှိအရေးပါသော လုပ်ငန်းအုပ်စုများမှ စက်ရုံစံချိန်မီအရည်အသွေးများရရှိ တည် ဆောက်နိုင်ရန်။

(၄) သိုးမွှေးထိုး/ဇာထိုးထုတ်ကုန်များ(knit productions)။ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေး ကွက်များ ရရှိလာနိုင်ရန်အတွက် သိုးမွှေးထိုး/ဇာထိုးအဝတ်အထည်ထုတ်လုပ်မှုစွမ်းရည်တိုးတက်လာစေရန်။

(၅) ဒီဇိုင်း(Design)။ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုမိုမြင့်မားသော အမြတ်အစွန်းရရှိစေရန် အတွက် ဒီဇိုင်းစွမ်းရည်များ ပိုမိုတိုးတက်လာစေရန်။

အထက်ဖော်ပြပါမဟာဗျူဟာမြောက်ဦးစားပေးမှုများတွင် ပညာရပ်ဆိုင်ရာမှတ်သားထားမှုများ ပြည့်စုံနေပြီးတစ်ခုနှင့်တစ်ခုထပ်နေသော်လည်း ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုတွင်အပြောင်းအလဲဖြစ်စေရန် ယေဘူယျအားဖြင့် လိုက်လျောညီထွေမှုရှိပါသည်။ ကဏ္ဍရှိပါဝင်ပတ်သက်လုပ်ဆောင်သူများမှ ထုတ်လုပ်မှုနည်းလမ်းပိုင်းတွင် များစွာပတ်သက်မှုရှိပြီး ဒီဇိုင်းစွမ်းဆောင်ရည်အနေဖြင့် စာချုပ်ငယ်ချုပ်ဆိုလုပ်ကိုင်ခြင်းမှ ရှေ့တဆင့်တက်၍အဆင့်ဆင့်တိုးတက်လာပြီး မူလဒီဇိုင်းဖော်ဆောင်ထုတ်လုပ်သည့်အဆင့်သို့ ကဏ္ဍ၏ တရွေ့ရွေ့ပြောင်းလဲမှုဆီသို့တက်လှမ်းနိုင်ရန်ဖြစ်ပါသည်။

## ထုတ်လုပ်မှုနည်းလမ်း

ရှေ့လာမည့်(၅)နှစ်တွင် မြန်မာ့အထည်ချုပ်လုပ်ငန်းများအပေါ် လွှမ်းခြုံသည့်မဟာဗျူဟာဦးတည်မှုသည် CMPထုတ်လုပ်မှုနည်းလမ်းမှFOBထုတ်လုပ်မှုနည်းလမ်းသို့ကူးပြောင်းရန်ဖြစ်ပါသည်။FOBအရမြန်မာအဝတ်အထည်ထုတ်လုပ်သူများသည်၎င်းတို့လက်ရှိဆောင်ရွက်နေသကဲ့သို့ပြန်လည်တင်ပို့ရန်အတွက်ကုန်ဝယ်သူပိုင် ဆိုင်သည့်သွင်းအားစုများကို ချုပ်လုပ်တပ်ဆင်ပေးနေသည့်အစား၎င်းတို့၏ ပို့ကုန်အမှာလွှာများကိုဖြည့်ဆည်းရန် နိုင်ငံတကာရောင်းချသူများထံမှ ကိုယ်ပိုင်သွင်းအားစုများဝယ်ယူထုတ်လုပ်ရပါမည်။ဤအကူးအပြောင်း၏ အခြေခံအတားအဆီးများမှာ FOBအတွက်သွင်းအားစုများအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်မရှိခြင်းဖြစ်သည်။(CMP)သွင်းအားစုများလက်ရှိခံစားနေရသကဲ့သို့) အရည်အသွေးသွင်းအားစုများ၏ ပြိုင်ဆိုင်မှုအရင်းအမြစ်များနှင့်ဆက်ဆံရေး ဖြစ်၍၎င်းတို့ကိုမြန်မာအစိုးရအနေဖြင့်လွယ်ကူချောမွေ့စွာဆောင်ရွက်ပေးနိုင်ပါသည်။

## ထုတ်လုပ်မှုပမာဏ

မြန်မာ့ပို့ကုန်များဖြစ်သောအမျိုးသားရှပ်အင်္ကျီများ၊အမျိုးသားဝတ်စုံများ၊အမျိုးသားဂျက်ကက်နှင့်ကုတ်အင်္ကျီများ(အောက်ခံထည့်ထားသည့်အရာ၊လေကာများ)အမျိုးသားဘောင်းဘီများ၊လုပ်ငန်းခွင်ဝတ်စုံများ(ယူနီဖောင်း)နှင့်သိုးမွေးထည်များ၏ နိုင်ငံတကာဝယ်လိုအားနှင့် အညီပြည့်မီရန်မြန်မာနိုင်ငံတွင်တစ်ပတ်လျှင် အထည်ချုပ်စက်ရုံ အသစ်တစ်ခုတည်ထောင်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းတွင်မြင့်တက်လာနေသည့်ဝယ်လိုအားအဆင့်ကိုဖြည့်ဆည်းရန် စက်ရုံ(၅၀၀) ကျော်ရရှိလာမည်ဟု ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများကခန့်မှန်းပါသည်။ ဆိုလိုသည်မှာတစ်ရက်လျှင် နောက်ထပ်စက်ရုံအသစ်၁ခု ထပ်မံဖွင့်လှစ်နိုင်ရန်လိုအပ်ပါသည်။ဤမျှလျှင်မြန်စွာကဏ္ဍကိုမြှင့်တင်နိုင်ရန်အစိုးရလုပ်ထုံးလုပ်နည်းများမြန်ဆန်ချောမွေ့စေရန် လိုအပ်ပါသည်။ သတ်မှတ်ထားသည့်စက်မှုဇုန်များတွင် အပြည့်အဝဝန်ဆောင်မှုပေးနိုင်သည့်စက်ရုံနေရာ၊ အထောက်အကူပြုကာလအတွင်းရေရှည်ဘဏ္ဍာရေးထောက်ပံ့မှုနှင့် အလုပ်သမားသစ်တစ်သိန်းအတွက် စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းပေးခြင်းတို့ကို ထိရောက်စွာထောက်ပံ့မှုပေးနိုင်ရန်ဖြစ်ပါသည်။ ဤအခြေအနေစည်းကမ်းချက်များအားလုံးကို ဖြည့်ဆည်းရာတွင် မြန်မာအစိုးရကဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ပြီး MGMA ကအစိုးရနှင့်ပူးပေါင်း၍လိုအပ်သည့်သင်တန်းများထောက်ပံ့ပေးနိုင်ပါသည်။

## ဇာထိုးထည်များ

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ဇာထိုးမထားသည့်လူလုပ်ထားသောချည်မျှင်အတု၏ ထုတ်ကုန်များတွင်အားလုံးနီးပါးစုစည်းလျက်ရှိပါသည်။ သို့ရာတွင်ကမ္ဘာ့အဝတ်အထည်ဈေးကွက်တန်ဖိုး၏ ၅၁% သည်(အမေရိကန်ဒေါ်လာ၄၀၂ဘီလီယံ) ဇာထိုးပစ္စည်းများမှရရှိပါသည်။ဤသည်မှာမြန်မာအဝတ်အထည်တင်ပို့သူများအနေဖြင့် မပါဝင်နိုင်သည့်ကြီးမားကျယ်ပြန့်သည့် ဈေးကွက်တစ်ခုဖြစ်ပါသည်။သို့ရာတွင်ထပ်မံဖြည့်စွက်ထား သည့်စွမ်းဆောင်ရည်တို့ဖြင့် ပါဝင်နိုင်ရန်ခြေလှမ်းအသင့်ပြင်ထားပြီးဖြစ်ပါသည်။ ဇယား-၁၃တွင်ဖော်ပြထားသည့်ကုန်ပစ္စည်းခြောက်မျိုးဖြင့် ဇာထိုးဈေးကွက်သို့ဝင်ရောက်ရန်အတွက် အကြီးမားဆုံးအခွင့်အလမ်းကို ကဏ္ဍတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများတွေ့ရှိကြပါသည်။

**ဇယား-၁၃-ရှေ့လာမည့်(၅)နှစ်အတွင်း ကြီးထွားလာရန် မျှော်မှန်းသည့်ဇာထိုးအဝတ်အထည်များ**

| ကုန်ပစ္စည်းများ | မြန်မာနိုင်ငံ၏ ၂၀၁၂ခုနှစ် ပို့ကုန်တန်ဖိုး (ဒေါ်လာသန်း) | ပစ္စည်း |
|---|---|---|
| စွယ်တာများ၊အထူးသဖြင့် အပေါ် ဝတ်သိုးမွေးထည်များ | ၈ | လူလုပ်ချည်တု |
| T-Shirt များ | ၇ | ဝါဂွမ်း |
| ဘလောက်စ်အင်္ကျီများ | ၄ | လူလုပ်ချည်တု |
| မိန်းမဝတ်ဘောင်းဘီများ | ၄ | လူလုပ်ချည်တု |
| မိန်းမဝတ်ဂျက်ကက်များနှင့်ကုတ်အင်္ကျီများ | ၄ | လူလုပ်ချည်တု |
| အမျိုးသားဝတ်ပိုလိုရှပ်အင်္ကျီများ | ၂ | ဝါဂွမ်း |
| လက်ဝှေ့ဘောင်းဘီတိုနှင့်အမျိုးသားဝတ်ဘောင်းဘီတိုများ | ၁ | ဝါဂွမ်း |

ဇာထိုးစွမ်းဆောင်ရည်၏ ကဏ္ဍဖွံ့ဖြိုးရေးတွင်အခြေခံအတားအဆီးမှာ စက်ကိရိယာ၊ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံ၊ ကဏ္ဍအတွင်း လုပ်ငန်းများ၏ဈေးကွက်ဆက်ဆံရေးတို့အပေါ်တွင်တည်မှီနေပါသည်။ MGMA,MOC ၏ကုန်သွယ်မှုမြှင့်တင်ရေး ဌာနနှင့်နိုင်ငံတကာအလှူရှင်များသည် အဝတ်အထည်ကဏ္ဍအပေါ်ဦးတည်သည့် ဤစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကထောက်ပံ့ပေးနိုင်ပါသည်။

## ဈေးကွက်ခွဲခြားသတ်မှတ်မှုများ

ယနေ့မြန်မာနိုင်ငံ၏အရေးအပါဆုံးအဝတ်အထည်ဈေးကွက်များမှာ အရှေ့အာရှတွင်နှစ်နိုင်ငံ (ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံ)နှင့်အနောက်ဥရောပရှိသုံးနိုင်င(ဂျာမဏီ၊UKနှင့်စပိန်)တို့ဖြစ်ပါသည်။ဤငါးနိုင်ငံဈေးကွက် သည်ကမ္ဘာ့ဈေးကွက်၏ ၃၀%ရှိ၍ အမြတ်နည်းပြီး ပမာဏများပြားသောဈေးကွက်မှ အမြတ်များပြီးဖက်ရှင်နှင့် အမျိုးစုံအဆင့်မြင့်ဈေးကွက်များသို့ ဈေးကွက်တခုစီ၏ အစိတ်အပိုင်းများကျယ်ပြန့်စွာအသီးသီးရှိကြပါသည်။မြန်မာနိုင်ငံ၏အထည်ချုပ်လုပ်ငန်းများဆက်လက်ဖွံ့ဖြိုးရန်အတွက် ဤငါးနိုင်ငံသည်အရေးပါသည့်ဈေးကွက်များဖြစ်ပါသည်။

မြန်မာနိုင်ငံကထိုးဖောက်ရန်ကျန်သည့်အရေးကြီးဆုံးဈေးကွက်မှာအမေရိကန်ဈေးကွက်ဖြစ်၍ဋ္ဌင်းနိုင်ငံတစ်ခုတည်းပင်လျှင် ကမ္ဘာ့အဝတ်အထည်တင်သွင်းမှု၏ ၂၀%ရှိပါသည်။မြန်မာအပေါ်ထားရှိသည့်အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုသည်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများတင်ပို့ခြင်းနှင့်ပြန်လည်တင်ပို့ခြင်းတို့ကိုတားမြစ်ပါသည်။ အဝတ်အထည်ဝယ်ယူသ၏ဘဏ်ကထုတ်ပေးသည့်Letter of Credit (L/C)များကိုပို့ကုန်ငွေကြေးဆိုင်ရာဝန်ဆောင်မှုတစ်ခုအဖြစ်ဖွင့်ဆိုထား၍အမေရိကန်ဝယ်ယူသူများကမြန်မာ အဝတ်အထည်တင်ပို့သူများနှင့်စီးပွားရေးလုပ်ရန်လက်တွန့်ကြပါသည်။မျှော်မှန်းထားသည့်အမေရိကန်စီးပွားရေးပိတ်ဆို့မှုများရုတ်သိမ်းခြင်းသည်မြန်မာနိုင်ငံမှဝယ်ယူတင်သွင်းသူများအားလွတ်လပ်စေပါသည်။ သို့သော် စီးပွားရေးပိတ်ဆို့မှုများရုတ်သိမ်းခြင်းတစ်ခုတည်းဖြင့် မြန်မာနိုင်ငံ ၏ယှဉ်ပြိုင်နိုင်စွမ်းကိုအာမခံနိုင်ခြင်းမရှိပါ။ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDC) အတွက်အခွန်နှုန်းထားအစီအစဉ် (သို့မဟုတ်)ဦးစားပေးအထူးနှုန်းထား(GSP)တို့အရ မြန်မာ့အဝတ်အထည်များကိုခွဲခြားသတ်မှတ်ပေး၍ အထူးအခွင့်အရေးများရရှိခံစားနိုင်ရန် မြန်မာအစိုးရအနေဖြင့် အမေရိကန်အစိုးရနှင့်ညှိနှိုင်းဆွေးနွေးသင့်ပါသည်။

ထိုပြင်မြန်မာအဝတ်အထည်ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့ဈေးကွက်များကိုချဲ့ထွင်ရန်အောက်ပါစရိုက် လက္ခဏာများနှင့်ပြည့်စုံသည့်ရည်မှန်းဈေးကွက်ကိုရှာဖွေသင့်ပါသည်-

- မြန်မာအဝတ်ထည်များကိုပြန်လည်တင်ပို့ခြင်းဖြင့် ကျယ်ပြန့်သည့်ဈေးကွက်များကို မိတ်ဆက်ပေးနေသောဆင့်ပွားတင်ပို့သူအဖြစ် ဆောင်ရွက်နိုင်သည့်ကုန်သွယ်မှုဗဟိုဌာနများ
- မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်ကုန်သွယ်မှုမြှင့်တင်သူများအနေဖြင့် လက်ရှိနယ်စပ်ဈေးကွက်နိုင်ငံများ (သို့မဟုတ် အခြားဦးတည်ဈေးကွက်များ)တွင်ကုန်စည်ဖြန့်ဝေသည့် လမ်းကြောင်းများမျှဝေပေးခြင်းနှင့်ဒေသတစ်ခုသို့ စရိတ်လုံလောက်ကာမိစေသည့် ဈေးကွက်ရှာခရီးစဉ်များခွင့်ပြုပေးခြင်း

- အဝတ်အထည်များပမာဏအများအပြားကို တင်သွင်းခြင်းမရှိသည့်မြန်မာနိုင်ငံ၏အဓိကကုန်သွယ်ဘက်များသည် မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ဈေးကွက်အသိပညာနှင့် အတွေ့အကြုံများ၏ အားသာချက်ကို ရယူဆောင်ရွက်ခြင်း
- လက်ရှိဈေးကွက်များနှင့်အများသုံးဘာသာစကားအသုံးပြုသည့်နိုင်ငံများက(သို့မဟုတ်အခြားဦးတည် ဈေးကွက်များ) မြန်မာဈေးကွက်ဖော်ဆောင်သူများအကြားရှိပြီး ဘာသာစကားနှင့်ယဉ်ကျေးမှုဆိုင်ရာအတွေ့အကြုံ၏ အားသာချက်ကိုရယူဆောင်ရွက်စေခြင်း

ဤစံနှုန်းသတ်မှတ်ချက်များ၏ သုံးချက်ကျော်နှင့်ကိုက်ညီသောနိုင်ငံကိုးခုမှာ ပြင်သစ်၊အီတလီ၊ဟောင်ကောင် (တရုတ်)၊ နယ်သာလန်၊ကနေဒါ၊ရုရှားပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ဆွစ်ဇာလန်နှင့်ဩစတြီးယားတို့ဖြစ်ပါသည်။ အားလုံးထဲတွင် ဟောင်ကောင် (တရုတ်)(အဓိကကုန်သွယ်ဘက်)နှင့်ကနေဒါ(ဈေးကွက်ဦးဆောင်သူအမေရိကန်နှင့်နယ်စပ်ခြင်းထိစပ်နေ)တို့သည် အနောက်ဥရောပ၏သိပ်သည်းကျစ်လစ်သောပထဝီဒေသအတွင်းရှိပါသည်။ စုစည်းကောက်ယူမှုအရရင်းနိုင်ငံများသည်ကမ္ဘာ့ဈေးကွက် ၏နောက်ထပ် ၂၅%ရှိပါသည်။ ဤနိုင်ငံကိုးခုနှင့်အမေရိကန်ပြည်ထောင်စုကိုအောင်မြင်စွာထိုးဖောက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်၏ ၇၅% ရှိသည့် နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်လာနိုင်ပါသည်။

## ကာလတို(၀မှ၃နှစ်များ)

## ရည်မှန်းဈေးကွက်များ

- ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံတို့၌ရှိသော ရောင်းဝယ်ရေးကုမ္ပဏီများ၊Brandအဝတ်အထည် ကုမ္ပဏီများ၊ ပင်လယ်ရပ်ခြားဝယ်ယူရေးရုံးများ။
- ဂျာမဏီ၊UK၊စပိန်နှင့်အမေရိကန်ပြည်ထောင်စုရှိ Brandအဝတ်အထည်ကုမ္ပဏီများနှင့် ပင်လယ် ရပ်ခြားဝယ်ယူရေးရုံးများ။
- ဟောင်ကောင်(တရုတ်)၊ နယ်သာလန်နှင့်ဘယ်လ်ဂျီယံနိုင်ငံတို့၌ရှိသောရောင်းဝယ်ရေးကုမ္ပဏီများ။

လက်ရှိအရေးကြီးဆုံးမှာပုဂ္ဂလိကကဏ္ဍအနေဖြင့်ရှိပြီးဈေးကွက်များသို့ရှိပြီး ကုန်ပစ္စည်းများတင်ပို့မှုပမာဏတိုးချဲ့တင်ပို့ ခြင်းအပေါ် အာရုံစိုက်ပါမည်။ ၎င်းကိုဈေးကွက်သုံးမျိုးဖြင့်ဆောင်ရွက်ရပါမည်ဖြစ်ရာလက်ရှိ ဈေးကွက်များ၊အမေရိကန်၏ကြီးမားသောဈေးကွက်နှင့်အဓိကပြန်လည်တင်ပို့သည့်ဈေးကွက်များဖြစ်သည့်ဟောင်ကောင် (တရုတ်)၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့ ဖြစ်ပြီး ၎င်းတို့က ပိုမိုကျယ်ပြန့်သည့် ကုမ္ပဏီများတွင် မြန်မာအဝတ်အထည်များကိုပိုမိုသိရှိလာစေရန်ကူညီနိုင်မည်ဖြစ်ပါသည်။

လက်ရှိဈေးကွက်များတွင် ဂျပန်(လုပ်ငန်းခွင်ယူနီဖောင်း၊ အမျိုးသားရှပ်နှင့်အမျိုးသားဝတ်စုံများ)၊ ကိုရီးယားသမ္မတနိုင်ငံ (ဂျက်ကက်နှင့်အမျိုးသားဖက်ရှင်ရှပ်များ)၊ဂျာမဏီ (အမျိုးသားဝတ်ဘောင်းဘီ၊ဂျက်ကက်နှင့်ရှပ်အင်္ကျီများ)UKနိုင်ငံ(အမျိုးသားဝတ်ဘောင်းဘီများ)တို့ပါဝင်ပါသည်။ဤကာလအတွင်းအမေရိကန်အတွက်ပို့ကုန်ပစ္စည်းများမှာဇာထိုးT-Shirt များ၊အတွင်းဝတ်အထည်များနှင့်စပို့ရှပ်တို့ အများဆုံးဖြစ်ရန်မျှော်လင့်ထားရှိပါသည်။ တစ်ချိန်တည်းမှာပင်အသစ်ဖွင့်လှစ်သည့် အမေရိကန်ဈေးကွက်တွင် ရောင်းချရန် T-Shirtများ၊ပိုလိုရပ်များနှင့်အမျိုးသားဝတ်အတွင်းထည်များကိုတိုးချဲ့ထုတ်လုပ်၍ ဇာထိုးထည်များထုတ်လုပ်သည့်စွမ်းဆောင်ရည်ကို မြှင့်တင်သင့်ပါသည်။

ဤကာလအတွင်းCMPမှFOBသို့ပြောင်းလဲခြင်းနှင့် စက်မှုလုပ်ငန်းတစ်လျှောက်အရည်အသွေးစံနှုန်းများတည်ထောင်ခြင်းဖြစ်ပေါ်လာ၍အရည်အသွေးစံသတ်မှတ်မှုအပေါ် MGMA ကဆောင်ရွက်၍FOBအပေါ်အခွန် စည်းကြပ်မှုအတွက်အစိုးရ၏ဆောင်ရွက်မှုတို့က ဆိုင်းငံ့ထားသင့်ပါသည်။ ဤဖွံ့ဖြိုးတိုးတက်မှုနှစ်ခုပေါ်ပေါက်လာသည့်အချိန်တွင် ကဏ္ဍသည်ကာလလတ်မှ ကာလရှည်အတွင်းမူလထုတ်လုပ်မှုအခွင့်အလမ်းများ၏အားသာချက်ကိုရယူရန်ပိုမိုကောင်းမွန်သည့်အနေအထားသို့ရောက်ရှိနိုင်ပါသည်။(သာမန် FOBထုတ်လုပ်ခြင်းမှလက်လီသမားများနှင့် Brand ပိုင်ရှင်များထံမှစာချုပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။)

## ကာလလတ်မှကာလရှည်အထိ ( ၃နှစ်နှင့်အထက်)

## ဦးတည်ဈေးကွက်များ

- ပြင်သစ်၊ ဆွစ်ဇာလန်၊ ကနေဒါနိုင်ငံတို့ရှိ Brand အဝတ်အထည်ကုမ္ပဏီများနှင့်ပင်လယ်ရပ်ခြားကုန်ဝယ်ယူနေသည့်ရုံးများ။
- တရုတ်၊တူရကီ၊မလေးရှား၊ထိုင်းနှင့်အီတလီရှိအထည်ချုပ်စက်ရုံများ

ကာလတိုတွင်ဖော်ပြခဲ့သည့် ထွန်းသစ်စဈေးကွက်များနှင့်ဖြန့်ဖြူးရေးလမ်းကြောင်းများကို နယ်သာလန် နှင့် ဘယ်လ်ဂျီယံတို့သို့တင်ပို့ခဲ့သည့် ပို့ကုန်အတွေ့အကြုံအားဖြင့်အသုံးပြု၍ ပြင်သစ်၊အီတလီ၊ဆွစ်ဇာလန်နှင့် ဩစတြီးယားတို့အကြားရှိဦးဆောင်ရန်အလားအလာရှိသူများသို့ တိုက်ရိုက်တင်ပို့ခြင်းဖြင့်မြန်မာပို့ကုန်လုပ်ငန်းရှင်များက ဤအဆင့်ကိုစတင်သင့်ပါသည်။ ကနေဒါနိုင်ငံကိုလည်းထည့်သွင်းရပါလိမ့်မည်။

တစ်ချိန်တည်းမှာပင်တရုတ်၊တူရကီ၊မလေးရှားနှင့်ထိုင်းနိုင်ငံများရှိ ယခင်စရိတ်နည်းသည့်ထုတ်လုပ်မှုဌာန များတွင်ဈေးနှုန်းမြင့်တက်လာသည့်ဖိအားများကြောင့် ၎င်းတို့၏ထုတ်လုပ်မှုကိုပြင်ပကမ္ဘာ့နိုင်ငံများသို့ ဆက်လက်ရှာဖွေခြင်းဖြစ်စေကာ ထိုနိုင်ငံများရှိစက်ရုံများကအထည်ချုပ်လုပ်ငန်းများလုပ်ကိုင်ရန် မြန်မာနိုင်ငံကဲ့သို့နိုင်ငံများနှင့်တစ်ဆင့်ခံစာချုပ်ငယ်ချုပ်ဆိုခြင်းများ တိုးပွားလာရန်မျှော်လင့်နိုင်ပါသည်။အလားတူပင် မြန်မာ၏စွမ်းဆောင်ရည် များတိုးတက်လာပြီး အီတလီမှအဆင့်မြင့်ပြင်ပရင်းမြစ်ရှာဖွေမှုများအတွက်ပြိုင်ဆိုင်နိုင်ပါမည်။

ထုတ်ကုန်ဦးတည်မှုအတွက်ကာလတိုတွင် ဇာထိုးသို့မဟုတ်ဇာမထိုးသည့် အပေါ်ဝတ်သိုးမွှေးအင်္ကျီများ၊ အမျိုးသမီးဝတ်ဂျက်ကက်နှင့်ကုတ်အင်္ကျီများအမျိုးသမီးဝတ်ဘောင်းဘီနှင့်ဘလောက်စ်များကိုထိန်းထားသင့်ပါသည်။ဤအဆင့်တွင် အချို့ထုတ်လုပ်သူများအနေဖြင့် FOBအဆင့်မှ မူလပင်ကိုဒီဇိုင်းသို့ကူးပြောင်းခြင်းစတင်ရန်အတွက် မူလပင်ကိုဒီဇိုင်းစွမ်းဆောင်ရည်နှင့် ဈေးကွက်ဆက်သွယ်မှုများမှာ လုံလောက်စွာရှိသင့်ပါသည်။

### ပုံစံ-၇မြန်မာနိုင်ငံအထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတွင်ဖွဲ့စည်းမှုဆိုင်ရာအပြောင်းအလဲများကို ခြုံငုံသုံးသပ်ခြင်း

- အလုပ်သမားထုနှင့်အထောက်အကူပြုဝန်ဆောင်မှုများအတွက်အဓိကအပြည့်အဝဆောင်ရွက်ပေးသည့် အဝတ်အထည်ပို့ကုန်လုပ်ငန်းဇုန်များတွင်ထွက်ကုန်ထိရောက်မှုနှင့်အမြတ်အစွန်းရရှိမှုတိုးတက်စေနိုင်ပါသည်။
- လုပ်ငန်းစတင်ရန်အတွက်ငွေကြေးရရှိနိုင်မှုနှင့် အစိုးရလုပ်ထုံးလုပ်နည်းများမြန်ဆန်တိုးတက်စေခြင်း ဖြင့်ကာလတိုအတွင်း ကဏ္ဍအရွယ်အစားကို လျှင်မြန်စွာ သုံးဆ မြင့်တက်စေနိုင်ပါသည်။
- အဝတ်အထည်ဝယ်ယူသူများက ထောက်ပံ့ပေးခြင်းမဟုတ်ဘဲ အထည်ချုပ်လုပ်ငန်းစုများက သွင်းအားစုများကိုတိုက်ရိုက်စတင်ဝယ်ယူခြင်းဖြင့်ကဏ္ဍ၏အနုစိတ်ဆန်းပြားမှုနှင့်အမြတ်ရရှိမှုကိုတိုးတက်စေနိုင်ပါသည်။(CMPမှFOB တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုနည်းလမ်းသို့ပြောင်းလဲခြင်း)
- ပြည်တွင်းလုပ်သားများအားပိုမိုကျယ်ပြန့်စွာထိန်းသိမ်းခြင်း၊နိုင်ငံခြားသားနည်းပညာရှင်များလွတ်လပ်စွာအသုံးပြုခြင်း၊ အထည်ချုပ်လုပ်ငန်းအထူးစီးပွားရေးဇုန်များ (SEZs) အတွင်းကျွမ်းကျင်တတ်မြောက်သည့်သင်တန်းပေးခြင်းနှင့် ထောက်ခံချက်ပေးသည့်ဌာနများထားရှိပေးခြင်းတို့ဖြင့် အလုပ်သမားကျွမ်းကျင်မှုအရံအင်အားသစ်များတည်ဆောက်ခြင်းကိုဆောင်ရွက်နိုင်ပါသည်။
- သတ်မှတ်ထားသည့်လျှပ်စစ်ဓါတ်အားခွဲဌာနများနှင့်စက်မှုလုပ်ငန်းဆိုင်ရာအခွန်နှုန်းများကိုအထည်ချုပ်လုပ်ငန်းအစုအဖွဲ့များသို့ထောက်ပံ့ပေးခြင်းဖြင့် ကုန်ထုတ်လုပ်ချိန်တိုးမြှင့်ခြင်း၊ထုတ်လုပ်မှုစရိတ်လျှော့ချခြင်းနှင့် စွန့်စားမှုများသည့်ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုလျော့နည်းစေခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။
- အဝတ်အထည်များအားသင်္ဘောလွှဲပြောင်းတင်ပို့မှု လျော့နည်းစေခြင်းဖြင့်ဝယ်ယူသူစိတ်ကျေနပ်မှုနှင့် ထုတ်လုပ်သူအမြတ်ရရှိမှုတိုးတက်စေခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

- မြန်မာအထည်ချုပ်ကဏ္ဍကို ဇာထိုးနှင့်ဒီဇိုင်းဆိုင်ရာစွမ်းဆောင်ရည်များဖြင့် တန်ဖိုးကွင်းဆက်မြှင့်တင်၍ အမယ်မျိုးစုံ ထုတ်လုပ်တိုးချဲ့နိုင်ပါသည်။
- ကဏ္ဍ၏သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာသက်ရောက်မှုများတိုးတက်စေခြင်းနှင့်တန်ဖိုးမြှင့်ဈေးကွက်များထပ်မံ ရရှိချိတ်ဆက်ရန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် BSCI,WRAP လုပ်ငန်းခွင်ကျန်းမာရေးနှင့် အကြံပေးဝန်ဆောင်မှု (OHSAS)18001, စံချိန်စံနှုန်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း(ISO)1400 နှင့်အလားတူတို့တွင်ပါဝင်သည့်စံချိန် စံနှုန်းများကို လိုက်နာခြင်းဖြင့်ကဏ္ဍကြီးထွားတိုးတက်လာစေနိုင်ပါသည်။

## ပုံ-၉၊ အထည်ချုပ်ကဏ္ဍ အနာဂတ်တန်ဖိုးကွင်းဆက်



Figure 9: Future value chain – garment sector

## တန်ဖိုးကွင်းဆက်ဖွဲ့စည်းဆောင်ရွက်ပုံတိုးတက်ပြောင်းလဲလာမှု

အနာဂတ်တန်ဖိုးကွင်းဆက်တွင် လက်ရှိကဏ္ဍမဟာဗျူဟာတွင် မျှော်မှန်းထားသကဲ့သို့တန်ဖိုးကွင်းဆက် အတွက်ဖွဲ့စည်းပုံဆိုင်ရာပြောင်းလဲတိုးတက်မှုများပါဝင်မည်ဖြစ်သည်။ကောက်နုတ်ပြရသော်ငင်းတို့သည်ကဏ္ဍအတွက်စရိတ်များလျှော့ချရန်၊ကျွမ်းကျင်မှုတည်ဆောက်ရန်၊ ပင်ဆင်သည့်အချိန်လျှော့ချရန်၊စွန့်စားမှုလျှော့ချရန်နှင့်ကမ္ဘာ့အဝတ်အထည်တန်ဖိုးကွင်းဆက်မြှင့်တင်ရန်စွမ်းဆောင်နိုင်ပါလိမ့်မည်။

---

**အလုပ်သမားထုနှင့်အထောက်အကူပြုဝန်ဆောင်မှုများအတွက် အဓိကအပြည့်အဝဆောင်ရွက်ပေးသည့် အဝတ်အထည်ပို့ကုန်လုပ်ငန်းဇုန်များတွင်ထွက်ကုန်ထိရောက်မှုနှင့်အမြတ်အစွန်းရရှိမှုတိုးတက်စေနိုင်ပါသည်**

---

အထည်ချုပ်စက်ရုံများသည် လောလောဆယ်ပြန့်ကြဲနေပြီး ကဏ္ဍအတွက်အခြေခံအဆောက်အအုံပိုင်းတွင် အထောက်အကူပြုပေးရန်မှာစရိတ်ကြေရန်လိုအပ်ပြီး အခက်အခဲရှိနေပါသည်။ ဧက ၄၀၀၀ခန့်စီရှိသည့် စက်မှုမြေ၏ သုံးပုံနှစ်ပုံကိုဖယ်ထား၍ ကဏ္ဍအတွက်နေရာတစ်ခုယူကာ စက်မှုလုပ်ငန်းများအစုလိုက်ဖြစ်စေပြီး အလုပ်သမားများနေထိုင်ရန်ထောက်ပံ့နိုင်ပါသည်။ ရှားပါးသည့် လျှပ်စစ်ကိုတိုက်ရိုက်ထုတ်လွှတ်ခြင်း(သို့မဟုတ်)ဇဟိုပြုထုတ်လွှတ်နိုင်ပါသည်။ထိုနည်းအတူသင်တန်းဌာနများ၊ရေ၊ ရေသန့်စင်သည့်အသုံးအဆောင်များနှင့် အဝင်အထွက်လမ်းများကိုထိရောက်စွာပံ့ပိုးဆောင်ရွက်ပေးနိုင်ပါသည်။

ရွေးချယ်သတ်မှတ်ထားသည့်ဧရိယာများကိုပို့ကုန်လုပ်ငန်းဇုန်များအဖြစ်သတ်မှတ်ခြင်း(FOBသွင်းအားစုများအတွက်အခွန်ကင်းလွတ်ခွင့်ပြုခြင်း)နှင့်ငင်းတို့ကိုအကောက်ခွန်ရုံးများသို့တာဝန်လွှဲအပ်ခြင်းသည်ကဏ္ဍအားCMP ထုတ်လုပ်မှုမှFOBသို့ အကျိုးရှိစွာကူးပြောင်းစေနိုင်ပါသည်။ဤနည်းဤပုံစက်မှုလုပ်ငန်းများစုစည်းခြင်းသည် ရှေ့လာမည့်(၃)နှစ်အတွင်းကဏ္ဍအတွက် လုပ်သားငါးသိန်းခန့်တိုးတက်စေရန်အဓိကကျပါသည်။တစ်ချိန်တည်းမှာပင်ငင်းတို့၏ သယ်ယူပို့ဆောင်စရိတ်များကိုလည်း(အလုပ်ရှင်ကပေးချေရသည်) ထိန်းသိမ်းရလွယ်ကူပြီး ကူးသန်းရောင်းဝယ်ရေးအရယာဉ်ကြောပိတ်ဆို့မှုကိုရှောင်လွှဲနိုင်ပါသည်။

---

**လုပ်ငန်းစတင်ရန်အတွက် ငွေကြေးရရှိနိုင်မှုနှင့် အစိုးရ လုပ်ထုံးလုပ်နည်းများ မြန်ဆန်တိုးတက်စေခြင်းဖြင့် ကာလတိုအတွင်း ကဏ္ဍအရွယ်အစားကို လျှင်မြန်စွာ သုံးဆ မြင့်တက်စေနိုင်ပါသည်။**

---

သုံးနှစ်မှလေးနှစ်အတွင်းကဏ္ဍအရယ်အစားသုံးဆဖြစ်စေရန် အလွန်ကြီးမားသောရင်းနှီးမြှုပ်နှံမှုဖြည့်သွင်းရန် လိုအပ်ပါသည်။ဤရင်းနှီးမြှုပ်နှံမှုအများစုမှာနိုင်ငံခြားလုပ်ငန်းများမှ ဝင်လာပြီးပြည်တွင်းစွန့်ဦးလုပ်ငန်းရှင်များ အနေဖြင့်ကဏ္ဍ၏တိုးတက်ကြီးထွားမှုမှအပြည့်အဝအကျိုးအမြတ်ရလိုလျှင်ဘဏ္ဍာငွေရရှိခြင်းကိုယှဉ်ပြိုင်နိုင်စွမ်းရှိရန်လိုအပ်ပါသည်။အစိုးရပိုင်ဘဏ်များ၏ ချေးငွေပေါ်လစီများနှင့်ဘဏ္ဍာရေးစည်းမျဉ်းများကိုညှိနှိုင်းပြုပြင်မှုများသည်ကဏ္ဍ၏ယှဉ်ပြိုင်နိုင်စွမ်းကိုကြီးမားစွာမြှင့်တင်ပေးနိုင်သည်။ယင်းတို့မှာ အပြန်အလှန်L/Cကျယ်ပြန့်စွာထုတ်ပေးခြင်းတို့အပါအဝင် ရွေ့ပြောင်းနိုင်သည့်ပစ္စည်းများကို အာမခံအပေါင်ပစ္စည်းအဖြစ်အသုံးပြုခွင့်ပေးခြင်းလက်ရှိအာမခံပစ္စည်း၏၃၀%ထက်ပိုမိုမြင့်မားသည့်ရာခိုင်နှုန်းဖြင့်ထုတ်ချေးခြင်း၊ငွေပြန်ပေးသွင်းရသည့် ကာလကိုလက်ရှိတစ်နှစ်ထက်ကျော်လွန်ခွင့်ပြုခြင်း၊ လက်ရှိ စံအတိုးနှုန်း၁၃%အားလျှော့ချခြင်းတို့ဖြစ်ပါသည်။

အမျိုးမျိုးသောလုပ်ထုံးလုပ်နည်းများချမှတ်ရန်အစိုးရကဝန်ကြီးဌာနများအတွင်းပူးပေါင်းလုပ်ကိုင်သည့်လုပ်ငန်းစုကို ဖွဲ့စည်းနိုင်ပြီးအထည်ချုပ်လုပ်ငန်းတစ်ခုစတင်တည်ထောင်ခြင်းတွင် ပါဝင်သည့်အချိန်နှင့်ကုန်ကျစရိတ်ကိုစုပေါင်းလျှော့ချ၍ အသုံးပြုနိုင်သည့်လုပ်ငန်းစဉ်များဖော်ဆောင်ရန် ဦးတည်ချက်ဖြင့်ဆောင်ရွက်နိုင်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းဆိုင်ရာအစီရင်ခံစာကမြန်မာနိုင်ငံသည်ကမ္ဘာပေါ်တွင်လုပ်ငန်း စတင်ရန်အခက်အခဲဆုံးနေရာအဖြစ်သတ်မှတ်ထားပြီး ၎င်းမှာ ၁၈၉ နိုင်ငံနှင့်နယ်ပယ်များကိုအကဲဖြတ်ထားခြင်းဖြစ်၍ မျှော်မှန်းထားသည့်ကြီးထွားမှုအဆင့်တွင်ကြီးမားသည့်အကန့်အသတ်နှင့်အခက်အခဲကိုညွှန်ပြနေပါသည်။

---

**အဝတ်အထည်ဝယ်ယူသူများကထောက်ပံ့ပေးခြင်းမဟုတ်ဘဲ အထည်ချုပ်လုပ်ငန်းစုများက သွင်းအားစုများ ကိုတိုက်ရိုက်စတင်ဝယ်ယူခြင်းဖြင့်ကဏ္ဍ၏အနုစိတ်ဆန်းပြားမှုနှင့်အမြတ်ရရှိမှုကိုတိုးတက်စေနိုင်ပါသည်။ (CMPမှFOB တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုနည်းလမ်းသို့ပြောင်းလဲခြင်း)**

---

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာနနှင့် MGMA တို့မှ အထည်ချုပ်ကဏ္ဍ ကျွမ်းကျင်သူများဦးဆောင်၍ ပိတ်စများ၊ဆက်စပ်ပစ္စည်းများနှင့် အခြားအထည်ချုပ်သွင်းအားစုများ၏နိုင်ငံခြားပေးသွင်းသူများကို သွင်းအားစုစရိုက်လက္ခဏာများနှင့်စျေးနှုန်းများအရအကြမ်းဖျင်းလမ်းညွှန်ချက်ဖြင့်ရှာဖွေစုရပါမည်။ ဤသို့လေ့လာမှတ်သားမှုအရ အပြန်အလှန်L/Cရရှိမှု၊FOB သွင်းအားစုများအပေါ်အခွန်ကင်းလွတ်မှု (ချုပ်လုပ်၍တင်ပို့ရန်အတွက်သတ်မှတ်ထားသည့်အထည်ချုပ်သွင်းအားစု)တို့သည်အထည်ချုပ်လုပ်ငန်းများကိုCMP ထုတ်လုပ်ခြင်းမှFOBသို့ကူးပြောင်းရန်ခွင့်ပြုပေးပါလိမ့်မည်။ ၎င်းသည် နိုင်ငံ၏အထည်ချုပ်ကဏ္ဍတရွေ့ရွေ့ဖြစ်ပေါ်ခြင်းတွင် စံသတ်မှတ်ချက်တစ်ခုဖြစ်၍၎င်းထိန်းချုပ်မှုသည် တန်ဖိုးကွင်းဆက်အပေါ် ထောက်ပံ့ပေးပြီး ပိုမိုအမြတ်အစွန်းရရှိစေရန်ဦးဆောင်သွားမည်ဟုမျှော်လင့်ပါသည်။

---

**ပြည်တွင်းလုပ်သားများအားပိုမိုကျယ်ပြန့်စွာထိန်းသိမ်းခြင်း၊ နိုင်ငံခြားသားနည်းပညာရှင်များလွတ်လပ်စွာအသုံးပြုခြင်း၊ အထည်ချုပ်လုပ်ငန်းအထူးစီးပွားရေးဇုန်များ(SEZs)အတွင်းကျွမ်းကျင်တတ်မြောက်သည့် သင်တန်းပေးခြင်းနှင့် ထောက်ခံချက်ပေးသည့်ဌာနများထားရှိပေးခြင်းတို့ဖြင့် အလုပ်သမားကျွမ်းကျင်မှုအရ အင်အားသစ်များတည်ဆောက်ခြင်းကိုဆောင်ရွက်နိုင်ပါသည်။**

---

အလုပ်အကိုင်ခန့်ထားမှုနှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဥပဒေတွင်ဖော်ပြအသက်ဝင်ထားသည့်သင်တန်းဆင်းလုပ်သားဆက်လက်ထိန်းသိမ်းထားရှိမှုဥပဒေအပိုဒ်ခွဲအတွက် အဝတ်အထည်ထုတ်လုပ်သူများသည်အလုပ်သမားသင်တန်းများတွင် ရင်းနှီးမြှုပ်နှံရန် မက်လုံးများကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲပါလိမ့်မည်။ရှေ့လာမည့်သုံးနှစ်မှလေးနှစ်ကျော်ကာလတွင်ကဏ္ဍကြီး ထွားလာစေရန်လိုအပ်သည့်အလုပ်သမားငါးသိန်းတိုးပွားလာရန်လက်တွေ့အခွင့်အလမ်းရရှိလာနိုင်ပြီးစက်ရုံပိုင်ရှင်များက နိုင်ငံခြားနည်းပညာရှင်များကို လိုလိုလားလားနှင့်တွက်ချေကိုက်သည်ဟုရှုမြင်ပြီးနိုင်ငံအတွင်းရှည်ကြာစွာအလုပ်လုပ်ခွင့်ပြု၍ မှန်ကန်ကျွမ်းကျင်မှုရှိသည့် ပြည်တွင်းလုပ်သားများ ထက်ပိုမိုစျေးကြီးကြောင်းသိမြင်ပါလိမ့်မည်။အဆိုပြုထားသည့်SEZsများတွင် အထောက်အကူပြုအခြေခံအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်နေသည့်အထည်ချုပ်လုပ်ငန်းသင်တန်းဌာနများသည် ကဏ္ဍ၏ကျွမ်းကျင်မှုမြှင့်တင်ရေးတွင်အခြားအရေးပါသည့်အင်အားတစ်ရပ်အဖြစ်ပါဝင်လာနိုင်ပါသည်။

---

**သတ်မှတ်ထားသည့်လျှပ်စစ်ဓါတ်အားခွဲဌာနများနှင့် စက်မှုလုပ်ငန်းဆိုင်ရာအခွန်နှုန်းများကို အထည်ချုပ် လုပ်ငန်းအစုအဖွဲ့များသို့ထောက်ပံ့ပေးခြင်းဖြင့် ကုန်ထုတ်လုပ်ချိန်တိုးမြှင့်ခြင်း၊ထုတ်လုပ်မှုစရိတ်လျော့ချခြင်းနှင့်စွန့်စားမှုများသည့်ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုလျော့နည်းစေခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။**

---

အဆိုပြုထားသည့် SEZsများသို့သတ်သတ်မှတ်မှတ်လျှပ်စစ်ဓါတ်အားပေးခြင်းနှင့် အထည်ချုပ်စက်ရုံများစွာ တည်ရှိသည့် စက်မှုဇုန်များတွင် လျှပ်စစ်ဓါတ်အားပေးသွင်းမှုရပ်ဆိုင်းရန် မကြာမီကပေါ်လစီကိုပြန်လည်ပြင်ဆင်ခြင်းနှင့် လျှပ်စစ်အတွက် နိုင်ငံတကာပြိုင်ဆိုင်နိုင်သည့်စက်မှုလုပ်ငန်းသုံးအခွန်များခွင့်ပြုခြင်းနှင့်အတူ အထည်ချုပ်လုပ်ငန်းများမှ ဒီဇယ်မီးစက်များအပေါ်အားကိုးမှုကိုရပ်တန့်စေပြီးပြိုင်ဆိုင်မှုတွင် အရေးပါသည့်သွင်းအားစုများကိုစရိတ်နည်းနည်းနှင့်ပေးသွင်းစေနိုင်ပါသည်။အခြားအရေးပါသည့်သက်ရောက်မှုမှာ ထုတ်လုပ်သည့်အချိန်ပိုမိုကြာစေပြီးထုတ်ကုန်လျော့ကျစေနိုင်သည့် အတားအဆီးများသည် ဝယ်ယူသူများ၏ယုံကြည်လက်ခံနိုင်စွမ်းကိုခြိမ်းခြောက်မှုဖြစ်စေပြီးယှဉ်ပြိုင်နိုင်မှုအားကိုနိမ့်ကျစေခြင်းကြောင့်ယင်းတို့ကိုလျော့ကျစေရန်ဆောင်ရွက်ခြင်းဖြစ်သည်။

---

**အဝတ်အထည်များအား သင်္ဘောလွှဲပြောင်းတင်ပို့မှုလျော့နည်းစေခြင်းဖြင့်ဝယ်ယူသူစိတ်ကျေနပ်မှုနှင့် ထုတ်လုပ်သူအမြတ်ရရှိမှုတိုးတက်စေခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။**

---

ရေနက်ဆိပ်ကမ်းအသစ်တစ်ခုနှင့် နိုင်ငံ၏ပို့ကုန်များတွင် အလျင်အမြန်တိုးပွားလာမှုသည် တိုက်ရိုက်သင်္ဘောလိုင်းများတိုးပွားလာစေနိုင်ပြီး အဝတ်အထည်ပို့ကုန်များသင်္ဘောလွှဲပြောင်းတင်ပို့ရခြင်းကြောင့်ထပ်ဆောင်း ကုန်ကျစရိတ်နှင့်အချိန်ကုန်ခြင်းတို့ကလျော့ကျစေပါသည်။အပြန်အလှန်အားဖြင့် ၎င်းသည်ဝယ်ယူသူစိတ်ကျေနပ်မှုနှင့် ထုတ်လုပ်သူအမြတ်ရရှိမှုဖြစ်စေနိုင်ပါသည်။

---

**မြန်မာ့အထည်ချုပ်ကဏ္ဍကို ဇာထိုးနှင့်ဒီဇိုင်းဆိုင်ရာစွမ်းဆောင်ရည်များဖြင့် တန်ဖိုးကွင်းဆက်မြှင့်တင်၍ အမယ်မျိုးစုံထုတ်လုပ်တိုးချဲ့နိုင်ပါသည်။**

---

ကဏ္ဍ၏သင်တန်းဌာနများသည်ပိုမိုတိုးတက်ဆန်းကြယ်လာပြီးထုတ်လုပ်သူများသည်ကျယ်ပြန့်များပြား သည့်ကုန်စည်အမျိုးပေါင်းများစွာနှင့်တွေ့ကြုံလာနိုင်၍အထည်ချုပ်စျေးကွက်များနှင့်သွင်းအားစုပေးသွင်းသူများနှင့် အချို့လုပ်ငန်းများသည်အထည်ချုပ်ဒီဇိုင်းနှင့်မူလပင်ကို အမှတ်တံဆိပ်ထုတ်လုပ်ခြင်းတို့နှင့်အတူတန်ဖိုးကွင်းဆက် မြှင့်တင်ရန်အခြေအနေကောင်းကိုရရှိနိုင်ပါသည်။ လက်ရှိမဟာဗျူဟာ၏(၅)နှစ်တာအချိန်ကာလအတွင်းဤမျှကြီးမားသည့်ပမာဏတစ်ခုဖြစ်လာနိုင်စရာမရှိပါ။သို့သော်ဤမဟာဗျူဟာကို လျင်မြန်ပြည့်ဝစွာအကောင်အထည်ဖော်နိုင်ခဲ့လျှင်အချို့လုပ်ငန်းများက ဤအချိန်ကာလအတွင်းအသင့်ဖြစ်လာနိုင်ပါသည်။ ပိုမို၍နည်းကပ်စွာပြရသော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအသစ်များသည် ယနေ့မျက်မှောက်အချိန်တွင်မရှိသေးသည့်ဇာထိုး ထုတ်လုပ်မှုအတွက်(HS61) စွမ်းဆောင်ရည်ကိုရရှိလာနိုင်မည်ဟုမျှော်မှန်းပါသည်။

---

**ကဏ္ဍ၏သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာသက်ရောက်မှုများတိုးတက်စေခြင်းနှင့်တန်ဖိုးမြှင့် စျေးကွက်များ ထပ်မံရရှိချိတ်ဆက်ရန် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် BSCI, WRAP လုပ်ငန်းခွင် ကျန်းမာရေးနှင့်အကြံ ပေးဝန်ဆောင်မှု (OHSAS) 18001, စံချိန်စံနှုန်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း(ISO)1400နှင့် အလားတူတို့ တွင်ပါဝင်သည့် စံချိန်စံနှုန်းများကိုလိုက်နာခြင်းဖြင့် ကဏ္ဍကြီးထွားတိုးတက်လာစေနိုင်ပါသည်။**

---

စက်ရုံအသစ်များတည်ထောင်သကဲ့သို့လက်ရှိစက်ရုံများအဆင့်မြှင့်တင်ခြင်း၊တိုးချဲ့ခြင်း၊စက်ပစ္စည်းများ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်စီမံခန့်ခွဲရေးအလေ့အကျင့်များဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုမြင့်မားသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများနှင့် လူမှုရေးဆိုင်ရာစံနှုန်းများကိုဆုပ်ကိုင်နိုင်ပါလိမ့်မည်။ဤသို့ဖြင့်စက်ရုံအများအပြားသည်BSCIနှင့်WRAPကဲ့သို့နိုင်ငံတကာအသိအမှတ်ပြုထောက်ခံချက်များရရှိလာနိုင်ပြီးၾင်းတို့ကတာဝန်ယူနိုင်သည့်စီးပွားရေးကြီးထွားမှုကိုမြှင့်တင်ပေးခြင်းနှင့်တာဝန်ရှိစွာထုတ်လုပ်ထားသည့် အဝတ်အထည်များအတွက်သုံးစွဲသူများက အဆင့်မြင့်စျေးနှုန်းပေးရန် ဆန္ဒရှိလာကြပါမည်။

## တန်ဖိုးကွင်းဆက်သစ်များရရှိလာရန်ရင်းနှီးမြှုပ်နှံမှု၏အခန်းကဏ္ဍ

ကဏ္ဍမဟာဗျူဟာနှင့်POAတို့ကမျှော်မှန်းထားသည့်အတိုင်း အဝတ်အထည်တန်ဖိုးကွင်းဆက်တိုးတက် စေရန်များပြားသည့်ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါလိမ့်မည်။အများပြည်သူရန်ပုံငွေနှင့်အလှူရှင်များ၏အကူအညီသည်ဤ ရင်းနှီးမြှုပ်နှံမှု၏အရေးပါသည့်ရင်းမြစ်ဖြစ်ပါလိမ့်မည်။အထူးသဖြင့်အခြေခံအဆောက်အအုံပိုင်းအတွက်စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင်၊အစိုးရစွမ်းဆောင်ရည်နှင့် ပုဂ္ဂလိကကဏ္ဍအား လမ်းညွှန်ခြင်းတို့တွင်ဖြစ်သည်။ သို့ရာတွင်ကဏ္ဍအောင်မြင်ရန်အခြေခံအချက်အချို့မှာ ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းဖြစ်ပြီးၾင်းကိုရေရှည်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အမြတ်ရရှိရေးမောင်းနှင်ရမည်ဖြစ်သည်။ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍကိုယ်တိုင်သည်ရင်းနှီးမြှုပ်နှံမှု၏အခြေခံအရင်းအမြစ်ဖြစ်ပြီးၾင်းသည်အဓိကအစိတ်အပိုင်းအဖြစ် တန်ဖိုးကွင်းဆက် တိုးတက်မှုကိုစောစီးစွာမောင်းနှင်သူဖြစ်ခြင်းကြောင့်အောင်မြင်သည့် ကဏ္ဍမဟာဗျူဟာသည် ပို့ကုန်ဦးတည်သည့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကိုလုပ်ဆောင်သင့်ပါသည်။ကာလလတ်နှင့်ကာလရှည်အတွင်းအစိုးရ၏အားစိုက်အကူအညီပေးမှုစိတ်အား ထက်သန်သည့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့်မြန်မာ၏အနာဂတ်အတွက်မျှော်လင့်ချက်အရိပ်အယောင်တို့ပေါင်းစပ်၍ကိုယ်တိုင်ရေရှည်စဉ်ဆက်မပြတ်ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှု၏ကောင်းမွန်သော စက်ဝန်းတစ်ခုနိုးကြားလာမှုနှင့် ယုံကြည်မှုကိုလုံလောက်စွာဖန်တီးသင့်ပါသည်။

မြန်မာနိုင်ငံသည်LDCနိုင်ငံတစ်ခုဖြစ်ပြီးထိလွယ်ရှလွယ်ရှိခြင်း(သို့မဟုတ်)ပဋိပက္ခရောပြွန်းသည့်အခြေအနေ ရှိနေသည်ဟုသတ်မှတ်ခံထားပါသည်။ၾင်းတွင်ကူးပြောင်းဆဲစီးပွားရေးနှင့်အလွန်အားနည်းသည့်ဘဏ္ဍာရေးကဏ္ဍတို့ရှိပါသည်။ ထို့ကြောင့်မျှော်မှန်းကြည့်ရှုနိုင်သည့်အနာဂတ်တွင်အထည်ချုပ်ကဏ္ဍအတွက်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကအသွင်ကူးပြောင်းနိုင်သည့်အဆင့်သို့ရောက်နိုင်ဖွယ်မရှိသကဲ့သို့ဖြစ်နေပါသည်။ပြည်တွင်းလုပ်ငန်းများအတွက်ပြီးပြည့်စုံသောပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းလိုအပ်နေပါသည်။ သို့ရာတွင် ကာလတိုမှကာလလတ် အတွင်းFDI၏အခန်းကဏ္ဍသည်အထူးအရေးကြီးပါလိမ့်မည်။

အရေးပါသည့်ပို့ကုန်ကြီးထွားရေးအကောင်အထည်ဖော်ရန် FDIသည်ဖွံ့ဖြိုးဆဲနိုင်ငံ၏ ပြည်တွင်းဦးတည်သည့် စက်မှုလုပ်ငန်းအပေါ် ပြောင်းလဲသည့်စွမ်းအားရှိနိုင်ပါသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများသည်ပြည်တွင်း လုပ်ငန်းများအတွက်အခြားနည်းဖြင့်မရနိုင်သည့်ရပိုင်ခွင့်များကိုဖော်ဆောင်လာနိုင်ပါသည်။ ၾင်းတို့မှာများပြားသည့်အရင်းအနှီးပိုမိုကောင်းမွန်သည့်သွင်းအားစုများ၊နည်းပညာများ၊ ကျွမ်းကျင်မှုများ၊ စီမံခန့်ခွဲမှုအလေ့အကျင့် များ၊လုပ်ငန်းအတွေ့အကြုံ၊ ကြီးမားသည့်စီးပွားရေးလုပ်ငန်းများနှင့်

နိုင်ငံတကာဖြန့်ဖြူးရေးလမ်းကြောင်းများစသည်တို့ဖြစ်ပါသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်သုံးခုတွင် အာရှတလွှားအထည်ချုပ်ကဏ္ဍ တရွေ့ရွေ့တိုးတက်လာရာတွင် FDI၏အခန်းကဏ္ဍသည် သိသာထင်ရှားစွာဆက်လက်တည်ရှိနေပါသည်။

## လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများနှင့်၎င်းတို့၏ဖြစ်နိုင်ဖွယ်ရာအရင်းအမြစ်များ

ကဏ္ဍအရွယ်အစားသုံးဆတိုးစေခြင်း (စက်ရုံအရေအတွက်နှင့်ဝန်ထမ်းဦးရေဖြင့်တိုင်းတာခြင်း)၊ ၎င်း၏ အရည်အသွေး၊ ထိရောက်မှု၊တန်ဖိုးကွင်းဆက်လုပ်ငန်းများနှင့်ပို့ကုန်များအတွက်သစ်လွင်ကောင်းမွန်သည့်အထည်ချုပ်စက်ရုံများတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအများအပြားလိုအပ်ပါသည်။လုပ်သားခစျေးနှုန်းသက်သာမှု၊လျှပ်စစ်စရိတ်နှင့်ဦးစားပေးအခွန်နှုန်းစနစ်တို့သည် အထည်ချုပ် ကဏ္ဍတွင် သယ်ယူပို့ဆောင်ရေးစရိတ်ထက်ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များပိုမိုဖြစ်လာစေသည့် မောင်းနှင်အားများဖြစ်ပါသည်။ ထို့ကြောင့်ဖြစ်နိုင်ဖွယ်ရာအများဆုံးရင်းနှီးမြှုပ်နှံသူများသည်အဝတ်အထည်များရောင်းချသည့် နိုင်ငံများမှဖြစ်ပါသည်။ လောလော ဆယ်၎င်းတို့မှာဂျပန်၊ကိုရီးယားသမ္မတနိုင်ငံ၊ဥရောပနိုင်ငံများစွာအထူးသဖြင့် စပိန်နှင့်UKနိုင်ငံတို့ဖြစ်သည်။ နောက်ဆုံးတွင်အခြား နိုင်ငံများအနေနှင့် အမေရိကန်၊ ဂျာမနီနှင့် ပြင်သစ်တို့ပါဝင်လာသင့်ပါသည်။

ဒုတိယဖြစ်နိုင်ဖွယ်ရာရင်းနှီးမြှုပ်နှံသူအုပ်စုမှာကြီးမားသည့် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်သည့်နိုင်ငံများဖြစ်၍၎င်းတို့သည် ပြိုင်ဆိုင်မှုစရိတ်ဆုံးရှုံးမှုရှိခြင်း သို့မဟုတ်မူလပင်ကိုဒီဇိုင်းနှင့်Brandအမှတ်တံဆိပ်ထုတ်လုပ်သည့်တန်ဖိုးကွင်းဆက်သို့ပြောင်းလဲခြင်း တို့ရှိပါသည်။ ၎င်းတို့မှအများစုမှာအာရှတိုက်တွင်ရှိ၍ တရုတ်၊ဘင်္ဂလားဒေ့ရှ်၊ဗီယက်နမ်၊အိန္ဒိယ၊အင်ဒိုနီးရှား၊သီရိလင်္ကာ၊ပါကစ္စတန် နှင့် ထိုင်းနိုင်ငံတို့ဖြစ်၍၎င်းတို့တစ်နိုင်ငံစီက ၂၀၁၂ခုနှစ်တွင် ချည်ထိုး မဟုတ်သည့်အဝတ်အထည်များ(HS-62)ကိုအမေရိကန် ဒေါ်လာတစ်ဘီလီယံကျော်တင်ပို့နိုင်ခဲ့ပြီးအလားတူစရိတ်နှင့်စွမ်းဆောင်ရည်ရှိသည့်အာရှမှမဟုတ်သည့်Haiti နိုင်ငံကဲ့သို ထုတ်လုပ် သူများထက်မြန်မာနိုင်ငံသို့ရောက်ရှိလာဖွယ်ရာရှိပါသည်။ Haitiသည်အမေရိကန်စျေးကွက်နှင့် ပိုမိုနီးစပ်သော်လည်းတရုတ် အထည်ချုပ်စက်ရုံများမှပြင်ပရင်းမြစ်များသို့ ကုန်အမှာများလှမ်းမှာနေခြင်းသည် ပထဝီဝင်တည်ရှိနေမှုနှင့်ယဉ်ကျေးမှုအားဖြင့် ပိုမိုနီးစပ်သည့် နိုင်ငံတွင်စီးပွားရေးလုပ်ခြင်းသည်အချိန်အားဖြင့်ပိုမိုလွယ်ကူစေသည့်သဘောရှိပါသည်။

အမှန်အားဖြင့်မြန်မာနှင့်နယ်ခြားထိစပ်နေသည့်ကမ္ဘာ့အကြီးမားဆုံးအဝတ်အထည်ထုတ်လုပ်တင်ပို့သည့်နှစ်နိုင်ငံဖြစ်သော တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်တွင် အထည်ချုပ်ကဏ္ဍအတွက် FDI စတင်ပေါ်ပေါက်ရာတွင်အခြေခံကြီးထွားမှုအတွက်ဖြစ်ရပ်သာဓက ရှိပြီးဖြစ်ပါသည်။မြန်မာနိုင်ငံမှတူရကီကဲ့သို့ကမ္ဘာ့အကြီးဆုံးအာရှတိုက်မဟုတ်သည့်အဝတ်အထည်ထုတ်လုပ်တင်ပို့သူသို့ကြီးမားသည့် တင်ပို့မှုများသည်၎င်းက အရေးပါသည့်ပမာဏအထိပြင်ပရင်းမြစ် မှရှာဖွေလာနိုင်ပြီးFDIအတွက်ရင်းမြစ်တစ်ခုဖြစ်လာနိုင်ပါသည်။ ဇယား-၁၄က FDI အကောင်းဆုံးဖြစ်ပေါ်လာနိုင်သည့်ပို့ကုန်စျေးကွက်များနှင့်ယှင်းနိုင်ငံများ၏ ဦးဆောင်စျေးကွက်များကိုဖော်ပြ ထားပါသည်။

### ဇယား-၁၄ FDI နှင့်ဖြစ်နိုင်ချေအရင်းအမြစ်များကလိုအပ်သည့်တန်ဖိုးကွင်းဆက်အစိတ်အပိုင်းများ

| ဖြစ်နိုင်ဖွယ်ရာFDIရင်းမြစ်နိုင်ငံများ | ဝင်ငွေအားဖြင့်အဓိကချုပ်ထည်ကုမ္ပဏီများ | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|---|
| ဂျပန် | Fast Retailing (Uniqlo)<br>Shimamura<br>Sogo and Seibu | အထူးပြုစတိုးဆိုင်<br>အထူးပြုစတိုးဆိုင်<br>ကုန်ပဒေသာစတိုး |
| ကိုရီးယားသမ္မတနိုင်ငံ | Lotte<br>Shinsegae<br>Hyundai | ကုန်ပဒေသာစတိုး<br>ကုန်ပဒေသာစတိုး<br>ကုန်ပဒေသာစတိုး |
| စပိန် | Inditex (Zara)<br>Mango<br>El Corte Ingles | အထူးပြုစတိုးဆိုင်<br>အထူးပြုစတိုးဆိုင်<br>ကုန်ပဒေသာစတိုး |

| | | |
|---|---|---|
| UK<br>နိုင်ငံ | Next<br>Marks and Spencer<br>Trent | အထူးပြုစတိုးဆိုင်<br>ကုန်ပဒေသာစတိုး<br>ကုန်ပဒေသာစတိုး |
| တရုတ် | Youngour Group<br>Hongdou Group<br>Heilan Group | အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ<br>အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ<br>အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ |
| အမေရိကန် | GAP<br>Limited Brands<br>Polo Ralph Lauren | အထူးပြုစတိုးဆိုင်<br>အထူးပြုစတိုးဆိုင်<br>အထူးပြုစတိုးဆိုင် |
| တူရကီ | Aksa Akrilik Kimya<br>Korteks Mensucat<br>Advansa Sasa Polyester | အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ<br>အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ<br>အသင့်ချုပ်အဝတ်အထည်ထုတ်လုပ်သူ |
| ဂျာမဏီ | C&A<br>H&M (ဆွီဒင်)<br>KIK | အထူးပြုစတိုး<br>အထူးပြုစတိုး<br>အထူးပြုစတိုး |

ရင်းမြစ်- Fast Retailingဝက်ဘ်ဆိုဒ်၊ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာန၊ဖက်ရှင်လုပ်ငန်း၊ Fungသုတေသနဌာန နှင့် တရုတ်အမျိုးသားအထည်ချုပ်အသင်း၊တူရကီနိုင်ငံပို့ကုန်မြှင့်တင်ရေးဌာန၊ရက်ဂျီယိုအချက်အလက်သုတေသန

မြန်မာနိုင်ငံ၏အထည်ချုပ်ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများအထူးသဖြင့် DICA,MGMA,MOI,MOC နှင့်UMFCCI တို့သည်မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုသေချာပေါက်ရင်းနှီးမြှုပ်နှံလိုသူများအားတင်ပြပေးရန်နှင့်တစ်ချိန်တည်းမှာပင်မြန်မာနိုင်ငံ၏ဆွဲဆောင်မှုကိုမြှင့်တင်**ပေးမည့်** ရင်းနှီးမြှုပ်နှံမှုအခြေအနေပြုပြင် ပြောင်းလဲရေးများကိုအကြံပြုထောက်ခံဆွေးနွေးရန်အားထုတ်သင့်သည်။ ဇယား-၁၄တွင်ပါဝင်သည့်ကုမ္ပဏီ အများစုသည်ဒေသတွင်းကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနေကြပြီးဖြစ်ပါသည်။မြန်မာနိုင်ငံတွင်အနာဂတ်ရင်းနှီးမြှုပ်နှံမှုစီမံချက်များသည်၎င်းတို့၏ဒေသဆိုင်ရာအဖွဲ့အစည်းများ(သို့မဟုတ်) ဌာနချုပ်များအဖြစ်စတင်နိုင်ပါသည်။

## FDIအတွက်ကဏ္ဍတွင်ဦးဆောင်ယှဉ်ပြိုင်နေသူများ

ကဏ္ဍအတွင်းFDIအတွက်မြန်မာနိုင်ငံ၏ထိပ်တန်းယှဉ်ပြိုင်သူများကို ဇယား-၁၅တွင်ဖော်ပြထားပါသည်။ ဤယှဉ်ပြိုင်သူများထဲမှနှစ်ဦးမှာ FDI၏အရေးပါသည့်ရင်းမြစ်များဖြစ်ပြီး တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် လျင်မြန်စွာကြီးထွားလာသည့်လူလတ်တန်းစားနှင့်အဓိကဈေးကွက်ဖြစ်၍မြန်မာနိုင်ငံ၌ရင်းနှီး မြှုပ်နှံရာတွင်စိတ်ဝင်စားသည့်ပြည်တွင်း အထည်ချုပ်လုပ်ငန်းများကအများအပြားဝန်ဆောင်မှုပေးပါသည်။ အခြား တစ်ဖက်တွင်ဘင်္ဂလားဒေ့ရှ်မှ FDIသည်အမေရိကန်၊ဥရောပနှင့်အရှေ့အာရှနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုတို့ရွှေ့ပြောင်းခြင်းဖြစ်လာနိုင်ပါသည်။ နှစ်နိုင်ငံစလုံးနှင့်နယ်နိမိတ်ခြင်းထိစပ်နေသည့် မြန်မာနိုင်ငံသည်အားသာချက်ဖြစ်ပါသည်။ ယင်းအခြေအနေများကမြန်မာနိုင်ငံအနေဖြင့် ယင်းနိုင်ငံများရှိလက်ရှိရင်းနှီးမြှုပ်နှံသူများသို့၎င်းတို့၏လက်ရှိလုပ်ငန်းများအားပိုမိုတိုးချဲ့ဆောင်ရွက်ရန်အလားအလာရှိသည့်ရင်းနှီးမြှုပ်နှံမှုစီမံချက်များကိုတင်ပြခွင့်ရစေပါသည်။

**ဇယား-၁၅မြန်မာနိုင်ငံ၏ရှိပြီးနှင့်အလားအလာရှိသည့်ဈေးကွက်များရှိထိပ်တန်းပြိုင်ဆိုင်သူများ၏ဆောင်ရွက်ချက်၊**
(HS-62)ဇာထိုးပန်းထိုးပြုလုပ်မထားသည့်အဝတ်အထည်များနှင့်ဆက်စပ်ပစ္စည်းများ)

| နိုင်ငံ | ပို့ကုန်တန်ဖိုး<br>ဒေါ်လာ(သန်း) | ၂၀၀၈-<br>၂၀၁၂တန်ဖိုးအားဖြင့်ကြီးထွားမှု(နှစ်အလိုက်%) | ကမ္ဘာ့ပို့ကုန်များတွင်အဆင့်<br>သတ်မှတ်ချက် |
|---|---|---|---|
| မြန်မာ | ၈၄၃ | ၂၃ | ၂၉ |
| တရုတ် | ၆၀၂၂၄ | ၆ | ၁ |
| ဘင်္ဂလားဒေ့ရှ် | ၁၁၀၇၅ | ၁၈ | ၃ |
| ဗီယက်နမ် | ၈၄၁၉ | ၁၄ | ၆ |

| | | | |
|---|---|---|---|
| အိန္ဒိယ | ၇၄၃၀ | ၈ | ၇ |
| တူရကီ | ၅၄၃၆ | ၂ | ၉ |
| အင်ဒိုနီးရှား | ၃၇၄၅ | ၅ | ၁၁ |
| သီရိလင်္ကာ | ၁၈၁၂ | ၄ | ၂၂ |
| ပါကစ္စတန် | ၁၆၉၄ | ၉ | ၂၃ |
| ထိုင်း | ၁၁၃၈ | -၃ | ၂၄ |
| ကမ္ဘောဒီးယား | ၂၁၉ | ၁၆ | ၅၇ |

ရင်းမြစ်UNကွန်းထရိတ်စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်ခြင်း

## မြန်မာနိုင်ငံ၏ယှဉ်ပြိုင်ဖက်နိုင်ငံများတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်အရေးပါသည့်အကြောင်းအချက်များ

အထည်ချုပ်ကဏ္ဍတွင် FDI ရင်းနှီးဆောင်ရွက်မှုဆိုင်ရာဆုံးဖြတ်ချက်များ၏ အဓိကမောင်းနှင်အားများမှာ ဈေးကွက်ဝင်ရောက်ခြင်း၊လုပ်သားစရိတ်နှင့်ရရှိနိုင်မှု၊ လျှပ်စစ်ဓာတ်အားကုန်ကျစရိတ်များပါဝင်ပါသည်။ ဇယား-၁၆တွင် မြန်မာနိုင်ငံနှင့်အဓိကပြိုင်ဆိုင်သူများကို ဈေးကွက်ဝင်ရောက်ရာတွင်FDI ဆွဲဆောင်နိုင်မှုများအတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

MTDC နှင့်၎င်း၏ပါဝင်ပတ်သက်လုပ်ကိုင်သူများသည် လုပ်သားစရိတ်၊လုပ်သားရနိုင်မှု၊ လျှပ်စစ်ဓာတ်အားကုန်ကျစရိတ်နှင့်အခြားအဓိကအကြောင်းတရားများကို စံနှုန်းသတ်မှတ်ရန်လေ့လာမှု တစ်ခုပြုလုပ်သင့်ပါသည်။ ဤသတင်းအချက်အလက်ကိုကိုင်ဆွဲ၍ DICA သည်အမျိုးသားပို့ကုန်မဟာဗျူဟာထောက်ခံချက်များနှင့်အတူ မိတ်ဖက်ပြုထားသည့် MGMA,MOI,MOC, UMFCCI နှင့်အခြားကဏ္ဍတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများနှင့်ပူးပေါင်း၍ ပြိုင်ဆိုင်မှုအထိရောက်ဆုံးလုပ်ငန်းများအတွက်ရည်မှန်းထားသည့် ရင်းနှီးမြှုပ်နှံသူများကိုထိရောက်စွာပံ့ပိုးပေးနိုင်ရန်နှင့် အခြားသူများအားပိုမိုပြိုင်ဆိုင်အားဖြစ်စေရန်ရင်းနှီးမြှုပ်နှံမှုပံ့စံပြုပြင်ပြောင်းလဲမှုများကိုထောက်ခံအကြံပြုရပါမည်။

**ဇယား-၁၆**

## မြန်မာနိုင်ငံ၏လက်ရှိနှင့်အလားအလာရှိသည့်အဓိကဈေးကွက်များတွင်မြန်မာနိုင်ငံနှင့်၎င်း၏ပြိုင်ဖက်များအနေဖြင့်တွေ့ကြုံရသည့်စုစုပေါင်းတန်ဖိုးအလိုက်နှင့်ညီမျှသည့်အကောက်အခွန်နှုန်း

| မြန်မာနှင့်၎င်း၏ထိပ်တန်း ပြိုင်ဖက်များ(အားအကောင်းဆုံးမှအားအနည်းဆုံးအဆင့်သတ်မှတ်ထားသည်) | တင်သွင်းသည့်ဈေးကွက် | | | |
|---|---|---|---|---|
| | အမေရိကန် | ဂျပန် | EU | ကိုရီးယားသမ္မတနိုင်ငံ |
| မြန်မာ | ၁၀. ၈၀ | ၀. ၀၀ | ၁၁. ၅၂ | ၈. ၆၀ |
| တရုတ် | ၁၀. ၈၀ | ၈. ၈၉ | ၁၁. ၅၂ | ၁၀. ၁၀ |
| ဘင်္ဂလားဒေ့ရှ် | ၁၀. ၇၂ | ၀. ၁၄ | ၀. ၀၀ | ၉. ၉၁ |
| ဗီယက်နမ် | ၁၀. ၈၀ | ၀. ၀၀ | ၉. ၂၂ | ၉. ၀၂ |
| အိန္ဒိယ | ၁၀. ၇၂ | ၈. ၈၉ | ၉. ၂၂ | ၁၀. ၁၀ |
| တူရကီ | ၁၀. ၇၂ | ၈. ၈၉ | ၀. ၀၀ | ၁၂. ၈၃ |
| အင်ဒိုနီးရှား | ၁၀. ၇၂ | ၀. ၀၀ | ၉. ၂၂ | ၁၀. ၁၀ |
| သီရိလင်္ကာ | ၁၀. ၇၂ | ၈. ၈၉ | ၉. ၂၂ | ၁၀. ၁၀ |
| ပါကစ္စတန် | ၁၀. ၇၂ | ၈. ၈၉ | ၉. ၂၂ | ၁၂. ၈၃ |
| ထိုင်း | ၁၀. ၇၂ | ၀. ၀၀ | ၉. ၂၂ | ၉. ၀၂ |
| ကမ္ဘောဒီးယား | ၁၀. ၇၂ | ၀. ၀၀ | ၀. ၀၀ | ၈. ၆၀ |

အရောင်ဖော်ပြချက်-အုပ်စုအတွင်းအကောင်းဆုံးနှုန်း /အုပ်စုအတွင်းအဆိုးဆုံးနှုန်း /ကြားအခြေအနေ

ရင်းမြစ်UNကွန်းထရိတ်စာရင်းအင်းကိုအခြေခံ၍ITCတွက်ချက်ခြင်း

**ပန်းတိုင်သို့မည်သို့ရောက်အောင်သွားမည်နည်း**

မဟာဗျူဟာ၏မျှော်မှန်းချက်ဖြစ်သည့်" **အထည်အလိပ်နှင့်အဝတ်အထည်အခန်းကဏ္ဍတွင်သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျော ညီထွေစွာစဉ်ဆက်မပြတ် ပို့ကုန်စနစ်ဖြစ်ထွန်းမှုမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး"** သည် အတားအဆီးများကိုတုံ့ပြန်ခြင်းပြုပါသည်။သို့ရာတွင်ကဏ္ဍမဟာဗျူဟာအတွင်းခွဲခြားဖော်ထုတ် ထားသည့်ရည်မှန်းချက်များမှာ တူညီကြပါသည်။မဟာဗျူဟာအကောင်အထည်ဖော်ရေးကို လမ်းညွှန်သည့်မူဘောင် ကိုအောက်ပါအပိုင်းကရှင်းလင်းဖော်ပြထားပါသည်။ ဤအပိုင်း၏အဆုံးတွင် မည်သူကမည်သည့်အရာကိုလုပ်ရန် လိုအပ်သည်ဟူသောချမှတ်ရေးဆွဲထားသည့် အသေးစိတ်လုပ်ငန်း စီမံချက်ကိုဖော်ပြထားပါသည်။

**မဟာဗျူဟာဆိုင်ရာဦးတည်ချက်များ**

အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍရှိ အဓိကပါဝင်ပတ်သက်လုပ်ကိုင်သူများအားလုံးစုံညီစွာပါဝင်ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာဒီဇိုင်းရေးဆွဲရေးလုပ်ငန်းစဉ်ကိုရေးဆွဲထားပါသည်။ဤသို့ရေးဆွဲရာတွင်မြေပြင်တွင်ဘက်ပေါင်းစုံမှလက်တွေ့အခြေအနေ အပေါ် နားလည်ရန် အရေးကြီးပြီးဆောင်ရွက်ရမည့်မဟာဗျူဟာခြေလှမ်းများအပေါ် အများသဘောတူညီချက်ရယူ တည်ဆောက် ခြင်းနှင့်ထိရောက်သည့်ဆုံးဖြတ်ချက် နည်းလမ်းဖြင့်မဟာဗျူဟာ အကောင်အထည်ဖော်ရန်အတွက် အကျိုးစီးပွားနှင့်စွမ်းရည်များကို ပေါင်းစပ်လုပ်ကိုင်သူများဖြင့်ဖွဲ့စည်းထားသည့် ယာယီအဖွဲ့ကလုပ်ငန်းစတင်ရန်ဖြစ်ပါသည်။ ဤအပိုင်း၏ အသေးစိတ်လုပ်ငန်း စီမံချက်တွင် မဟာဗျူဟာအကောင် အထည်ဖော်မှုကိုလမ်းညွှန်ထားပါသည်။ ၎င်းကို ရည်မှန်းထားသည့်လုပ်ငန်းစဉ်များ(သို့မဟုတ်) စီမံချက်များဖြင့်ခွဲခြမ်းစိတ်ဖြာထားပြီး၎င်းတို့ အသီးသီးတွင်ကိုယ်ပိုင်ခိုင်မာသည့်ပန်းတိုင်များ၊ အကျိုးခံစားခွင့်ရှိသူများ၊ တာဝန်ရှိ သောအဖွဲ့အစည်းများပါဝင်ပါသည်။ လုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုချင်းစီကအောက်ဖော်ပြပါ မဟာဗျူဟာဦးတည်ချက်များ အကောင်အထည်ရန်အတွက်နည်းလမ်းတစ်ခု(သို့မဟုတ်)တစ်ခုထက်ပို၍ ဖော်ပြထားပါသည်-

၁။ **မြန်မာအထည်အလိပ်ထုတ်လုပ်မှုတွင် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှုပုံစံ (cut-make-pack-CMP)မှ တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှုပုံစံ(Free On Board-FOB)သို့ပြောင်းလဲနိုင်သည့် မူဝါဒများပေါ် ပေါက်စေရန်။**

ဤဦးတည်ချက်ကိုအောက်ပါလုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက်များဖြင့် ကနဦးအကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါသည်-

-အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတွင်CMPမှFOBသို့တဖြည်းဖြည်းပြောင်းလဲလာစေရေး အထောက်အကူပြု သည့်မူဝါဒရေးရာအစီအမံများချမှတ်ကျင့်သုံးရန်

-ကဏ္ဍလုပ်သားထု၏ကျွမ်းကျင်မှုများနှင့် ပြိုင်ဆိုင်နိုင်မှုများကိုတိုးတက်စေမည့် အလုပ်သမားစည်းမျဉ်းများချမှတ် ပြဋ္ဌာန်းပေးရန်။

-လုပ်ငန်းများစတင်တည်ထောင်လည်ပတ်လုပ်ကိုင်ခြင်းနှင့် ကုန်သွယ်ခြင်းတို့အတွက်ငွေကြေး ထောက်ပံ့နိုင်သည့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများနှင့်စည်းမျဉ်းမူဘောင်များကိုချမှတ်တည်ဆောက်ပေးရန်

၂။ နိုင်ငံတကာအရည်အသွေးမီအဝတ်အထည်နှင့် အထည်အလိပ်များကို စဉ်ဆက်မပြတ်တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင် စေရန်။

ဤဦးတည်ချက်ကိုအောက်ပါရှုထောင့်များ (သို့မဟုတ်လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက်များ)ဖြင့် ကနဦးအကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

-၂၀၁၅ ခုနှစ်တွင်မြန်မာ့အထည်ချုပ်စက်ရုံအရေအတွက်ကိုလက်ရှိ ၃၀၀မှ၈၀၀ထိတိုးပွားလာစေရန်။

-ပြည်တွင်း၌မရနိုင်သည့်ကြီးမားသည့်အရင်းအနှီးပမာဏ၊နည်းပညာ၊ကျွမ်းကျင်မှုနှင့် နိုင်ငံတကာစီးပွားရေးကွန်ရက် များဖြင့်ကဏ္ဍတွင်း စီးဝင်ပေါင်းစပ်လာစေရန်။

-ကဏ္ဍအတွက်တိကျ၍ အရည်အသွေးရှိသောစံနှုန်းများ ချမှတ်ပေးခြင်းဖြင့်လုပ်ငန်းများသို့အားကိုး ယုံကြည်မှု ရှိစေရေးကူညီဆောင်ရွက်ရန်။

-ပို့ကုန်လုပ်ငန်းရှင်များအနေနှင့်နိုင်ငံခြားဈေးကွက်များတွင် အရည်အသွေးရှိသည့်သတင်းအချက် အလက်များဖြင့် ခိုင်မာစွာ လုပ်ကိုင်ခွင့်ရှိစေရန်။

-ကျွမ်းကျင်ခိုင်မာသည့်လုပ်ငန်းခွင်ပုံစံတည်ဆောက်ခြင်းမှ တဆင့်စဉ်ဆက်မပြတ်လုပ်သားထုဖြစ်ပေါ်တိုးတက်ခြင်းနှင့် နိုင်ငံတကာပြိုင်ဆိုင်နိုင်မှုကိုမြှင့်တင်ပေးရန်။

-အထည်ချုပ်ကဏ္ဍကြီးထွားမှုမှအမြတ်အစွန်းရရှိမှုတွင်ဝါဂွမ်းစိုက်ပျိုးသူများနှင့်အထည်အလိပ်ထုတ်လုပ်သူများပါဝင်ခံစားနိုင်စေရန်။

၃။ သတ်မှတ်ဇုန်များနှင့်ဆိပ်ကမ်းလုပ်ငန်းများတွင်အရေးပါသောအခြေခံအဆောက်အအုံများကို အများပိုင်သတ်မှတ်တည်ဆောက်ခြင်းဖြင့် ကဏ္ဍအတွက်အကျိုးရှိထိရောက်စေပြီး ကုန်ကျစရိတ် များ လျှော့ချရန်။

ဤဦးတည်ချက်ကို အောက်ပါရှုထောင့်များ (သို့မဟုတ်လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက်များ) ဖြင့်ကနဦး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

-အထည်ချုပ်စက်ရုံများနှင့် အထောက်အကူပြုစက်မှုလုပ်ငန်းများကို SEZs များ၏ပြည့်ဝသော ဝန်ဆောင်မှုမှတဆင့် လုပ်ငန်းအစုအဝေးတစ်ခုတည်ထောင်ကြီးထွားလာစေရန် ပံ့ပိုးဆောင်ရွက် ပေးရန်။

-အထည်ချုပ်စက်ရုံများတည်ရှိသည့်လက်ရှိစက်မှုဇုန်များသို့ လျှပ်စစ်ဓါတ်အားလုံလောက်စွာပေးနိုင်ရေးဆောင်ရွက်ပေးရန်

-ကွန်တိန်နာရပ်နားစခန်းများကို တိုးချဲ့တည်ဆောက်၍မြန်မာ့အဝတ်အထည်များကို ပြည်ပတင်ပို့ရာတွင် ကုန်ကျစရိတ်လျှော့ချနိုင်စေရန်။

၄။ အလုပ်သမားများအားကာကွယ်ပေးမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် နည်းပညာနှင့်အလေ့အကျင့်များကျယ်ပြန့်စွာလက်ခံကျင့်သုံးစေရန်။

ဤဦးတည်ချက်ကိုအောက်ပါရှုထောင့်များ (သို့မဟုတ်လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက်များ)ဖြင့် ကနဦးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

-အထည်အလိပ်နှင့်အဝတ်အထည်စက်ရုံများ အားလုံးအားစွန့်ပစ်ရေဆိုးစီမံသည့်စနစ်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့်မြန်မာနိုင်ငံ၏အရေးပါသည့်ရေအရင်းအမြစ်များအားထိန်းသိမ်းနိုင်ရန်။

-မြန်မာနိုင်ငံ၏စက်မှုလုပ်ငန်းတည်ထောင်ခြင်းကိုရေရှည်အကျိုးပြုသည့်နည်းလမ်းဖြင့်စတင်နိုင်ရန်အတွက်ဓါတ်ငွေ့ထုတ်လုပ်မှုနည်း၍ စွမ်းအင်ချွေတာသည့်စက်ပစ္စည်းနှင့်စက်ကိရိယာများအားအသုံး ပြုခြင်းကိုအားပေးရန်။

-အလုပ်သမားများအား လုံလောက်ကောင်းမွန်သည့် လေဝင်လေထွက်စနစ်နှင့်ကာကွယ်မှုအပြည့်ရှိသည့် ကိရိယာများပံ့ပိုးပေးရန်။

တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ပေါ်လစီပိုင်းဆိုင်ရာများ၊ သင်တန်းပေးခြင်း၊ သတင်းအချက်အလက်များထောက်ပံ့ပေးခြင်း၊အဖွဲ့အစည်းဆိုင်ရာ အင်အားတောင့်တင်းစေရေးနှင့် ရန်ပုံငွေထောက်ပံ့ခြင်း၊ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့်ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများနှင့် ထိတွေ့ပေးခြင်းတို့ပါဝင်ပါသည်။ ဤလုပ်ငန်းများ၏လက်ငင်းရရှိလာမှုများအပေါ် အဝတ်အထည်နှင့်အထည်အလိပ်ထုတ်လုပ်သူများ၊ MGMA,ကုန်သွယ်မှုမြှင့်တင်ရေးဌာန (MOC)နှင့်ရင်းနှီးမြှုပ်နှံမှုဌာန(DICA)တို့၏ ပိုမိုကောင်းမွန်သည့်ဆောင်ရွက်ချက် များဖြင့်တိုးမြှင့်ဆောင်ရွက်သင့် ပါသည်။

ယင်းသို့အတူတကွလုပ်ဆောင်ချက်များသည် မြင့်မားသည့်ထုတ်လုပ်မှုပမာဏ၊ ပိုမိုကောင်းမွန်သည့်ကုန်ပစ္စည်းအရည်အသွေး၊နည်းပါးသည့်ကုန်ကျစရိတ်၊လူမှုရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာအားဖြင့်ပိုမိုတာဝန်ယူသည့် ထုတ်လုပ်မှုတို့ဖြင့်မြန်မာအထည်ချုပ်ကဏ္ဍ၏CMP(ဖြတ်-ညှပ်-ကပ်စနစ်) မှFOB(တန်ဘိုးမြင့်ပို့ကုန်စနစ်)သို့ တရွေ့ရွေ့ပြောင်းလဲခြင်းလမ်းကြောင်းပေါ်ရှိမှုရင်းဒီဇိုင်းထုတ်လုပ်ခြင်းသို့ဦးတည်သွားမည်ဖြစ်ပါသည်။

## အတူတကွပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏အရေးပါပုံ

အသေးစိတ်လုပ်ငန်းစီမံချက်၏ ပထမစတင်ရမည့်ခြေလှမ်းမှာ NES ဒီဇိုင်းလုပ်ငန်းစဉ်အတွင်းအများဆုံး တိုင်ပင်ဆွေးနွေးခဲ့သည့်အလျှိုရှင်များ၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ကိုက်ညီသည့်လုပ်ငန်းများကို ရေးဆွဲခြင်းဖြစ်ပါသည်။ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားလုံးကိုအပြည့်အဝရန်ပုံငွေပေး၍အကောင်အထည်ဖော်မည်ဆိုလျှင် မြန်မာနိုင်ငံ၏အထည်အလိပ်နှင့် အဝတ်အထည်တင်ပို့မှုသည် ၂၀၂၀ခုနှစ်တွင်လေးဆထိ တိုးတက်လာမည်ဟုမျှော်လင့်ရပါသည်။ အကြီးမားဆုံးနှင့် အမြန်ဆုံးပို့ကုန်ကြီးထွားမှုကိုဇာထိုးပန်းထိုးထည်တင်ပို့ခြင်းဖြင့်မျှော်လင့်နိုင်ခြင်းမရှိဘဲ CMP နှင့် အမျိုးသားဝတ်အဝတ်အထည်များကိုဂျပန်နိုင်ငံ၊ကိုရီးယားသမ္မတနိုင်ငံ၊ဂျာမဏီနိုင်ငံနှင့် UK နိုင်ငံများသို့တင်ပို့ခြင်းမှမျှော်လင့်နိုင်ပါသည်။ သို့ရာတွင်အမေရိကန်စီးပွားရေးပိတ်ဆို့မှုများရုတ်သိမ်း၍ တန်ဖိုးကွင်းဆက်အားကောင်းလာပြီး မြင့်မား၍အားထားရသည့်အရေအတွက်နှင့်အရည်အသွေးကိုဖန်တီးခြင်းဖြင့် မြန်မာ နိုင်ငံသည် အချို့မူရင်းမြန်မာဒီဇိုင်းများအပါအဝင်ဇာထိုးပန်းထိုး၍ဖြစ်စေ၊မထိုး၍ဖြစ်စေ၊FOBအဝတ်အထည်များ အတွက်မြောက်အမေရိကနှင့်အနောက်ဥရောပနိုင်ငံများတွင်ယှဉ်ပြိုင်နိုင်မှု ပိုမိုအားကောင်းလာသင့်ပါသည်။

ဤလိုအပ်သည့်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လက်တွေ့ကျသည့်မျှော်မှန်းချက်မှာ ကျယ်ပြန့်၍၎င်းတို့ကိုပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ခြင်းသည် ရှုပ်ထွေးနက်နဲသည့်ကိစ္စရပ်ဖြစ်ပါသည်။ အကောင်အထည်ဖော်ခြင်းတွင်ပါဝင်သည့်ပါဝင်ပတ်သက်လုပ်ကိုင်သူများကို ကျယ်ကျယ်ပြန့်ပြန့်လမ်းညွှန်ရန်၊အရင်းအမြစ်များထိရောက်စွာ ခွဲဝေသုံးစွဲရန်၊မဟာဗျူဟာ၏အထောက်အကူပြုပေါ်လစီများ ထောက်ခံဆွေးနွေးရန်၊အသေးစားနှင့်အကြီးစားအဆင့်များတွင်ရလဒ်များစောင့်ကြည့်ရန်အတွက် ထိရောက်စွာပေါင်းစပ်ညှိနှိုင်းမည့်သူလိုအပ်ပါသည်။ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းလွယ်ကူစေရန်အလို့ငှာ မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC) တည်ထောင်၍အမျိုးသားပို့ကုန်မဟာဗျူဟာ ညှိနှိုင်းစီစဉ်အကောင်အထည်ဖော်ခြင်းကိုဆောင်ရွက်ပါမည်။ထို့ပြင် MTDC သည်မြန်မာနိုင်ငံ၏ လိုအပ်သည့်ပြောင်းလဲမှုများနှင့်လိုက်လျောညီထွေ ဆက်လက်ပါဝင်ဆောင်ရွက်စေရန်မဟာဗျူဟာပြင်ဆင်ချက်များကို ခေတ်နှင့်အညီပြုပြင်ထောက်ခံအကြံပြုရာတွင်အဓိကအခန်း ကဏ္ဍမှပါဝင်မည်ဖြစ်ပါသည်။

## အကောင်အထည်ဖော်ရေးမိတ်ဖက်များနှင့်ဦးဆောင်ထောက်ပံ့ပေးနေသည့်အဖွဲ့အစည်းများ

TSIs များနှင့် POA အပိုင်းများတွင်ဖော်ပြထားသည့်အတိုင်း ဤပို့ကုန်မဟာဗျူဟာအကောင်အထည် ဖော်ရာတွင် အဖွဲ့အစည်းများစွာသည် အဓိကအခန်းကဏ္ဍမှပါဝင်လာပါမည်။၎င်းတို့မှာမဟာဗျူဟာအောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက်ဦးဆောင်ရမည့် အဖွဲ့အစည်းများမဟုတ်သော်လည်းအလုံးစုံတာဝန်ရှိသည့် အဖွဲ့အစည်းများဖြစ်ပြီး တက်ကြွစွာပါဝင်သည့်အထောက်အကူပြုအဖွဲ့အစည်းများဖြစ်ပါသည်။ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍပို့ကုန်ဖွံ့ဖြိုးရေးကိုအထောက်အကူပြုရန်တာဝန်အပ်နှင်းထားသည့်အဖွဲ့အစည်းတခုစီကို အသေးစိတ်လုပ်ငန်းစီမံချက်တွင်ရှင်းလင်းစွာ ဖော်ပြထားပါသည်။အကောင်အထည်ဖော်မည့်မိတ်ဖက်များမှာ MGMA,MOI, MOC,MoLESS,MIC,MoFR, MoT, MoEP,UMFCCI,ကျန်းမာရေးဝန်ကြီးဌာန(MOH)၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန(MoECF)၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(MNPED) တို့ပါဝင်ပါသည်။

## အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍမဟာဗျူဟာ (၂၀၁၅-၂၀၁၉)
## အသေးစိတ်လုပ်ငန်းစီမံချက်

အောက်ပါလုပ်ငန်းစီမံချက်သည် မဟာဗျူဟာ၏မျှော်မှန်းချက်ကို ရရှိအောင်မြင်ရန်နောင် ၅နှစ်တာ ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားလုံးကို အသေးစိတ်ဖော်ပြထားပါသည်။လုပ်ငန်းစီမံချက်ကို စာတမ်းတွင်ဖော်ပြထားသည့် အခက်အခဲများနှင့်အခွင့်အလမ်းများကိုဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက်ပြီး လက်တွေ့ကျသော ဦးတည်ချက်များဖြင့်ရေးဆွဲ ချမှတ်ထားပါသည်။ လုပ်ငန်းစီမံချက်သည် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှင်းလင်းတိကျပြီး အသေးစိတ်ဆောင်ရွက်ရမည့်လုပ်ငန်း ရပ်များကို ပံ့ပိုးထားပါသည်။



## အမျိုးသားပို့ကုန်မဟာဗျူဟာ(NES)အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ မဟာဗျူဟာရည်မှန်းချက်၊လုပ်ငန်းရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစိတ်လုပ်ငန်းစဉ်များ

**မဟာဗျူဟာဦးတည်ချက် (၁): မြန်မာ အဝတ်အထည်ထုတ်လုပ်မှုတွင် ဖြတ်ညှပ်ကပ်ထုတ်လုပ်မှု ပုံစံ (cut-make-pack CMP) မှ တန်ဘိုးမြင့်ပို့ကုန်ထုတ်လုပ်မှု ပုံစံ (Free On Board - FOB) သို့ပြောင်းလဲနိုင်သည့် မူဝါဒများ ပေါ်ပေါက်စေရန်။**

| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံစားခွင့်ရှိသူများ | ဦးတည်သောအတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်း | အထောက်အကူပေးမည့် ဌာန/အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့် ရှိလာနိုင်ချိတ်ဆက်နိုင်သည့် အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၁.၁အထည်လိပ်နှင့်အဝတ်အထည်လုပ်ငန်းကဏ္ဍတွင် CMPမှFOB သို့ တစ်ဖြည်းဖြည်းပြောင်းလဲလာစေရေးအထောက်အကူပြုသည့်မူဝါဒရေးရာအစီအမံများချမှတ်ကျင့်သုံးရန်။ | ၁.၁.၁CMPသွင်းကုန်ပစ္စည်းတင်သွင်းသူများ၏အခွန်ကင်းလွတ် ခံစားခွင့်ကို FOB သွင်းကုန် တင်သွင်းသူများတွင်လည်းတူညီသောခံစားခွင့် ရရှိရေးဆောင်ရွက်ပေးရမည်။ထိုအကျိုးကျေးဇူးကိုမြန်မာ့နိုင်ငံမှယှဉ်ပြိုင်လိုသူများ အဓိကအားဖြင့် CMP မှ FOB သို့ပြောင်းလဲပြီး အမြတ်ရရှိရေး လုပ်ကိုင်နေသူများရရှိစေမည်ဖြစ်သည်။ | ၃ | အထည်ချုပ်စက်ရုံများ | စက်ရုံ (၂၀)အား FOBအော်ဒါများ ရရှိပြီးဖြစ်စေရန် | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | ဘဏ္ဍာရေးဝန်ကြီးဌာန *၊အကောက်ခွန်ဌာနများ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | မရှိပါ |
| | ၁.၁.၂ SEZ ဥပဒေရေးဆွဲချမှတ်ရန်နှင့်အများပိုင်နှင့် ပုဂ္ဂလိကပိုင် (သို့မဟုတ်) အများပိုင်၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများက အပြည့်အဝ ဝန်ဆောင်မှုပေးမည့်တရားဝင်ပိုင်ဆိုင်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်စီမံခန့်ခွဲမှုတို့ကို အကောင် အထည်ဖော်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းဖော်ပြပေးရန်ဖြစ်သည်။သို့မှသာအစအဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာပြီးကဏ္ဍတစ်ခုလုံးအောင်မြင်တိုးတက်စေရန်အလို့ငှာ ထောက်ပံ့ပေးနေသောအဆောက်အဦးများ၏ ကုန်ကျစရိတ်ကို အနည်းဆုံး လျှော့ချနိုင်ရန်ဖြစ်သည်။ | ၃ | အထည်ချုပ်စက်ရုံများ၊SEZတွင် လုပ်ကိုင်ဆောင်ရွက်နေသူများ | ပထမဦးဆုံးဇောန် ၁၀၀၀အားဝန်ဆောင်မှုအပြည့်ပေးပြီး ၅၀ ရာခိုင်နှုန်းကျော်နေထိုင်တည်ထောင်ပြီးစီးခြင်း | စက်မှုဝန်ကြီးဌာန | စီမံ/ဘဏ္ဍာဝန်ကြီးဌာန ** ပို့ဆောင်ရေးဝန်ကြီးဌာန *** ရထားပို့ဆောင်ရေးဝန်ကြီးဌာန **** မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း UMFCCI, အကောက်ခွန်ဦးစီးဌာန၊ | | မရှိပါ(သို့သော်လည်းအကောင်းဆုံးလေ့ကျင့်မှုများအတွက် လမ်းညွှန်မှုဆိုင်ရာနည်းပညာအထောက်အပံ့လိုအပ်ပါသည်) ၁၀၀,၀၀၀ |
| | ၁.၁.၃ မြန်မာ့ အထည်လိပ်နှင့် အဝတ်အထည် လုပ်ငန်းကဏ္ဍမြှင့်တင်ခြင်းအတွက် ညှိနှိုင်းပူးပေါင်းခြင်း၊မဟာဗျူဟာ စီမံကိန်းမူဝါဒများနှင့် ပဏာမလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းတို့ကိုအားထုတ်ဆောင်ရွက်မည့်အဆင့်မြင့်မူဝါဒချမှတ်ရေးပူးပေါင်းကော်မတီတည်ထောင်ရမည်။(ဥပမာ-ဝန်ကြီးဌာနအတွင်း(သို့)ဝန်ကြီးဌာနကော်မတီ) | ၃ | အထည်ချုပ်စက်ရုံများ | အဖွဲ့အစည်းစတင်တည်ထောင်ခြင်းနှင့်ပထမဦးဆုံးအစည်းအဝေးကျင်းပခြင်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | စီမံ/စီးပွားဝန်ကြီးဌာန ** စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ***** လယ်/မွေး/ဆည်ဝန်ကြီးဌာန UMFCCI, | | မရှိပါ(သို့သော်လည်းအကောင်းဆုံးလေ့ကျင့်မှုများအတွက်လမ်းညွှန်မှုဆိုင်ရာနည်းပညာအထောက်အပံ့လိုအပ်ပါသည်) ၁၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ | | |
| | ၁.၁.၄ ခေတ်မီ စက်ကိရိယာများဖြင့် ကဏ္ဍ၏ထုတ်လုပ်မှုစွမ်းအားကိုတိုးမြင့်အားပေးရန်လည်ပတ်ရင်းနှီးမှုများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် ရင်းနှီးကုန်ပစ္စည်းတင်သွင်းခြင်းအတွက် ဂျူတီကင်းလွတ်ခွင့်များကို ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးရမည်။ | ၂ | ရင်းနှီးမြှုပ်နှံသူများ၊ဝယ်ယူသူများ | အခွန်ကင်းလွတ်ခံစားခွင့်ကိုစတင်လုပ်ဆောင်ခြင်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အကောက်ခွန်ဌာနများ၊ ဘဏ္ဍာရေးဝန်ကြီးဌာန* စက်မှုဝန်ကြီးဌာန UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ | | မရှိပါ ။ |
| | ၁.၁.၅ နိုင်ငံခြားမှ ပစ္စည်းရောင်းချသူများနှင့် မြန်မာဝယ်ယူသူများကြားတွင် အစိုးရအာမခံချက်ဖြင့်နှစ်ရှည်အကြွေးစနစ်နှင့် ဝယ်ယူခွင့်ရရှိခြင်းဖြင့် ခေတ်မီသောစက်ပစ္စည်းများကို အများအပြား သုံးစွဲနိုင်အောင်တွန်းအားပေး ဆောင်ရွက်ရပါမည်။ | ၃ | ရင်းနှီးမြှုပ်နှံသူများ | အာမခံခြင်းနှင့်ငွေကြေးထောက်ပံ့မှုအကောင်အထည်ဖော်ပြီးစီးခြင်း။ | ဘဏ္ဍာရေးဝန်ကြီးဌာန | စက်မှုဝန်ကြီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ UMFCCI, ဗဟိုဘဏ် | | မရှိပါ(သို့သော်လည်းအကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) ၁၀၀,၀၀၀ |
| ၁.၂ ကဏ္ဍ လုပ်သားထု၏ ကျွမ်းကျင်မှုနှင့်ယှဉ်ပြိုင်နိုင်မှုကိုတိုးတက်စေမည့် အလုပ်သမားစည်းမျဉ်းများကိုချမှတ် ပြဋ္ဌာန်းပေးရန်။ | ၁.၂.၁အလုပ်အကိုင်ခန့်ထားမှုနှင့်ကျွမ်းကျင်မှုတိုးတက်ရေးဥပဒေတွင် ပါဝင်သော လေ့ကျင့်ထားသောအလုပ်သမားများထိန်းသိမ်းထားရေးအပိုင်းအတွက်စည်းမျဉ်းဥပဒေများကို ရှင်းလင်းစွာ ဖော်ပြပေးရန်၊ သို့မှသာ အလုပ်ရှင်နှင့် အလုပ်သမားကြား အဓိပ္ပါယ်ရှိသော စေ့စပ်ညှိနှိုင်းမှု သဘောတူစာချုပ်ကို ရေးထိုးဆောင်ရွက်နိုင်ပြီး အလုပ်သမားများအနေဖြင့် သတ်မှတ်ထားသောကာလအထိ ထိုလုပ်ငန်းခွင်တွင် လုပ်ကိုင်၍ အဆင့်မြင့် သင်တန်းများကို ရရှိစေပြီး အလုပ်ရှင်များအနေဖြင့်လည်း မြန်မာအလုပ်သမားများအတွက် ရင်းနှီးမြှုပ်နှံရန် မက်လုံးပေးမှုဖြစ်စေပါသည်။ | ၃ | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အလုပ်သမားများ | စည်းမျဉ်းစည်းကမ်းများထုတ်ဝေပြီး၍ဆောင်ရွက်မည့်နည်းလမ်းများအသက်ဝင်အတည်ပြု ပြီး။ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs),နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) | | မရှိပါ |
| | ၁.၂.၂ နိုင်ငံခြားမှ နည်းပညာရှင်များနှင့် အတတ်ပညာရှင်များအတွက် အလုပ်လုပ်ကိုင်ခွင့်ကာလကို ၃လမှ ၁နှစ်ထိ တိုးမြှင့်၍ အသစ်ပြန်လည်လျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးရမည်။ သို့မှသာ မြန်မာနိုင်ငံလုပ်ငန်းခွင်တွင် အဓိကကျသည့် ကျွမ်းကျင်မှု ကွာဟချက်ကို ပြည်တွင်းကျွမ်းကျင်လုပ်သားများထိန်းသိမ်းရေးမူဝါဒကိုတိုးတက်အောင်လုပ်ဆောင်နေစဉ်အတွင်း ကြိုတင် ခန့်မှန်း၍ ဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။ | ၃ | နည်းပညာရှင်များ၊ကုန်သည်များနှင့် စက်ရုံမန်နေဂျာများ | အလုပ်လုပ်ကိုင်ခွင့်ပြုမှု ၈၀ ရာခိုင်နှုန်းထိပြည့်မီခြင်း (သို့) အထည်ချုပ်စက်ရုံပိုင်ရှင်များ၏လေ့လာချက်အရပိုမိုမြင့်မားမှုရှိခြင်း ။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန***** | | မရှိပါ |
| ၁.၃ လုပ်ငန်းများ စတင်တည်ထောင်၊ | ၁.၃.၁ ကြိုတင်ပေးချေမှု(သို့)ငွေထုတ်ခွင့်ပေးစာ(letter | ၁ | လက်ရှိနှင့်အလား | ဘဏ္ဍာရေးဝန်ကြီး | ဘဏ္ဍာရေး | ဘဏ္ဍာရေးဝန် | | မရှိပါ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လည်ပတ်လုပ်ကိုင်ခြင်းနှင့် ကုန်သွယ်ခြင်းတို့အတွက် ငွေကြေးထောက်ပံ့နိုင်သည့်ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့်စည်းမျဉ်းမူဘောင်များကို ချမှတ်တည်ဆောက်ပေးရန်။ | of credit) ကို သက်သေခံပြရန်မလိုဘဲ ပို့ကုန်များကို ခွင့်ပြုပေးသည့် ညွှန်ကြားချက်ကို လက်ရှိအခြေအနေ လိုအပ်ချက်အရ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ပေးရန်ဖြစ်သည်။ သို့မှသာမြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဝင်ရောက်လုပ်ကိုင်နိုင်မှာဖြစ်ပြီး ဆွဲဆောင်မှုရှိသော နေရာဒေသတစ်ခု ဖြစ်လာပေမည်။ | | အလားရှိသောရင်းနှီးမြုပ်နှံသူများ | ဌာနစည်းမျဉ်းများကိုပြောင်းလဲခြင်း | ဝန်ကြီးဌာန | ကြီးဌာန* ကူးသန်းရောင်းဝယ်ရေးဘဏ်များ (ပြည်တွင်းပြည်ပ)၊ ရင်းနှီးမြုပ်နှံမှုဘဏ်များ၊မြန်မာနိုင်ငံခြာကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | | |
| | ၁.၃.၂ Back to Back letter of credit နှင့်အခြားကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပုံစံများ ဆောင်ရွက်ခြင်းအတွက် ညွှန်ကြားချက်များကိုဗဟိုဘဏ်မှထုတ်ပြန်ပေး၍ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအတွက်၎င်းတို့ ဆက်လက် ဆောင်ရွက်ရန်လိုအပ်နေသည့် စည်းမျဉ်း ဥပဒေရှင်းလင်း ဖော်ပြချက်များကို ပံ့ပိုးပေးရန် (မှတ်ချက်။ အချို့သောဘဏ်များကို ၂၀၁၁ ခုနှစ် ကတည်းက လိုင်စင်ထုတ်ပေးခဲ့ပြီး လမ်းညွှန်ချက်များကို စောင့်ဆိုင်းနေကြသည်။ | ၁ | လက်ရှိနှင့်အလားအလာရှိသောရင်းနှီးမြုပ်နှံသူများ | ဗဟိုဘဏ်၏ စည်းမျဉ်းများကို ပြောင်းလဲခြင်း။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဘဏ္ဍာရေးဝန်ကြီးဌာန* ကူးသန်းရောင်းဝယ်ရေးဘဏ်များ (ပြည်တွင်းပြည်ပ)၊ ရင်းနှီးမြုပ်နှံမှုဘဏ်များ၊မြန်မာနိုင်ငံခြာကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | | မရှိပါ |
| | ၁.၃.၃ မြန်မာ့ အထည်ချုပ်လုပ်ငန်း ထုတ်လုပ်သူများအား လက်ရှိ အနေအထားထက်ပို၍ ငွေချေးယူနိုင်စေရန်ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အပေါင်ပစ္စည်းအနေဖြင့် အသုံးပြုခြင်းနှင့် ချေးယူနိုင်သော အပေါင်ပစ္စည်းရာခိုင်နှုန်းပမာဏကို တိုးမြှင့်ခြင်းတို့ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားချက် ထုတ်ပြန်ခွင့်ပြုပေးရန်ဖြစ်သည်။ | ၁ | လက်ရှိနှင့်အလားအလာရှိသောရင်းနှီးမြုပ်နှံသူများ | ဘဏ္ဍာရေးဝန်ကြီးဌာန စည်းမျဉ်းများကို ပြောင်းလဲခြင်း။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဘဏ္ဍာရေးဝန်ကြီးဌာန*ကူးသန်းရောင်းဝယ်ရေးဘဏ်များ (ပြည်တွင်းပြည်ပ)၊ ရင်းနှီးမြုပ်နှံမှုဘဏ်များ၊မြန်မာနိုင်ငံခြာကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | | မရှိပါ |
| | ၁.၃.၄ အစိုးရအာမခံချက်နှင့် ထောက်ပံ့ပေးမှုများကို လုပ်ငန်းများမှ ရေရှည် ငွေချေးယူရာတွင် ပံ့ပိုးပေးနိုင်ရန်အတွက် တည်ထောင်ထားရှိပြီး မြန်မာ့အထည်ချုပ်ထုတ်လုပ်သူများအား လက်ရှိအနေအထားထက် ပိုမိုငွေချေးနိုင်အောင် ဆောင်ရွက်ပေးရမည်။ | ၁ | လက်ရှိနှင့်အလားအလာရှိသောရင်းနှီးမြုပ်နှံသူများ | အာမခံမှုအားဦးစွာပထမပြုလုပ်ပြီး(သို့)ထောက်ပံ့မှုများပံ့ပိုးပေးပြီး | စက်မှုဝန်ကြီးဌာန | ဘဏ္ဍာရေးဝန်ကြီးဌာန* ကူးသန်းရောင်းဝယ်ရေးဘဏ်များ (ပြည်တွင်းပြည်ပ)၊ | | ၁၀၀,၀၀၀,၀၀၀ အထိ(အကယ်၍ စက်ရုံ၂၀၀စီအတွက် ၅၀၀,၀၀၀စီ အပြည့်အဝထောက်ပံ့မှုပေးနိုင်လျှင်) |

## မဟာဗျူဟာဦးတည်ချက် (၂): နိုင်ငံတကာ အရည်အသွေးမီ အဝတ်အထည်များနှင့် အထည်အလိပ်များကို စဉ်ဆက်မပြတ် တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်စေရန်။

| လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစားပေး ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံစားခွင့် ရှိသူများ | ဦးတည်သော အတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်း | အထောက်အကူပေးမည့် ဌာန/အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့်ရှိလာနိုင်ချေရှိသည့် အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၂.၁- ၂၀၁၅ခုနှစ်တွင် မြန်မာ့အထည်ချုပ်စက်ရုံအရေအတွက်ကို လက်ရှိ ၃၀၀မှ ၈၀၀အထိ တိုးပွားလာစေရန်။ | ၂.၁.၁အထည်ချုပ်စက်ရုံစတင်တည်ထောင်ရန်အတွက် အဆင့်မှုဝါဒများချမှတ်ရေးအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့ တစ်ခုဖွဲ့စည်း၍ တရားဝင်ချမှတ်ထားသော လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း အချိန်အရေအတွက်ကိုလျှော့ချနိုင်မည်ဖြစ်သည်။<br><br>(ဥပမာ- မှတ်ပုံတင်ခြင်းအတွက် လုပ်ငန်းစတင်ရန် ကြာချိန်ကို ၄-၅လမှ ၁လသို့ လျှော့ချနိုင်ခြင်း) | ၁ | ရင်းနှီးမြှုပ်နှံသူ အသစ်များ | အထည်ချုပ်စက်ရုံများအတွက် အထူးလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများလျှော့ချမှု ပြီးစီးခြင်း။ | စက်မှုဝန်ကြီးဌာန | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန၊UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ | | မရှိပါ (သို့သော်လည်း အကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) ၁၀၀,၀၀၀ |
| | ၂.၁.၂ အထည်လိပ် လုပ်ငန်းများနှင့်အထည်ချုပ် စီးပွားရေးလုပ်ငန်းများအား တူညီသော အထူးအခွင့်အရေးပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအားဖြင့် စက်ရုံစတင်တည်ထောင်ခြင်းအတွက် အကြံပေးလုပ်ငန်းအဖွဲ့နှင့်ဒီဇိုင်းပညာရှင်အဖွဲ့များကဲ့သို့ ကဏ္ဍကို ထောက်ပံ့နိုင်သည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရန် တွန်းအားပေးနိုင်ပါ သည်။ | ၂ | ထုတ်လုပ်သူများနှင့်အလုပ်သမားများ | အလျှားလိုက်နှင့် ဒေါင်လိုက်အင်အားရှိစွာစုစည်းထားသောအစုအဖွဲ့များတည်ထောင်ပြီးစီးခြင်း | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ** | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ | | မရှိပါ (သို့သော်လည်း အကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) ၁၀၀,၀၀၀ |
| ၂.၂ လုပ်ငန်းကဏ္ဍကို ပြည်တွင်း၌ မရရှိနိုင်သေးသော ကြီးမားသော မတည်ရင်းနှီးငွေပမာဏ၊ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် နိုင်ငံတကာမှ စီးပွားရေးကွန်ယက်များဖြင့်စီးဝင်ရောက်ရှိလာစေရေး ဆောင်ရွက်ပေးရမည်။ | ၂.၂.၁ နိုင်ငံခြားပိုင် အထည်ချုပ် စက်ရုံများအတွက် MIC ခွင့်ပြုမိန့် လိုအပ်ချက်များကို တိကျရှင်းလင်းစွာ ဖော်ပြအတည်ပြုခြင်းအားဖြင့် ၎င်းတို့မှ ထိုခွင့်ပြုမိန့်များကို ကြိုတင်ခန့်မှန်းနိုင်ပြီးပွင့်လင်းမြင်သာစွာအသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ | ၁ | ရင်းနှီးမြှုပ်နှံသူများ | ဝေဖန်ရေးခိုင်နှုန်း (သို့) ထိုထက်ပိုသော လျှောက်ထားသူများ၏လုပ်ငန်းစဉ်လုပ်ဆောင်မှုအားကျေနပ်မှုရှိစေခြင်း။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | စီမံ/စီးပွားဝန်ကြီးဌာန ** မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန UMFCCI | | မရှိပါ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၂.၂.၂ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍကို ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဦးစားပေးအစီအစဉ်တစ်ခုအဖြစ် လုပ်ဆောင်၍ လုပ်ငန်းကဏ္ဍအတွက် လိုအပ်နေသောအတွေ့အကြုံရှိသောဝန်ထမ်းများခန့်အပ်ပေးထားခြင်းနှင့်ရင်းနှီးမြှုပ်နှံသူများ၏ ကုန်သွယ်မှုဆိုင်ရာအချက်အလက်များရယူပြုစုရန်အတွက်ရန်ပုံငွေထောက်ပံ့ပေးရန်ဖြစ်သည်။ | ၁ | အထည်ချုပ်လုပ်ငန်းကဏ္ဍ | ဝန်ထမ်းအသစ်များခန့်အပ်ပြီးစီးခြင်း | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | စီမံ/ စီးပွား ဝန်ကြီးဌာန**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | | ၅၀,၀၀၀(ငါးနှစ်စာလုသားအရင်းအမြစ်ကုန်ကျစရိတ်နှင့်အချက်အလက်ရယူသုံးစွဲခြင်းအတွက်) |
| | ၂.၂.၃ မြန်မာနိုင်ငံမှဝယ်ယူသူများနှင့် နိုင်ငံခြားမှရောင်းချသူများကြားတွင် အစိုးရ၏အာမခံ နှစ်ရှည်ချေးငွေစနစ်အစီအစဉ်ဖြင့်ခေတ်မီစက်ပစ္စည်းအမြောက်အများသုံးစွဲမှုကို အားပေးခြင်း။ | ၁ | ရင်းနှီးမြှုပ်နှံသူများ | ပထမအာမခံစနစ်ပြုလုပ်ပြီးစီးခြင်း | ဘဏ္ဍာရေးဝန်ကြီးဌာန* | စက်မှုဝန်ကြီးဌာန စီးပွား/ကူးသန်းဝန်ကြီးဌာန၊မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊UMFCCI, ဗဟိုဘဏ် | | ၂၀,၀၀၀,၀၀၀ (အကယ်၍စက်ရုံ ၁၀၀အားအဆင့်မြှင့်တင်ရန်တစ်ရုံလျှင် ၂၀၀,၀၀၀ ဖြင့်အလုံးစုံထောက်ပံ့ပေးနိုင်လျှင်) |
| | ၂.၂.၄ လက်ရှိ ကျွမ်းကျင်မှု လိုအပ်ချက်အရ အထူးသင်တန်းအစီအစဉ် ဖြစ်သော စက်လည် ပတ်မှုနှင့်ထိန်းသိမ်းမှု သင်တန်း (Mechine Operation and maintenance)၊ ထုတ်လုပ်မှု စီမံခန့်ခွဲမှု သင်တန်း (Production Management)၊ စက်မှုဆိုင်ရာ အင်ဂျင်နီယာသင်တန်း(Industrial Engineering)၊ ဖက်ရှင်ဒီဇိုင်းနှင့်ကွန်ပျူတာဒီဇိုင်း သင်တန်းတို့ကို အကောင်အထည် ဖော်ရန်ဖြစ်ပါသည်။ | ၂ | အလုပ်သမားများနှင့်အလုပ်ရှင်များ | ပထမ ၃ နှစ်အတွင်း အလုပ်သမား ၁၅၀,၀၀၀ကို သင်တန်းပို့ချပြီးစီးခြင်း | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ INGOs,NGOs, ပြန်ကြားရေးဝန်ကြီးဌာန၊UMFCCI, စီးပွား/ကူးသန်းဝန်ကြီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း | JICA, JICA MGMAနှင့် MoLESS သင်တန်းအစီအစဉ်များ | ၁,၀၀၀,၀၀၀ (တစ်နှစ်လျှင်အလုပ်သမား ၅၀,၀၀၀ကို သင်တန်းပို့ချရန်) |
| ၂.၃ ကဏ္ဍအတွက် တိကျရှင်း လင်းသော အရည်အသွေး စံနှုန်းများ ချမှတ်ခြင်းဖြင့် လုပ်ငန်းများကို အားကိုး ယုံကြည်မှု ရှိစေခြင်း။ | ၂.၃.၁ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက အထည်ချုပ်လုပ်ငန်းအတွက် အမျိုးသားအဆင့်အရည်အသွေးစံနှုန်းများကို ချမှတ်ပေးပြီး ၎င်းစံနှုန်းများကို အထည်ချုပ်လုပ်ငန်း အသင်းသူ/အသင်းသားများအား အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်အွန်လိုင်းတို့မှတဆင့်ဖြန့်ချီ ပေးရန်ဖြစ်သည်။ | ၂ | စက်ရုံများ၊ အထည်ချုပ်လုပ်ငန်းမှအလုပ်သမားများနှင့် အလုပ်ရှင်များ၊ သဘာဝပတ်ဝန်းကျင်၊သုံးစွဲသူများ၊လုပ်ငန်းကွင်းဆက်တစ်ခုလုံး | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အရည်အသွေးစံနှုန်းများချမှတ်ပြီးစီးခြင်း။ | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန******၊စက်မှုဝန်ကြီးဌာန၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ | | မရှိပါ (သို့သော်လည်း အကောင်းဆုံးလေ့ကျင့်မှုများအတွက် နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | UMFCCI,ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း၊ | | ၁၀၀,၀၀၀ |
| | ၂.၃.၂ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသန ဦးစီးဌာန)မှ အထည်ချုပ် လုပ်ငန်းအရည်အသွေး အတွက်စမ်းသပ်စစ်ဆေးခြင်း၊ထောက်ခံချက်ထုတ်ပေးရေး အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးရမည်။ | ၂ | အထည်ချုပ်စက်ရုံများ။ | စမ်းသပ်စစ်ဆေးထောက်ခံချက်ထုတ်ပေးခြင်းများစတင်ဆောင်ရွက်ပြီး။ | သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ****** | | ၂၅၀,၀၀၀ (သင်တန်းနှင့် သင်ထောက်ကူပစ္စည်းကိရိယာများအတွက်) |
| | ၂.၃.၃ စက်မှုဝန်ကြီးဌာနမှ အထည်ချုပ် လုပ်ငန်းကဏ္ဍတွင် နိုင်ငံတကာ အရည်အသွေးမီ လက်မှတ်များဖြစ်သည့် BSCI, WRAP, ISO စသည်တို့ကို ရရှိလာစေရန် အထည်ချုပ် လုပ်ငန်းစက်ရုံများ၏ အရည်အသွေးအာမခံချက်အတွက် ရန်ကုန်မြို့တွင်အသိ ပညာပေးအစီအစဉ်နှင့် လစဉ်သင်တန်းများ ပြုလုပ်ပေးခြင်းဖြင့် ကူညီဆောင်ရွက် ပေးရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍတွင် သွင်းကုန် ကုန်ကြမ်းများတင်သွင်းမှု(FOB ထုတ်လုပ်မှု အတွက်) နှင့်ကမ္ဘာ့အသိအမှတ်ပြု အခြေခံ အရည်အသွေးမီသည့် အထည်ချုပ်ပို့ကုန်များ တင်ပို့ရာတွင် သင့်တော်သည့် အရည်အသွေးထိန်းချုပ်မှု နည်းလမ်းများ ချမှတ်ကျင့်သုံးရန် ကူညီနိုင်မည်ဖြစ်ပါသည်။ | ၂ | စက်ရုံများ၊ အထည်ချုပ်လုပ်ငန်းမှအလုပ်သမားများနှင့် အလုပ်ရှင်များ၊ သဘာဝပတ်ဝန်းကျင်၊သုံးစွဲသူများ ၊လုပ်ငန်းကွင်းဆက်တစ်ခုလုံး | သင်တန်းများတွင် စက်ရုံများ၏၉၀ ရာခိုင်နှုန်းမှ အရည်အသွေး အာမခံခြင်း အတွက်ပါဝင်ခဲ့ကြပြီးဖြစ်စေရန်။ | စက်မှုဝန်ကြီးဌာန | စက်မှုဝန်ကြီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UMFCCI,ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာရှင်များအသင်း | | ၅၀,၀၀၀(ဒီဇိုင်း အစီအစဉ်အတွက် နည်းပညာ အထောက်အပံ့နှင့်၎င်းကိုဖြန့်ဝရန်ရန်ပုံငွေ ထောက်ပံ့ခြင်း) |
| ၂.၄ပို့ကုန် လုပ်ငန်းရှင်များအနေနှင့် နိုင်ငံခြားဈေးကွက်များတွင် အရည်အသွေးရှိသတင်း အချက်အလက်များဖြင့် ခိုင်မာစွာလုပ်ကိုင်ခွင့်ရှိစေခြင်း။ | ၂.၄.၁ အထည်ချုပ် ကဏ္ဍ ကုမ္ပဏီများအတွက် ဦးတည်ဈေးကွက်အတွင်းရှိ နိုင်ငံတကာပြပွဲများတွင် ပါဝင်ပြသနိုင်စေရေးအတွက် အထည်ချုပ် ကဏ္ဍဆိုင်ရာ ပြပွဲများကိုသိရှိနိုင်ခြင်း၊ဖိတ်ခေါ်မှုများရာဖွေခြင်း၊ဗီဇာလျှောက်ထားခြင်းနှင့်ပြပွဲအခင်းအကျင်းနေရာရရှိစေရေးတို့ကို အဆင်ပြေ ချောမွေ့စေရန် ဆောင်ရွက်ပေးရမည်။ | ၂ | အထည်ချုပ်လုပ်ငန်းကုမ္ပဏီများ | အနည်းဆုံး ကုမ္ပဏီ၅၀မှ ဦးတည်ဈေးကွက်၅ခုတွင်ပါဝင်ဆောင်ရွက်နိုင်ခြင်း။ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊UMFCCI | | မရှိပါ (စီးပွား/ကူးသန်းဝန်ကြီးဌာနမှ လက်ရှိလုပ်ပိုင်ခွင့်ရရှိထားသောလုပ်ငန်းတာဝန်များ) |
| | ၂.၄.၂ အရည် အသွေးမြင့် ပို့ကုန် ပစ္စည်းများကို တိကျသော သတင်းအချက်အလက်၊ ဒီဇိုင်းအသစ်၊ ထုတ်ပိုးမှုအသစ်နှင့် နမူနာများကို သေချာစွာပြင်ဆင်၍ ပြသနိုင်အောင် ပြုလုပ်ပေးခြင်းဖြင့် ကုန်သွယ်ရေး ဦးတည်ဈေးကွက်ဆီသို့ ကိုယ်စားလှယ်အဖွဲ့များ သွားရောက်နိုင်ရေးစည်းရုံး ဆောင်ရွက်ပေးရန် ဖြစ်သည်။ | ၂ | အထည်ချုပ်လုပ်ငန်းကုမ္ပဏီများ | အနည်းဆုံး ကုမ္ပဏီ၅၀မှာဦးတည်သတ်မှတ်ထားသော ဈေးကွက်၅ခုတွင်ပါဝင်နိုင်ခြင်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း UMFCCI | | ၁၀၀,၀၀၀ (ခရီးစရိတ်) |
| ၂.၅ ကျွမ်းကျင်ခိုင်မာသည့်လုပ်ငန်းခွင်ပုံစံတည်ဆောက်ခြင်းမှတဆင့်စဉ် | ၂.၅.၁ ပြည်သူ့ရန်ပုံငွေ (သို့)အများနှင့် ပုဂ္ဂလိကပိုင်ရန်ပုံငွေကိုအသုံးပြုပြီး SEZ နှင့် အထည်ချုပ်စက်ရုံများ | ၂ | မြန်မာနိုင်ငံအထည်ချုပ်လုပ် | အရည်အသွေးသင်တန်း၅ခု၊ | စက်မှုဝန်ကြီးဌာန | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး | | ၃,၀၀၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဆက်မပြတ်လုပ်သားထုဖြစ်ပေါ်တိုးတက်ခြင်းနှင့်နိုင်ငံတကာပြိုင်ဆိုင်နိုင်မှုကိုမြှင့်တင်ပေးရန် | စုဝေးရာနေရာများတွင် တိုးတက်နေသောအထည်ချုပ်အလုပ်သမား အင်အားစုများအတွက် သင်တန်းများ၊ စမ်းသပ်ခန်းများ၊ လက်မှတ်ထုတ်ပေးရေးဌာနများ တည်ထောင် ဖွင့်လှစ်ပေးခြင်းဖြင့် ထုတ်လုပ်မှု စွမ်းအားကိုငွေကြေးကုန်ကျမှု အသက်သာ အထိရောက်ဆုံးနည်းလမ်းအနေနှင့်မြှင့်တင်၍ အထည်ချုပ် လုပ်ငန်းအတွက် လိုအပ်နေသော လုပ်သားအင်အားကို တိုးပွားလာစေမည်ဖြစ်သည်။ | | ငန်းရှင်များအသင်းနှင့်အလုပ်သမားများ | စမ်းသပ်ခန်းနှင့် လက်မှတ်ထုတ်ပေးခြင်းဌာနများကိုဖွင့်လှစ်ပြီးစီးခြင်း။ | | နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ NGOs&INGOs, UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | | |
| | ၂.၅.၂ ဝန်ကြီးဌာနများမှ တာဝန်ယူပြီး လုပ်ငန်းများနှင့် အလုပ်သမားများမှ အထည်ချုပ် လုပ်ငန်းအသင်းအဖွဲ့များနှင့်အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ပညာပေး အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် ပြည်သူလူထုအား လုပ်ငန်းသဘာဝကို သိရှိနားလည်စေပြီး အလုပ် သမားများ လုပ်ကိုင်ခွင့် အက်ဥပဒေများကို အတည်ပြု နေစဉ်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာတွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ | ၁ | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အလုပ်သမားများ | ရုပ်မြင်သံကြားတွင်၃မိနစ်ရှိထုတ်လွှင့်ပြခြင်းနှင့်ရေဒီယိုအင်တာဗျူးများ၊ကုန်သွယ်ရေးရာအကြောင်းအရာများစသည်တို့ဖြစ်ပါသည်။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊NGOs& INGOs,UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာန | | ၂၅၀,၀၀၀ |
| | ၂.၅.၃ ဝန်ကြီးဌာနများမှ တာဝန်ယူပြီး လုပ်ငန်းနှင့် အလုပ်သမားများမှ စက်မှုလုပ်ငန်း အဖွဲ့အစည်းများ၊ လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပညာပေး ဟောပြောမှုများ ကိုပြုလုပ်ပေးခြင်းဖြင့် အလုပ်သမား အရည်အသွေးနှင့် လုပ်ခလစာများကို စက်ရုံအသီးသီးမှ တည်ဆောက်နေစဉ်အတွင်း အလုပ်သမား ပြောင်းရွှေ့မှုနှုန်းထားများ လျော့ချစေနိုင်ပါသည်။ | ၁ | မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အလုပ်သမားများ | ပညာပေးဟောပြောပွဲ၁၀၀ ကျင်းပပြီးစီး။ | အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ NGOs&INGOs, UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာန | | ၅၀,၀၀၀ |
| ၂.၆ အထည်ချုပ်ကဏ္ဍ လုပ်ငန်းဖွံ့ဖြိုးမှုမှရရှိသော အကျိုးကျေးဇူးများတွင် ဝင်္ဂမ်းစိုက်ပျိုးသူများနှင့် အထည်အလိပ်ထုတ်လုပ်သူများ ပါဝင်ခံစားနိုင်စေရေးဆောင်ရွက်ပေးရန် | ၂.၆.၁ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်ချည်မျှင်နှင့် အထည်စက်ရုံများ၏ ဦးဆောင်ဝန်ကြီးဌာနအနေနှင့် အများပိုင်နှင့် ပုဂ္ဂလိကပိုင်ချည်မျှင်နှင့် အထည်စက်ရုံများကို တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များဖြင့် မြန်မာနိုင်ငံချည်မျှင်နှင့်အထည် ထုတ်လုပ်သူများအသင်း၏ တည်ထောင်သူအဖွဲ့ဝင်များဖြစ်လာစေရန်ပံ့ပိုးဆောင်ရွက်ပေးရမည်။ သို့မှသာ မြန်မာအထည် | ၁ | ချည်မျှင်နှင့်အထည်ထုတ်လုပ်သည့် စက်ရုံများ | ဝန်ကြီးအဆင့်မှ တာဝန်ယူဆောင်ရွက်ခြင်း | စက်မှုဝန်ကြီးဌာန(ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်း) | သ/မဝန်ကြီးဌာန ******* လယ်/မွေး/ဆည်ဝန်ကြီးဌာန၊စီးပွား/ကူးသန်းဝန်ကြီးဌာန UMFCCI, မြန်မာနိုင်ငံ | | မရှိပါ (သို့သော်လည်း အကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချုပ်ကဏ္ဍနှင့်လုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက်ချိတ်ဆက်ခြင်း၊ လုပ်သားစွမ်းရည်မြှင့်တင်ရေးနှင့် မူဝါဒဆိုင်ရာ အကြံပြုမှုများကို ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်မည် ဖြစ်သည်။ | | | | | အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊စီမံ/စီးပွားဝန်ကြီးဌာန** | | ပါသည်။)<br>၁၀၀,၀၀၀ |
| | ၂.၆.၂ မြန်မာ့ဝါဂွမ်းနှင့် Sericulture ဌာန၏သုတေသနပြု လယ်မြေ ၇ဧကမှ မျိုးစေ့ဖြန့်ချီရေးနှင့် ပညာပေးဝန်ဆောင်မှုကို ရန်ပုံငွေထောက်ပံ့ ပေးရမည်။ သို့မှသာ၎င်းတို့မှ အရည်အသွေးမြင့် မျိုးစေ့များနှင့်အကောင်းဆုံးသော နည်းပညာဗဟုသုတများကိုအရည်အသွေးနိမ့်မျိုးစေ့နှင့် ဝင်ငွေအနည်းငယ်သာရရှိနေသောဝါစိုက်ပျိုးသူများသို့ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ | ၂ | ဝါစိုက်ပျိုးတောင်သူများ၊ ချည်မျှင်တန်ဖိုးကွင်းဆက်တွင်လုပ်ကိုင်နေသူများအားလုံး | အရည်အသွေးမြင့်မျိုးစေ့မှ၂၅ရာခိုင်နှုန်း ထုတ်လုပ်ပြီး | လယ်/မွေး/ဆည်ဝန်ကြီးဌာန၊ | စီမံ/စီးပွားဝန်ကြီးဌာန **<br>စီးပွား/ကူးသန်းဝန်ကြီးဌာန၊UMFCCI၊မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | | ၅,၀၀၀,၀၀၀ |

## မဟာဗျူဟာဦးတည်ချက် (၃)- သတ်မှတ်ဇုန်များနှင့်ဆိပ်ကမ်းလုပ်ငန်းများတွင် အရေးပါသော အခြေခံအဆောက်အအုံများကို အများပိုင်သတ်မှတ်တည်ဆောက်ခြင်း ဖြင့်ကဏ္ဍ အတွက် အကျိုးရှိထိရောက်စေပြီး ကုန်ကျစရိတ်များလျှော့ချရန်

| လုပ်ငန်းပိုင်းဆိုင်ရာဦး တည်ချက် | ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ဦးစားပေး ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံစားခွင့်ရှိသူများ | ဦးတည်သောအတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့်ဌာန/အဖွဲ့အစည်း | အထောက်အကူပေးမည့် ဌာန/အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့်ရရှိလာနိုင်ချေရှိသည့်အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၃.၁ မြန်မာ့အထည်ချုပ်စက်ရုံများ နှင့်အထောက်အကူပြုစက်မှုလုပ်ငန်းများကို SEZsများ၏ ပြည့်ဝသောဝန်ဆောင်မှုမှတဆင့်လုပ်ငန်းအစုအဝေးတစ်ခုတည်ထောင်ကြီးထွားလာစေရန် ပံ့ပိုးဆောင်ရွက် ပေးရမည်။ | ၃.၁.၁ ကော်မရှင်အဖွဲ့မှ အလားအလာရှိသောSEZ လုပ်ငန်းခွင်၏ ဖြစ်နိုင်ချေလေ့လာဆန်းစစ်ခြင်းများကို ပြုလုပ်၍တည်နေရာ၊ အကျယ်အဝန်း၊ အခြေခံအဆောက်အအုံနှန်းထားများ၊ပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းတည်ဆောက်မှု၊ ဝန်ဆောင်မှုများ၊ အကျိုးသက်ရောက်မှုများ၊ စွန့်စားမှုများ စသည်တို့အပေါ် သဘောထားမှတ်ချက်ပြုလုပ် ပေးရမည်။ | ၁ | ရင်းနှီးမြှုပ်နှံသူအသစ်များ | အနည်းဆုံးတည်နေရာ၅ခု၏အသေးစိတ်လုပ်ငန်းခွင်လေ့လာဆန်းစစ်ချက်များပြုလုပ်ခြင်း | စက်မှုဝန်ကြီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန ****<br>ပို့ဆောင်ရေးဝန်ကြီးဌာန***<br>ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန********<br>စွမ်းအင်ဝန်ကြီးဌာန၊*********<br>စီးပွား/ကူးသန်းဝန် | | ၂၀၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကြီးဌာန၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**** ***** ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ၊နိုင်ငံခြားအကြံပေးပုဂ္ဂိုလ်များ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန********** စီမံ/စီးပွားဝန်ကြီးဌာန** ဘဏ္ဍာရေးဝန်ကြီးဌာန*ပြည်ထဲရေးဝန်ကြီးဌာန၊ UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | | |
| | ၃.၁.၂ SEZ အတွက် ဥပဒေနှင့် စည်းမျဉ်းမူဘောင်များဖွဲ့စည်းမှုကိုနိုင်ငံတကာမှအကောင်းဆုံးလေ့ကျင့်မှုများနှင့်အညီဆောင်ရွက်ရာတွင် SEZဆောက်လုပ်ရေး၊ စီမံခန့်ခွဲခြင်းဆိုင်ရာနှင့်ပိုင်ဆိုင်မှုပိုင်းတို့တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သောအခြေခံ လိုအပ်ချက်တစ်ခုအနေနှင့်အသေးစိတ်စနစ်တကျဆောင်ရွက်ရန်ဖြစ်သည်။ | ၂ | ရင်းနှီးမြှုပ်နှံသူများ | SEZဥပဒေပြဌာန်းပြီးအကောင်အထည်ဖော်ရေးစည်းမျဉ်းများထုတ်ဝေပြီးဖြစ်ခြင်း | စက်မှုဝန်ကြီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန **** ပို့ဆောင်ရေးဝန်ကြီးဌာန*** ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန ******** စွမ်းအင်ဝန်ကြီးဌာန*********၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန*********၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ၊ | | မရှိပါ (သို့သော်လည်း အကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) ၁၀၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | နိုင်ငံခြားအကြံပေး<br>ပုဂ္ဂိုလ်များ၊ပတ်ဝန်း<br>ကျင်ထိန်းသိမ်းရေး<br>နှင့်သစ်တောရေး<br>ရာဝန်ကြီးဌာန<br>**********<br>စီမံ/စီးပွားဝန်ကြီး<br>ဌာန**<br>ဘဏ္ဍာရေးဝန်ကြီး<br>ဌာန*<br>ပြည်ထဲရေးဝန်ကြီး<br>ဌာန၊UMFCCI,<br>မြန်မာနိုင်ငံအထည်<br>ချုပ်လုပ်ငန်းရှင်များ<br>အသင်း၊ရှေ့နေချုပ်ရုံး | | |
| | ၃.၁.၃ မြန်မာ့ အထည်ချုပ် လုပ်ငန်းကဏ္ဍအား မြန်မာနိုင်ငံ၏ တစ်ခုတည်းနှင့် အဓိကကျသော ထုတ်လုပ်မှု လုပ်ငန်းအဖြစ် အသိအမှတ်ပြုထားသည်။ အထည်ချုပ် လုပ်ငန်းများကို ဦးတည်သည့် SEZ ၂ ခုမှ ၃ ခုအထိ တည်ထောင်ရန် အများပိုင်မြေဧက ၄၀၀၀ကို သတ်မှတ်ထားရှိရန်ဖြစ်သည်။ | ၁ | အထည်ချုပ်လုပ်<br>ငန်းကဏ္ဍတွင်<br>ရင်းနှီးမြှုပ်နှံသူ<br>များနှင့် ၎င်းတို့ကို<br>ပံ့ပိုးနေသော<br>စီးပွားရေး<br>လုပ်ငန်းများ | ပထမ ဦးဆုံး ဧက ၁၀၀၀ တွင်ဝန်ဆောင်မှု အပြည့်အဝနှင့် ၅၀ ရာခိုင်နှုန်းကျော်နေထိုင်<br>လုပ်ကိုင်တည်<br>ထောင်ပြီးစီးခြင်း | | ဆောက်လုပ်ရေး<br>ဝန်ကြီးဌာန၊ရထားပို့<br>ဆောင်ရေးဝန်ကြီး<br>ဌာန ****<br>ပို့ဆောင်ရေးဝန်ကြီး<br>ဌာန***<br>ဆက်သွယ်ရေး၊<br>သတင်းအချက်<br>အလက်နှင့်<br>နည်းပညာဝန်ကြီးဌာန<br>********<br>စွမ်းအင်ဝန်ကြီး<br>ဌာန*********၊<br>စီးပွား/ကူးသန်း<br>ဝန်ကြီးဌာန၊<br>လျှပ်စစ်စွမ်းအားဝန်<br>ကြီးဌာန*********<br>၊ပုဂ္ဂလိကကဏ္ဍကိုယ်<br>စားလှယ်များ၊နိုင်ငံ<br>ခြားအကြံပေးပုဂ္ဂိုလ်<br>များ၊ပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာ | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ဝန်ကြီးဌာန********** စီမံ/စီးပွား ဝန်ကြီးဌာန** ဘဏ္ဍာရေး ဝန်ကြီးဌာန* ပြည်ထဲရေးဝန်ကြီး ဌာန၊ UMFCCI, မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင် များအသင်း | | |
| | ၃.၁.၄ SEZ များကို ပို့ကုန်ထုတ်လုပ်မှုဇုန်များအဖြစ် သတ်မှတ်ရွေးချယ်ပြီး ထုတ်ကုန်များတင်ပို့ရန်အသင့် ဖြစ်နေချိန်တွင် အထည်ချုပ်ပစ္စည်းများအတွက်သွင်း ကုန်ဂျူတီခွန်ကင်းလွတ်ခွင့် (CMP သို့မဟုတ် FOB ထုတ်လုပ်မှုအတွက်)ပေးခြင်းဖြင့်အထည်ချုပ်ထုတ်လုပ် သူများ၏ နိုင်ငံတကာယှဉ်ပြိုင်မှုအတွက် အခြေခံလက် နက်တစ်ခုအနေဖြင့် ပံ့ပိုးပေးရာရောက်ပါ သည်။ | ၁ | လုပ်ငန်းတွင်ပါ ဝင်ပတ်သက်လုပ် ကိုင်သူများအား လုံး | ပို့ကုန် ထုတ်လုပ် မှုဇုန်အဖြစ်ခွင့်ပြု ဆောင်ရွက်ပြီး | စီးပွားရေး နှင့်ကူးသန်း ရောင်းဝယ် ရေးဝန်ကြီး ဌာန | ဘဏ္ဍာရေးဝန်ကြီး ဌာန*စက်မှုဝန်ကြီး ဌာန၊ UMFCCI၊ မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင်များ အသင်း၊ ပို့ဆောင်ရေး ဝန်ကြီး ဌာန******** | | Forgone Customs revenue |
| | ၃.၁.၅ SEZကို ကိုယ်ပိုင်ပိုင်ဆိုင်မှု (သို့) ကိုယ်ပိုင်အဖြစ် စီမံခန့်ခွဲမှုစနစ်ဟုယူဆပြီး တင်ဒါဈေးပြိုင်စနစ်ဖြင့် နိုင်ငံခြားကုမ္ပဏီများမပါ ဝင်ယှဉ်ပြိုင်နိုင်အောင်ဖွင့်လှစ် ဆောင်ရွက်ပေးခြင်းအားဖြင့်အတွေ့အကြုံများစွာရှိ သောကုမ္ပဏီများကို ဆွဲဆောင်နိုင်ပြီးယှဉ်ပြိုင်မှုရှိသော နှုန်းထားများကို ကောက်ခံနိုင်မည်ဖြစ်သည်။ | ၁ | အထည်ချုပ်စက် ရုံများနှင့် ၎င်းတို့ ကိုပံ့ပိုးနေသောစီး ပွားရေးလုပ်ငန်း များ | SEZ ၉၀ ရာခိုင် နှုန်း လုပ်ကိုင်ပြီး | စက်မှုဝန်ကြီး ဌာန | ဘဏ္ဍာရေးဝန်ကြီး ဌာန* မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင်များ အသင်း၊ | | မရှိပါ |
| | ၃.၁.၆ ဇုန်ဒေသတွင် အဓိကကျသော အခြေခံ အဆောက်အအုံများကို ဇုန်အတွက် အထူးစီမံထား သော လျှပ်စစ်ဓါတ်အားစနစ်၊ စွန့်ပစ်ရေဆိုး ထုတ်လုပ် စီမံသည့်စက်ရုံ၊လမ်းများ၊တယ်လီဖုန်းဆက်သွယ်ရေး စနစ်နှင့်သင်တန်းကျောင်းအတွက်လိုအပ်သည့် သင ထောက်ကူ ပစ္စည်းတို့ အပါအဝင် စီစဉ်ပံ့ပိုးပေးရမည်။ | ၁ | အသေးစားနှင့်အ လတ်စားအထည် ချုပ်လုပ်ငန်းများ နှင့် အလျှင်အမြန် ရင်းနှီးမြှုပ်နှံ သူများ | | စက်မှုဝန်ကြီး ဌာန | ဆောက်လုပ်ရေးဝန် ကြီးဌာန၊ရထားပို့ ဆောင်ရေးဝန်ကြီး ဌာန **** ပို့ဆောင်ရေးဝန်ကြီး ဌာန*** ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့်နည်း ပညာဝန်ကြီးဌာန ******** စွမ်းအင်ဝန်ကြီးဌာန *********၊ စီးပွား/ကူးသန်း | | ခန့်မှန်းခြေအား ဖြင့် ၃၀၀,၀၀၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ဝန်ကြီးဌာန၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန*********၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ၊ နိုင်ငံခြားအကြံပေးပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ********** စီမံ/စီးပွားဝန်ကြီးဌာန**၊ဘဏ္ဍာရေးဝန်ကြီးဌာန* ပြည်ထဲရေးဝန်ကြီးဌာန၊UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ | | |
| ၃.၂ အထည်ချုပ်စက်ရုံများ တည်ရှိနေသောလက်ရှိစက်မှုဇုန်များသို့လျှပ်စစ်ဓါတ်အားလုံလောက်စွာပေးနိုင်ရေးသေချာစွာဆောင်ရွက်ပေးရမည်။ | ၃.၂.၁ စက်မှုဇုန်များသို့ လျှပ်စစ်ဓါတ်အားပေးခြင်းစနစ်ကိုရုပ်ဆိုင်း၍ ဇုန်အတွင်း ကုန်ထုတ်လုပ်သူများမှကိုယ်ပိုင်လျှပ်စစ်ဓါတ်အားပေးစနစ်ကိုဖော်ထုတ်ဆောင်ရွက်ရန်အစီအစဉ်ကိုပယ်ဖျက်ပေးရမည်။ထိုအစီအစဉ်သည် အထည်ချုပ်စက်ရုံများအတွက် အဓိကကျသောနည်းပညာနှင့် ဘဏ္ဍာရေးပြဿနာများဖြစ်ပြီးရင်းတို့၏ယှဉ်ပြိုင်မှုကိုတဖြည်းဖြည်းယုတ်လျော့စေနိုင်ပြီးရင်းနှီးမြှုပ်နှံသူများကိုစက်ရုံသစ်များစတင်တည်ထောင်ရန် အတားအဆီးဖြစ်စေသည်။ | ၁ | လက်ရှိနှင့်အနာဂါတ်ဇုန်တွင်မြေဌားရမ်းသူများ | ပြည်သူ့လျှပ်စစ်ဓါတ်အားပေးစနစ်ကိုဇုန်အတွင်းဆက်လက်သုံးစွဲခြင်း | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊********* | ဘဏ္ဍာရေးဝန်ကြီးဌာန* | | မရှိပါ |
| | ၃.၂.၂ နိုင်ငံတော်လျှပ်စစ်ဓါတ်အားလိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် လက်ရှိတည်ရှိနေသောအထည်ချုပ်လုပ်ငန်း အစုအဖွဲ့နေရာများကို ဦးစားပေးဆောင်ရွက်ရမည်။ ဥပမာအားဖြင့် လျှပ်စစ်ဓါတ်အားလိုင်းခွဲများကို အထည်ချုပ်စက်ရုံများအတွက် စီစဉ်ပေးရမည်။ | ၁ | အထည်ချုပ်စက်ရုံများနှင့်အထောက်အပံ့ပေးနေသောစီးပွားရေးလုပ်ငန်းများ | အထည်ချုပ်လုပ်ငန်းCEOဇုဂရာခိုင်နှုန်းကိုလေ့လာမှုအရလျှပ်စစ်ဓါတ်အားပေးမှုအပေါ်ကျေနပ်မှုရှိခြင်း | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊********* | ဘဏ္ဍာရေးဝန်ကြီးဌာန*စက်မှုဝန်ကြီးဌာန၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ | | မရှိပါ |
| | ၃.၂.၃ အများပြည်သူမူဝါဒအရဆိုလျှင်နိုင်ငံပိုင်လျှပ်စစ်စွမ်းအင်ကုမ္ပဏီများက အထည်ချုပ်စက်ရုံများကို နိုင်ငံ | ၂ | အထည်ချုပ်စက်ရုံများနှင့်အထောက် | ထုတ်လုပ်သူများအတွက်နိုင်ငံတကာ | လျှပ်စစ်စွမ်းအားဝန်ကြီး | ဘဏ္ဍာရေးဝန်ကြီးဌာန* | | Forgone revenue |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | တကာယှဉ်ပြိုင်နိုင်မှုရှိသော စက်မှုလုပ်ငန်းအခွန်နှုန်းထားဖြင့် သုံးနိုင်ရန်စီစဉ်ပေးရမည်။ | | အပုံပေးနေသော စီးပွားရေးလုပ်ငန်းများ | နှင့်ယှဉ်ပြိုင်နိုင်သော လျှပ်စစ်အခွန်နှုန်းထားများသတ်မှတ်ခြင်း | ဌာန********* | စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ | | |
| ၃.၃ကွန်တိန်နာရပ်နားစခန်းများကို တိုးချဲ့တည်ဆောက်၍ မြန်မာ့အဝတ်အထည်များကို ပြည်ပသို့တင်ပို့ရာတွင် ကုန်ကျစရိတ်လျှော့ချနိုင်စေရန် | ၃.၃.၁ ပုဂ္ဂလိကကွန်တိန်နာရပ်နားရန်နေရာများအား ငှားရမ်းခလျှော့ချပေးရမည်။ | ၁ | လုပ်ငန်းတွင်ပတ်သက်လုပ်ကိုင်နေသူများ | | ပို့ဆောင်ရေးဝန်ကြီးဌာန******** | ဘဏ္ဍာရေးဝန်ကြီးဌာန* စက်မှုဝန်ကြီးဌာန UMFCCI၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ | | Forgone revenue |
| | ၃.၃.၂ ကွန်တိန်နာရပ်နားစခန်းများ အသုံးပြုရန် မြေနေရာတိုးချဲ့ပေးခြင်းဖြင့် ကုမ္ပဏီများကို လုပ်ငန်းပိုမိုလည်ပတ်စေပြီး ယှဉ်ပြိုင်မှုများတိုးပွားလာစေ၍ ကုန်ကျစရိတ် သက်သာစွာဖြင့်လုပ်ကိုင်နိုင်စေမည်ဖြစ်ပါသည်။ | ၁ | လုပ်ငန်းတွင်ပတ်သက် လုပ်ကိုင်နေသူများ | | ပို့ဆောင်ရေးဝန်ကြီးဌာန******** | ဘဏ္ဍာရေးဝန်ကြီးဌာန* စက်မှုဝန်ကြီးဌာန၊ UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ | | |
| | ၃.၃.၃ ကဏ္ဍအတွက် စည်းမျဉ်းများချမှတ်ခြင်း၊ ဆွဲဆောင်မှုရှိသော အစီအစဉ်များစီစဉ်ပေးခြင်းဖြင့် ခေတ်မီဆိပ်ကမ်းစီမံခန့်ခွဲမှုစနစ်များအသုံးပြုခြင်းကို လုပ်ပိုင်ခွင့်/ ဆွဲဆောင်နိုင်မှု/ရရှိစေရန်လုပ်ဆောင်ရမည်။ | ၁ | လုပ်ငန်းတွင်ပတ်သက် လုပ်ကိုင်နေသူများ | | ပို့ဆောင်ရေးဝန်ကြီးဌာန******** | ဘဏ္ဍာရေးဝန်ကြီးဌာန* စက်မှုဝန်ကြီးဌာန၊ UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊ | | မရှိပါ။ဆွဲဆောင်မှုရှိသောအစီအစဉ်များမှရင်းနှီးမြှုပ်နှံရန်မတည်ငွေအတွက်မှအပ။ |

## မဟာဗျူဟာဦးတည်ချက် (၄)- အလုပ်သမားများအား ကာကွယ်ပေးမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းပညာနှင့် အလေ့အကျင့်များ ကျယ်ပြန့်စွာ လက်ခံကျင့်သုံးစေရန်

| လုပ်ငန်းပိုင်းဆိုင်ရာဦး တည်ချက် | ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ | ဦးစား ပေး ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံ စားခွင့်ရှိသူ များ | ဦးတည်သော အတိုင်းအတာ | ဦးဆောင် အကောင် အထည် ဖော်မည့် ဌာန/အဖွဲ့ အစည်း | အထောက်အကူ ပေးမည့်ဌာန/ အဖွဲ့အစည်း | လက်ရှိစီမံ ကိန်းများ နှင့်ရရှိလာ နိုင်ချေရှိ သည့် အထောက် အပံ့များ | ခန့်မှန်း ကုန်ကျ စရိတ် (အမေရိကန် ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၄.၁ အထည်အလိပ်နှင့်အဝတ် အထည် စက်ရုံများအားလုံးကို စွန့်ပစ်ရေဆိုး စီမံသည့်စနစ်နှင့်ချိတ်ဆက်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏အရေးပါသည့် ရေအရင်း အမြစ်များအားထိန်းသိမ်းရန် | ၄.၁.၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်တွင် ဖွဲ့စည်းထားရှိ) မှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်ဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများအနေနှင့် ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အထူးပြုဆောင်ရွက်နေသည့် INGO များနှင့် NGOများထံမှ အကောင်းဆုံးနှင့် လက်တွေ့ အသုံးချထားသည့် ဥပဒေသများ၊ စည်းမျဉ်းများနှင့် စောင့်ကြည့်စစ်ဆေးသည့်စနစ်များကို သင်တန်းတက်ရောက် လေ့လာ ရန်။ | ၂ | နိုင်ငံတော် နှင့်ပြည်သူ များ | ဥပဒေမူကြမ်းနှင့် ထိန်းသိမ်းစောင့် ရှောက်ရေးစီမံကိန်း များပြင်ဆင်ခြင်း | ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တော ရေးရာဝန်ကြီး ဌာန ********** | ပြန်ကြားရေးဝန်ကြီး ဌာန၊INGOs, NGOs,UMFCCI, မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင်များ အသင်း၊စက်မှုဝန် ကြီးဌာန၊စီးပွား/ ကူးသန်းဝန်ကြီး ဌာန၊ကျန်းမာရေး ဝန်ကြီးဌာန | | ၁၅၀,၀၀၀ |
| | ၄.၁.၂ စွန့်ပစ်ရေဆိုးဆိုင်ရာစည်းမျဉ်းများအတွက် ရှင်းလင်းတိကျသောအကောင်အထည်ဖော်လမ်းညွှန်ချက်များနှင့်လိုက်နာရန်ပျက်ကွက်လျှင် ပြစ်ဒဏ်ပေးခြင်းတို့အတွက် အသေးစိတ် ရှင်းလင်း ဖော်ပြရန် | ၂ | နိုင်ငံတော် နှင့်ပြည်သူ များ | စည်းမျဉ်းများထုတ် ပြန်ခြင်းနှင့်ပြစ် ဒဏ်များသတ်မှတ် ခြင်း | ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်သစ်တော ရေးရာဝန်ကြီး ဌာန ********** | ပြန်ကြားရေးဝန်ကြီး ဌာန၊INGOs, NGOs,UMFCCI, မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင်များ အသင်း၊ စက်မှုဝန်ကြီးဌာန၊ စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ | | မရှိပါ(သို့ သော်လည်း အကောင်း ဆုံးလေ့ကျင့် မှုများအ တွက်နည်း ပညာအ ထောက်အပံ့ လိုအပ်ပါ သည်။) ၁၀၀,၀၀၀ |
| | ၄.၁.၃ အထည်ချုပ်စက်ရုံပိုင်ရှင်များနှင့် မန်နေဂျာများ အား ရေထုညစ်ညမ်းခြင်း၏ဆိုးကျိုးများ၊ စွန့်ပစ်ရေဆိုးများ စီမံဆောင်ရွက်ခြင်းဆိုင်ရာ အကောင်းဆုံးလေ့ကျင့်မှုများ၊ လိုက်နာရမည့်စည်းမျဉ်းများနှင့် ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များအား သိရှိလေ့လာစေရေး လှုံ့ဆော်ဆွေးနွေးပွဲများပြုလုပ်ပေးရန်။ | ၂ | နိုင်ငံတော် နှင့် ပြည်သူ များ | စက်ရုံ CEO များ ၏ ၉၀ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက် လျက်ရှိခြင်း | ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်သစ်တော ရေးရာဝန်ကြီး ဌာန ********** | ပြန်ကြားရေး ဝန်ကြီးဌာန INGOs,NGOs, UMFCCI,မြန်မာ နိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များ အသင်း၊စက်မှု ဝန်ကြီးဌာန၊ | | ၅၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန | | |
| | ၄.၁.၄ အထည်ချုပ်စက်ရုံများအားလုံးရှိ ပိုင်ရှင် များနှင့် မန်နေဂျာများအား စွန့်ပစ်ရေဆိုးများ စီမံခန့်ခွဲခြင်းနှင့်လုပ်ထုံးလုပ်နည်းများအတွက် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်စေရန်အကောင်းဆုံးလေ့ကျင့်မှုပုံစံများကို သိရှိလေ့လာစေရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း (ရန်ကုန်အနီးတဝိုက်အခြေစိုက်ထားသောစက်ရုံ ၂၀၀ ကျော်မှုနှင့်စက်ရုံများ၏ ကိုယ်စားလှယ်များကို အလုပ်ရုံဆွေးနွေးပွဲ ၁၀ ခု (သို့) ၎င်းထက်နည်းသော ဆွေးနွေးပွဲများကျင်းပ၍ လေ့ကျင့်သင်ကြားပေးခြင်း ပြုလုပ်နိုင်သည်။) | ၂ | နိုင်ငံတော်နှင့် ပြည်သူများ | စက်ရုံကိုယ်စားလှယ်များ၏ဇဝရာခိုင်နှုန်းကိုလေ့ကျင့်သင်ကြားပြီးဖြစ်ခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ********* | ပြန်ကြားရေးဝန်ကြီးဌာနINGOs,NGOs, UMFCCI,မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊စက်မှုဝန်ကြီးဌာန၊ စီးပွား/ကူးသန်း၊ ကျန်းမာရေး ဝန်ကြီးဌာန၊ | | ၂၀၀,၀၀၀ |
| ၄.၂ မြန်မာ့စက်မှုလုပ်ငန်းတည်ထောင်ခြင်းကို ရေရှည်အကျိုးပြုသည့် နည်းလမ်းဖြင့် စတင်နိုင်ရန် ခေတ်မွေ့ထုတ်လုပ်မှုနည်းပြီး စွမ်းအင်ချွေတာသည့် စက်ပစ္စည်းနှင့် ကိရိယာများ အသုံးပြုခြင်းကို အားပေးဆောင်ရွက်ရန်။ | ၄.၂.၁ အထည်ချုပ်စက်ရုံပိုင်ရှင်များနှင့် မန်နေဂျာများ အား ပတ်ဝန်းကျင်စီမံလန်းရေးကို ဦးတည်သည့် ၏နည်းပညာအမျိုးမျိုးကိုအသုံးပြုခြင်းဖြင့်ရရှိနိုင်သည့် ကုန်ကျစရိတ်သက်သာခြင်းနှင့် အမှတ်တံဆိပ်တန်ဖိုးတို့၏ ရေရှည်စီးပွားရေး အကျိုးရလာဒ်များအား လေ့လာသိရှိစေရန် အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခြင်း။ | ၂ | နိုင်ငံတော် ပြည်သူများနှင့်ထုတ်လုပ်သူများ | စက်ရုံCEOများ၏ ဇဝရာခိုင်နှုန်းမျှပါဝင်ဆောင်ရွက်လျက်ရှိခြင်း | စွမ်းအင်ဝန်ကြီးဌာန ********* | INGOs,NGOs, UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန****** စက်မှုဝန်ကြီးဌာန၊စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ အကြံပေးများ၊ ကျန်းမာရေး ဝန်ကြီးဌာန | | ၅၀,၀၀၀ |
| | ၄.၂.၂ အထည်ချုပ်စက်ရုံများအားလုံးရှိ ပိုင်ရှင်များနှင့် မန်နေဂျာများအား စွမ်းအင်ချွေတာရေးနှင့်ခေတ်မွေ့ထုတ်လုပ်မှုနည်းပါးစေရေးထိန်းသိမ်းခြင်းတို့အတွက် အကောင်းဆုံးလေ့ကျင့်မှုပုံစံများကို သိရှိလေ့လာစေရေး အလုပ်ရုံဆွေးနွေးပွဲများနှင့်နီးနှောဖလှယ်ပွဲများကျင်းပပေးခြင်း(ရန်ကုန်အနီးတဝိုက် အခြေစိုက်ထားသော စက်ရုံ ၂၀၀ ကျော်မှုနှင့် စက်ရုံများ၏ ကိုယ်စားလှယ်များကိုအလုပ်ရုံဆွေးနွေးပွဲ ၁၀ ခု (သို့) ၎င်းထက် နည်းသော ဆွေးနွေးပွဲများ ကျင်းပ၍ လေ့ကျင့် သင်ကြားပေးခြင်းပြုလုပ်နိုင် သည်။) | ၂ | နိုင်ငံတော် ပြည်သူများနှင့်ထုတ်လုပ်သူများ | စက်ရုံကိုယ်စားလှယ်များ၏ဇဝရာခိုင်နှုန်းကိုလေ့ကျင့်သင်ကြားပြီးဖြစ်ခြင်း | စွမ်းအင်ဝန်ကြီးဌာန ********* | INGOs,NGOs, UMFCCI,အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ****** စက်မှုဝန်ကြီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ အကြံပေးများ၊ ကျန်းမာရေး ဝန်ကြီးဌာန၊ | | ၂၀၀,၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄.၃ အလုပ်သမားများအား လုံလောက်ကောင်းမွန်သည့် လေ၀င်လေထွက်စနစ်နှင့် ကာကွယ်မှုအပြည့်ရှိသည့် ကိရိယာများပံ့ပိုးပေးရန်။ | ၄.၃.၁ လုပ်ငန်းခွင်တွင်းအန္တရာယ်ရှိသော နေရာများသို့ အလုပ်သမားများသွားရောက်ခြင်းကို ကန့်သတ်ထားသော စည်းမျဉ်းများအတွက် ရှင်းလင်းတိကျသော လမ်းညွှန်ချက်များနှင့် ယင်းတို့ကို လိုက်နာရန် ပျက်ကွက်သဖြင့် ပြစ်ဒဏ်ပေးခြင်းများအတွက် အသေးစိတ်ဖော်ပြဆောင်ရွက်ရန်၊ | ၂ | အလုပ်သမားများ၊အလုပ်ရှင်များ၊ထုတ်လုပ်သူများ၊၀ယ်ယူသူ များ | စည်းမျဉ်းများထုတ်ပြန်ခြင်းနှင့်ပြစ်ဒဏ်များသတ်မှတ်ခြင်း | အလုပ်သမားလူ၀င်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၀န်ကြီးဌာန | ပြန်ကြားရေး၀န်ကြီးဌာန၊INGOs, NGOs,UMFCCI, အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ စက်မှု၀န်ကြီးဌာန၊ စီးပွား/ကူးသန်း၀န်ကြီးဌာန၊ ကျန်းမာရေး၀န်ကြီးဌာန၊ | | မရှိပါ (သို့သော်လည်းအကောင်းဆုံးလေ့ကျင့်မှုများအတွက်နည်းပညာအထောက်အပံ့လိုအပ်ပါသည်။) ၁၀၀,၀၀၀ |
| | ၄.၃.၂ စက်မှုလုပ်ငန်းခွင်၏ အန္တရာယ်များနှင့် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် မိမိတို့အတွက်သာမက နိုင်ငံ၏ တိုးတက်မှုအတွက် စိတ်ချလုံခြုံသောလုပ်ငန်းခွင်တစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရန် တာ၀န်၀တ္တရားများအား သိရှိလေ့လာစေရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများပြုလုပ်ရန် | ၂ | အလုပ်သမားများ၊၀န်ထမ်းများ၊ထုတ်လုပ်သူများနှင့်၀ယ်ယူသူများ | စက်ရုံCEOများ၏ဇုဂရာခိုင်နှုန်းပါ၀င်ဆောင်ရွက်လျက်ရှိခြင်း | အလုပ်သမားလူ၀င်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၀န်ကြီးဌာန | ပြန်ကြားရေး၀န်ကြီးဌာန၊ INGOs,NGOs, UMFCCI, မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊စက်မှု၀န်ကြီးဌာန၊စီးပွား/ကူးသန်း၀န်ကြီးဌာန၊ကျန်းမာရေး၀န်ကြီးဌာန | | ၅၀၀၀၀ |
| | ၄.၃.၃ အထည်ချုပ်စက်ရုံများအားလုံးရှိ ပိုင်ရှင်များ၊ မန်နေဂျာများနှင့် အလုပ်သမားများအားလုပ်ငန်းခွင် လုံခြုံစိတ်ချမှုရှိစေရေးအတွက်အကောင်းဆုံး လေ့ကျင့်မှုပုံစံများကို သိရှိလေ့လာစေရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် နှီးနှောဖလှယ်ပွဲများကျင်းပပေးခြင်း (ရန်ကုန်အနီးတ၀ိုက် အခြေစိုက်ထားသော စက်ရုံ ၂၀၀ ကျော်ခန့်နှင့် စက်ရုံများ၏ ကိုယ်စားလှယ်များကို အလုပ်ရုံဆွေးနွေးပွဲ ၁၀ခု(သို့) ၎င်းထက် နည်းသောဆွေးနွေးပွဲများ ကျင်းပ၍ လေ့ကျင့်သင်ကြားပေးခြင်း ပြုလုပ်နိုင်သည်။) | ၂ | အလုပ်သမားများ၊အလုပ်ရှင်များ ၊ ထုတ်လုပ်သူများနှင့် ၀ယ်ယူသူများ | စက်ရုံများရှိအဆင့်မြင့်ကိုယ်စားလှယ်များ၏ဇုဂရာခိုင်နှုန်းခန့်ကိုလေ့ကျင့်သင်တန်းပေးခြင်း | အလုပ်သမားလူ၀င်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၀န်ကြီးဌာန | ပြန်ကြားရေး၀န်ကြီးဌာန၊INGOs, NGOs,UMFCCI, အထည်ချုပ်လုပ်ငန်းရှင်များအသင်း စက်မှု၀န်ကြီးဌာန၊ စီးပွား/ကူးသန်း၀န်ကြီးဌာန၊ကျန်းမာရေး၀န်ကြီးဌာန၊ | | ၂၀၀,၀၀၀ |

| | |
|---|---|
| * | ယခု စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိ ပါသည်။ |
| ** | ယခု စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| *** | ယခု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| **** | ယခု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ***** | ယခု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ****** | ယခု ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ******* | ယခု လယ်ယာစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ******** | ယခု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ********* | ယခု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |
| ********** | ယခု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။ |

# စာစုစာရင်း

# BIBLIOGRAPHY

International Trade Centre (2013). Trade Map Database. Available from www.trademap.org. Accessed 1 November.

Kudo, T. (2012). How has the Myanmar garment industry evolved? In *Dynamics of the Garment Industry in Low-Income Countries: Experience of Asia and Africa (Interim Report)*, Fukunishi, ed. Institute of Developing Economies, Japan External Trade Organization.

Soe, A. K. (2012). Overview of Myanmar textile industries and investment opportunity for Thai investors. PowerPoint presentation. Available from www.thaitextile.org/tdc/wp-content/uploads/2011/08/Bangkok-Seminar.pdf.

United Nations Industrial Development Organization (2003). *The Global Apparel Value Chain: What Prospects for Upgrading by Developing Countries.* Vienna: United Nations Industrial Development Organization.

United Nations Statistics Division (2011). *Myanmar*. Available from http://data.un.org/CountryProfile.aspx?crName=MYANMAR.

United Nations Statistics Division (2010). *The World's Women 2010: Trends and Statistics.* New York: United Nations.

World Bank (2014,). Labor force, total. Available from http://data.worldbank.org/indicator/ SL.TLF.TOTL.IN. Accessed 19 February.

Myanmar Ministry of Commerce

**Postal address:** Office No.3, Zeya Htani Road
Nay Pyi Taw
**Phone:** +95 67 408495 / +95 67 408266
**Fax:** +95 67 408256
**E-mail:** nesmyanmar@gmail.com

International Trade Centre

**Street address:** 54-56, rue de Montbrillant
1202 Geneva, Switzerland
**Postal address:** Palais des Nations
1211 Geneva 10, Switzerland
**Telephone:** +41-22 730 0111
**Fax:** +41-22 733 4439
**E-mail:** itcreg@intracen.org
**Internet:** www.intracen.org

Federal Ministry
for Economic Cooperation
and Development

giz Deutsche Gesellschaft
für Internationale
Zusammenarbeit (GIZ) GmbH